ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင် ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 16 October 2017 (၉၀၇၉)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC – 1) တွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်ကြသော ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့**

# အမျိုးသားပြန်လည်သင့်မြတ်ရေးတာဝန်ကို နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ အပြန်အလှန် ညှိနှိုင်းပူးပေါင်းသွားကြမယ်ဆိုရင် ငြိမ်းချမ်းရေးပန်းတိုင်ကို အဆုံးတိုင် ဆုပ်ကိုင်နိုင်မှာဖြစ်

နေပြည်တော် အောက်တိုဘာ ၁၅

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

အခု ကျွန်မတို့ရဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ရောက်ရှိလာတဲ့ ဧည့်သည်တော်ကြီးများအားလုံးကို ငြိမ်းချမ်းရေးကိုလိုချင်ကြတဲ့ ပြည်သူပြည်သားများ အားလုံးကိုယ်စား ကျွန်မအနေနဲ့ ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ဒီလို နှစ်ပတ်လည် အခမ်းအနားတွေလုပ်တယ်ဆိုတာ အတိတ်ကမမေ့သင့်တဲ့ ကိစ္စများကို ကျွန်မတို့သတိရပြီးတော့ ပစ္စုပ္ပန်နဲ့ အနာဂတ်မှာ လုပ်သင့်တဲ့ ကိစ္စများကို သတိပြုမိဖို့ဖြစ်ပါတယ်။

**"NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေရဲ့ နယ်မြေဒေသတွေမှာ ပဋိပက္ခတွေ လျော့ချနိုင်ခဲ့ပြီး ဒေသခံပြည်သူလူထုတွေရဲ့ လူမှု-ဘဝတွေဟာ သိသိသာသာ တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။**

**ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေအဖြစ် လက်ရှိကာလမှာ ရရှိခံစားနေရတာက ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူတွေပဲ ဖြစ်ပါတယ်။"**

ဒါကြောင့်မို့ ကျွန်မတို့ဒီနေ့မှာဆိုရင် အတိတ်ကတုန်းက ကျွန်မတို့ငြိမ်းချမ်းရေးအတွက် ဘယ်လိုကြိုးပမ်းခဲ့တယ်ဆိုတဲ့ကိစ္စကို အချို့တင်ပြသလို နောင်အနာဂတ်အတွက် ကျွန်မတို့ဘယ်လိုဆက်လက်ပြီးတော့ ကြိုးပမ်းဖို့ရည်ရွယ်ချက်ရှိသလဲဆိုတာ တင်ပြချင်ပါတယ်။ ဒီကနေ့ဟာဆိုရင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးခဲ့တာ (၂)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ကျွန်မတို့အစိုးရ နိုင်ငံ့တာဝန်ရယူထမ်းဆောင်ခဲ့ချိန်မှာ NCA လက်မှတ်ရေးထိုးပြီးတဲ့ အဖွဲ့တွေ ရှိနေပါပြီ။ လက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ NCA အရ ပေါ်ပေါက်လာတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်တွေခိုင်မာအောင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committee-JMC) နဲ့ ဆောင်ရွက်နေသလို တစ်ချိန်တည်းမှာပဲ နိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းတွေ ပေါ်လာအောင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee-UPDJC) ကနေ တာဝန်ယူဆောင်ရွက်ခဲ့ရပါတယ်။ JCM ဘက်မှာ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။**

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

## ကြေးမုံ

# ငြိမ်းချမ်းရေးအတွက် ခရီးဆက်

မြန်မာနိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတို့ကို ဖြေရှင်းရန် ရည်ရွယ်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးခြင်းသည် ငြိမ်းချမ်းရေးခရီးအတွက် အရေးကြီးသော ခြေလှမ်းဖြစ်သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ (NCA) သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သောကြောင့် ယနေ့ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း နှစ်နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။

NCA သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီး တစ်နှစ်နီးပါးကာလ ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးကျင်းပခဲ့သည်။ ထို့နောက် ၂၀၁၇ ခုနှစ် မေလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ထပ်မံကျင်းပနိုင်ခဲ့ပြီးနောက် လေးလတာကာလအကြာတွင် ယခုကဲ့သို့ NCA လက်မှတ်ရေးထိုးခြင်း အထိမ်းအမှတ် အခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။

NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာတို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးကို ရှေးရှုကာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက် NCA စာချုပ်ပါအချက်များ အကောင်အထည်ပေါ်လာစေရန် နိုင်ငံရေးလမ်းပြမြေပုံတွင် ချမှတ်ထားသည့်အတိုင်း အခက်အခဲများကြားမှ မျက်ခြည်မပြတ်ဖော်ဆောင်နေသည်ကို ရှုမြင်ရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးခရီး နှစ်နှစ်တာကာလအတွင်း တိုးတက်မှုများရှိသလို စိန်ခေါ်မှုနှင့် အခက်အခဲများလည်း ရှိခဲ့သည်။ ငြိမ်းချမ်းရေးခရီးအတွက် NCA သည် အရေးပါသည့်လုပ်ဆောင်ချက်ဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲမှ ငြိမ်းချမ်းရေးခရီးဆက်နိုင်မည်ဖြစ်သည်။ NCAတွင် လက်မှတ်မရေးထိုးမီကာလထက် လက်မှတ်ရေးထိုးပြီး နှစ်နှစ်တာကာလအတွင်း လက်နက်ကိုင်တိုက်ပွဲများ သိသာစွာ လျော့ကျသွားသည်မှာ NCA လက်မှတ်ရေးထိုးခြင်း၏ အနှစ်သာရပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီးနောက်ပိုင်း ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံများ မငြိမ်းချမ်းမှုများ၊ ပြည်တွင်းစစ်ပွဲများနှင့် ကြုံတွေ့ခဲ့ရသည်။ အချိန်ကာလအတိုင်းအတာတစ်ခုတွင် ငြိမ်းချမ်းရေးကိုရယူနိုင်ခဲ့သည်။ စစ်ပွဲများကို အဆုံးသတ်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေးမရသေးသော၊ စစ်ပွဲများကိုအဆုံးမသတ်နိုင်သေးသောနိုင်ငံမှာ မြန်မာနိုင်ငံ တစ်နိုင်ငံသာ ကျန်တော့သည်။ ဒုတိယကမ္ဘာစစ်အပြီး ပြည်တွင်းစစ်မီးများနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ အဆုံးမသတ်နိုင်သည်မှာ နှစ်ပေါင်း ၇၀ ပင်ရှိလာပြီ။ ထို့ကြောင့် လူထုအစိုးရက ငြိမ်းချမ်းရေးခရီး မနီးနီးအောင် အခက်အခဲများအကြားမှ ရုန်းကန်အားထုတ်နေရသည်။

ငြိမ်းချမ်းရေးကို လူထုအစိုးရကသာ လိုလားနေသည်မဟုတ်၊ ရယူလိုသည်မဟုတ်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လိုလားကြသည်၊ ရယူလိုကြသည်။ အစိုးရတစ်ရပ်တည်းက ကြိုးပမ်းနေသည်မဟုတ်။ လူထုအစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူ့ကိုယ်စားလှယ်များ အားလုံးကြိုးပမ်းဆောင်ရွက်နေကြသည်။ အစိုးရတစ်ရပ်တည်း၏ သဘောတည်းသာမဟုတ်၊ အားလုံးသဘောတူညီမှု ပြည်ထောင်စုကြီးအတွက် ဘုံအကျိုးစီးပွားထုတ်၍ ကြိုးပမ်းနေကြသည်။

လက်နက်ကိုင်ပဋိပက္ခများ၏ မူလဇစ်မြစ်မှာ နိုင်ငံရေးပြဿနာများမှ အခြေတည်သည်။ လွတ်လပ်ရေးရလုနီးသောအခါတွင် နိုင်ငံရေးအကွဲအပြဲ၊ လွတ်လပ်ရေးရပြီးသောအခါတွင်လည်း နိုင်ငံရေးအကွဲအပြဲ ယင်း၏ ဆိုးမွေသံသရာမှာ ယနေ့ထက်တိုင်ဖြစ်သည်။ သို့ဖြစ်ရာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် ညီညွတ်မှု၊ ပေါင်းစည်းမှု၊ ယုံကြည်မှုများနှင့် ငြိမ်းချမ်းရေးခရီးလမ်းတွင် ပါဝင်လျှောက်လှမ်းကြပါရန် အလေးအနက်မေတ္တာရပ်ခံပါသည်။ ။

# ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များဆောင်ရွက်ရန်အတွက် စကွယ်စော်ဘွား စဝ်စိန်လင်းက ငွေကျပ် သိန်း ၅၀ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ငြိမ်းချမ်းရေးရန်ပုံငွေ (NRC-Peace Fund)သို့ ငွေလှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ် (၁၅၈)နေ စကွယ်စော်ဘွား စဝ်စိန်လင်းက ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**



# ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ ရွေးချယ်

**ရပ်စောက် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က ရပ်စောက်မြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေမှုစာရင်းနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာတို့အား အမှုဆောင်များက ဖတ်ကြားတင်သွင်းခဲ့ကြပြီး အတည်ပြုချက်ရယူရာ တက်ရောက်လာသူများက ကန့်ကွက်ရန်မရှိသဖြင့် အတည်ပြုခဲ့ကြသည်။

သက်တမ်းပြည့်မြောက်၍ နုတ်ထွက်ပြီးဖြစ်သော ဒါရိုက်တာအဖွဲ့ဝင်များ ပြန်လည်ရွေးချယ်ခြင်းကို ကော်မတီအဖွဲ့မှ ဆက်လက်ဆောင်ရွက်ပြီး ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သက်သက်ညိုက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော အသင်းသားများက အသစ်ပြန်လည်ဖွဲ့စည်းသည့် အမှုဆောင်သစ်များကို တင်သွင်းခြင်း၊ ထောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ရွေးချယ်ခံရသည့် အမှုဆောင်ဒါရိုက်တာ ကိုးဦးတို့က ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌထံမှ ကတိသစ္စာခံယူခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယာဉ်တိုက်မှုဖြစ်စဉ် ကျဆင်းရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**ပဲခူး အောက်တိုဘာ ၁၅။** ။ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ဖွဲ့ ပဲခူးရထားရဲစခန်းမှ စခန်းမှူးရဲအုပ်စိုးမြင့်ဦးစီးသောအဖွဲ့သည် ရထားနှင့်ပတ်သက်သော ဥပဒေနှင့်မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက်က ပဲခူးမြို့ ရွာသစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ရထားကြိတ်မှုဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားရေးတို့ကို ထည့်သွင်းဟောပြောခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေများချပြရှင်းလင်းခဲ့ကာ တာဝန်ရှိသူများနှင့်အတူ ဒေသခံ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**




# ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် သက်ကြီးဆရာကန်တော့ပွဲကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၅**

မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးဦးစီးဌာန မိသားစုဝင်များက ဦးစီးကျင်းပသော ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အငြိမ်းစားအသက်(၇၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက အမက(မင်းကျောင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် မြတ်ဆရာသီချင်းဖြင့် သီဆိုပူဇော်ပြီး ဦးဆောင်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပညာရေးမှူး ဦးမြင့်သွင်က အဖွင့်အမှာစကားပြောကြားသည်။ သက်ကြီး ဆရာ ဆရာမ ၇၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ နှင့် ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။ ကျင်းပရေးကော်မတီဝင် ဦးဌေးလှိုင်၊ ဘဏ္ဍာရေးကော်မတီဝင် ဦးဟန်မြင့်တို့က ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကန်တော့ခံဆရာကြီးတစ်ဦးက ဩဝါဒစကားပြောကြားခဲ့ကာ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

### ❖ အမျိုးသားပြန်လည်သင့်မြတ်ရေးမှ

အရပ်သားပြည်သူတွေ ပါဝင်မှုမြင့်တင်ပြီး ပြည်နယ်အဆင့်၊ ဒေသအဆင့်အထိ စောင့်ကြည့်မှုယန္တရားတွေ စနစ်တကျထူထောင်နိုင်ခဲ့သလို နိုင်ငံရေးဆွေးနွေးပွဲဘက်မှာဆိုရင်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ထွက်ပေါ်လာခဲ့ပြီး ဖက်ဒရယ်အခြေခံမူ သဘောတူညီချက် (၃၇)ချက်ကို ပြည်ထောင်စုသဘောတူညီချက်၏ အစိတ်အပိုင်း(၁)အဖြစ် လက်မှတ်ရေးထိုးနိုင်တဲ့ အဆင့်အထိ ခရီးရောက်ခဲ့ပါတယ်။

NCA နဲ့ပတ်သက်လို့ ဝေဖန်မှုတွေ ရှိနေပေမယ့်လည်း ကျွန်မတို့အားလုံး သတိပြုသင့်တဲ့ တိုးတက်မှုတွေလည်း များစွာရှိနေတာကို တွေ့ရှိရပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေရဲ့ နယ်မြေဒေသတွေမှာ ပဋိပက္ခတွေ လျှော့ချနိုင်ခဲ့ပြီး ဒေသခံပြည်သူလူထုတွေရဲ့ လူမှု-ဘဝတွေဟာ သိသိသာသာ တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေအဖြစ် လက်ရှိကာလမှာ ရရှိခံစားနေရတာက ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူတွေပဲ ဖြစ်ပါတယ်။ JMC ဟာ ပြီးပြည့်စုံတဲ့ ယန္တရားမဟုတ်ဘူးဆိုပေမယ့်လည်း JMC ရှိခြင်းကိုက လက်နက်ကိုင်တပ်ဖွဲ့တွေအကြား အငြင်းပွားမှုတွေဖြစ်ပေါ်လာရင် စေ့စပ်ညှိနှိုင်းဖြေရှင်းတဲ့ ယဉ်ကျေးမှုကို တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလို (၂)နှစ်ပြည့်မြောက်တဲ့ကာလမှာ JMC ရဲ့ လုပ်ငန်းစဉ်တွေ၊ ပဋိပက္ခဖြေရှင်းမှုယန္တရားတွေ ပိုမိုကောင်းမွန်အောင် ပြန်လည်သုံးသပ်ပြီး လိုအပ်တဲ့ အပြောင်းအလဲတွေ ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပတ်သက်လို့ UPDJC ဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီ၊ တိုင်းရင်းသား ကိုယ်စားလှယ်၊ ပါဝင်သင့်ပါဝင်ထိုက်တဲ့သူတွေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း CSO တွေ အားလုံးပါဝင်နိုင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို အောင်မြင်စွာ စနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဒီကနေ့အထိ သမိုင်းကြောင်းကို ပြန်ကြည့်ရင် ပါလီမန်အစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရတို့ခေတ်၊ ပြီးခဲ့တဲ့ သမ္မတကြီးဦးသိန်းစိန်ခေတ်၊ လက်ရှိကျွန်မတို့ အစိုးရခေတ်တွေ ရှိခဲ့ပါတယ်။ ဘယ်ခေတ်ဘယ်အခါကမှ မရောက်ခဲ့ဖူးတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျွန်မတို့လက်ထက်မှာ စတင်ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်တဲ့အပြင် နိုင်ငံရေးသဘောတူညီချက်တွေ ထွက်ပေါ်လာအောင် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါတယ်။ အတိတ်ကအတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို ရယူခဲ့ကြပြီးတဲ့နောက် ကျွန်မတို့ခေတ်မှာ နိုင်ငံရေးဆွေးနွေးပွဲ စားပွဲဝိုင်းတွေ စတင်နိုင်ခဲ့တာ အလေးအနက်ထားပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံရေးဆွေးနွေးပွဲဟာ ပြီးပြည့်စုံပြီလားမေးရင် မပြည့်စုံသေးပါဘူး။ နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါဝင်ဖို့လိုအပ်ပါသေးတယ်။ ပြီးခဲ့တဲ့ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးပြီးနောက်ပိုင်းမှာ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်နဲ့ပတ်သက်လို့ ကျွန်မတို့ဘက်မှာ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဘက်မှာ၊ နိုင်ငံရေးပါတီတွေဘက်မှာ ပြန်လည်သုံးသပ်မှုပြုလုပ်ခဲ့ကြပြီးတော့ အားသာချက်၊ အားနည်းချက်တွေကို ဆွေးနွေးပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာအောင် ပြင်ဆင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်သွားရဦးမှာဖြစ်ပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ပတ်သက်လို့ စောင့်ကြည့်ရေး ယန္တရားတွေ၊ အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တွေနဲ့ စနစ်တကျ ဆောင်ရွက်နိုင်လာခဲ့ပြီဆိုပေမယ့် ပထမဆုံး အတွေ့အကြုံဖြစ်တဲ့အတွက် အားနည်းချက်တွေကို ပြုပြင်ပြီး ပိုမိုခိုင်မာကောင်းမွန်အောင် ညှိနှိုင်းဆွေးနွေးသွားကြရမှာပဲ ဖြစ်ပါတယ်။ သမိုင်းကြောင်းတစ်လျှောက် ပထမဆုံး နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပနိုင်ခဲ့ပြီး သဘောတူညီချက်တွေ ရရှိနိုင်ခဲ့တယ်ဆိုပေမယ့်လည်း ဒီပထမဆုံး အတွေ့အကြုံကိုအခြေခံပြီး ပိုမိုကောင်းမွန်၊ ပိုမိုပြည့်စုံတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာအောင် ကျွန်မတို့အားလုံး ညှိနှိုင်းဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

ကျွန်မတို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်ခဲ့ချိန်မှာ NCA လက်မှတ်ရေးထိုးဖို့ ညှိနှိုင်းဆဲအဖွဲ့တွေရှိနေသလို အခြားတစ်ဖက်မှာလည်း NCA ကို လက်မခံနိုင်သေးတဲ့အဖွဲ့တွေ ရှိနေခဲ့ပါတယ်။ ဒီအဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ငြိမ်းချမ်းရေးတံခါးဖွင့်လှစ်ထားပြီး လက်ကမ်းကြိုဆိုလျက်ရှိနေပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အားလုံးလက်ခံနိုင်တဲ့ အခြေခံမူတွေ ဖြစ်အောင် ရည်ရွယ်ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြတာဖြစ်ပါတယ်။ NCA လက်မှတ်မထိုးဘဲ ကျန်နေသေးတဲ့အဖွဲ့တွေအားလုံးအနေနဲ့လည်း အနာဂတ် နိုင်ငံတော်အတွက် ဖက်ဒရယ်အခြေခံမူတွေ ချမှတ်တဲ့လုပ်ငန်းစဉ်တွေမှာ ပါဝင်နိုင်ဖို့ အစဉ်အမြဲ ဖိတ်ခေါ်ထားပါတယ်။ တကယ်တော့ NCA ဆိုတာ ကျွန်မတို့ ပြည်ထောင်စုရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးရဲ့ စတင်မှုတစ်ရပ်လို့ ဆိုနိုင်ပါတယ်။ NCA ဟာ လမ်းဆုံးခရီးမဟုတ်ပါဘူး။ NCA ကနေ နိုင်ငံရေးဆွေးနွေးပွဲတွေ တက်လှမ်းမယ့် ငြိမ်းချမ်းရေးညီလာခံတံခါးကို ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်တယ်ဆိုတာကို ဒီကနေ့ ထပ်လောင်းပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ NCA ထွက်ပေါ်လာအောင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြတဲ့ သမ္မတကြီး ဦးသိန်းစိန်နဲ့တကွ အခြားပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်ကြောင်း ထပ်လောင်းပြောပါရစေ။

NCA ဆွေးနွေးညှိနှိုင်းခဲ့စဉ်က ကျွန်မတို့အစိုးရနဲ့ ညှိနှိုင်းခဲ့တာ မဟုတ်ပေမယ့်လည်း ကျွန်မတို့အစိုးရဖြစ်လာတဲ့အချိန်မှာ NCA ကို လက်ခံခဲ့ပါတယ်။ အစိုးရတစ်ရပ်ရဲ့ တာဝန်ယူမှုနဲ့ လက်ခံရရှိတဲ့ အနေအထားကို အကောင်းဆုံးဖြစ်အောင် ကျွန်မတို့အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေသူတွေနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီးမှ ရှေ့ဆက်မယ့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို လိုက်လျောညီထွေဖြစ်အောင် ချမှတ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အဓိကရည်ရွယ်ချက်က ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေကြတဲ့ ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ပဲဖြစ်ပါတယ်။

> “တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား နေကြတဲ့ ကျွန်မတို့အနေနဲ့ နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ အပြန်အလှန် ညှိနှိုင်း ပူးပေါင်းသွားကြမယ်ဆိုရင် ကျွန်မတို့ မျှော်မှန်းတဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို အဆုံးတိုင် ဆုပ်ကိုင်နိုင်မှာဖြစ်”

**ဖက်ဒရယ်အခြေခံမူ အုတ်မြစ်ချမှတ်နိုင်ရေး**

အခုဆိုရင် NCA လက်မှတ်ရေးထိုးခဲ့တာ (၂)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သလိုပဲ ကျွန်မတို့အစိုးရလက်ထက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပခဲ့တာ ဒုတိယအကြိမ် ပြီးစီးအောင်မြင်ခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ နောက်ထပ်ငြိမ်းချမ်းရေးညီလာခံတစ်ကြိမ် ကျင်းပဖို့ရှိပါသေးတယ်။ မကြာခင်ကာလမှာ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ကျင်းပပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ညီလာခံမှာ သဘောတူညီချက်မရရှိသေးတဲ့ ဖက်ဒရယ်ဆိုင်ရာအခြေခံမူတွေ ဆက်လက်ဆွေးနွေးညှိနှိုင်းရဦးမှာဖြစ်သလို နောက်ထပ်အခြေခံမူတွေ ချမှတ်နိုင်ဖို့လည်း ဆွေးနွေးညှိနှိုင်းကြရဦးမှာ ဖြစ်ပါတယ်။ ပြီးရင် လာမယ့် ၂၀၁၈ ခုနှစ်အတွင်းမှာ ငြိမ်းချမ်းရေးညီလာခံ (၂)ကြိမ် ကျင်းပဖို့လည်းရှိပါတယ်။

လာမယ့်ညီလာခံ(၃)ကြိမ်မြောက်မှာ ကျွန်မတို့အနေနဲ့ ဖက်ဒရယ်ဆိုင်ရာအခြေခံမူတွေ အပြီးအပြတ် ချမှတ်နိုင်တဲ့အထိ ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းချင်ပါတယ်။ အခြေခံမူတွေ ထွက်ပေါ်လာပြီးရင် အသေးစိတ်မူတွေ ဆက်လက်ပြီးဆွေးနွေးဖို့ရှိပါတယ်။ ပြည်ထောင်စုနဲ့ ပြည်နယ်တွေအကြား အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှု၊ အခွန်အကောက်ခွဲဝေမှု၊ ကြွင်းကျန်အာဏာဆိုင်ရာအခြေခံမူတွေ၊ ပြောရရင် ဖွဲ့စည်းပုံအခြေခံဥပဒေနောက်ဆက်တွဲ ဇယားပါလုပ်ပိုင်ခွင့်တွေ ဆက်လက်ပြီး ဆွေးနွေးကြရဦးမှာ ဖြစ်ပါတယ်။ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုမှာ ဘယ်လိုခွဲဝေအုပ်ချုပ်ကြမလဲဆိုတာတွေ ဖြစ်ပါတယ်။ ညီလာခံ(၃)ကြိမ်အတွင်းမှာ အခြေခံမူတွေကို အကျေအလည် ဆွေးနွေးလို့ ပြီးပြတ်သွားပြီ ဆိုရင် ဖက်ဒရယ်နဲ့ပတ်သက်ပြီး ခိုင်မာတဲ့ အုတ်မြစ်တစ်ခုထွက်ပေါ်လာပြီလို့ ဆိုနိုင်မှာဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေဆဲ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဇာစ်မြစ်ဟာ နိုင်ငံရေးပြဿနာတွေပဲဖြစ်ပါတယ်။ ဒီနိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ခဲ့ကြလို့ဆိုတာကို အားလုံးက လက်ခံထားကြပြီး ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မပြေလည်၊ မဖြေရှင်းနိုင်ခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဖြေရှင်းချက်အားလုံးဟာ အားလုံးလက်ခံ သဘောတူညီနိုင်တဲ့ ဖက်ဒရယ်စနစ် ဖြစ်တယ်ဆိုတာကိုလည်း သဘောတူကြလိမ့်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းနဲ့ ချုပ်ငြိမ်းစေနိုင်ဖို့ လုပ်ဆောင်ရေးတာဝန်ဟာ အခုကျွန်မတို့အားလုံးရဲ့လက်ဝယ်ကို ရောက်ရှိနေပါပြီ။ နိုင်ငံရေး ဆွေးနွေးဖက်အားလုံး အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနဲ့ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် အရေးကြီးလှတဲ့ နိုင်ငံရေးသဘောတူညီချက်တွေ ထွက်ပေါ်လာအောင် စွမ်းဆောင်နိုင်တယ်ဆိုတာကိုလည်း ပြီးခဲ့တဲ့ ဒုတိယအစည်းအဝေးမှာရရှိခဲ့တဲ့ ပြည်ထောင်စုသဘောတူညီချက်ရဲ့ အစိတ်အပိုင်း(၁)က လက်တွေ့ကျကျ သက်သေပြနေပါပြီ။ ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူတွေ အားလုံးဟာလည်း (၂၁) ရာစုပင်လုံ ညီလာခံကြီးပေါ်ကို မျှော်လင့်ချက်တွေ ပုံအပ်ထားနေကြပါပြီ။

နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ သဘောသဘာဝအရ အနိမ့်အမြင့်၊ အတက်အကျတွေ ရှိစမြဲ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာလည်း ပန်းတိုင်နဲ့နီးလာလိုက်၊ ပြန်ပြီးတော့ ဝေးကွာသွားလိုက်နဲ့ ရှိခဲ့ကြသလိုပါပဲ။ ကျွန်မတို့နိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလမ်းဟာ အစဉ်အမြဲ ချောမွေ့နေမှာတော့ မဟုတ်ပါဘူး။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကတော့ ရှိနေဦးမှာ ဖြစ်ပါတယ်။ တာတိုပြေးပွဲတွေမှာ ခွန်အားကြီးသူတွေ အောင်ပွဲဆင်နိုင်သလို တာဝေးခရီးမှာ စိတ်ဓာတ်နဲ့ ခံယူချက်ကောင်းသူတွေက အောင်ပွဲဆင်နိုင်လေ့ ရှိပါတယ်။ ကျွန်မတို့ရဲ့ တာဝေးငြိမ်းချမ်းရေးခရီးကို လျှောက်လှမ်းရာမှာ အောင်မြင်မှုဆောင်ကြဉ်းနိုင်ဖို့အတွက် စိတ်ဓာတ်၊ ခံယူချက်အပြင် စေတနာတရား လိုအပ်တယ်လို့ ပြောချင်ပါတယ်။

ဒီစေတနာတရားက ကျွန်မတို့ရဲ့ နောင်လာမယ့် မျိုးဆက်တွေ၊ တိုင်းရင်းသားလူငယ်တွေအတွက် ထားရှိအပ်တဲ့ စေတနာတရားဖြစ်ပါတယ်။ နောင်လာမယ့် ဆယ်စုနှစ်တွေအတွင်းမှာ ကျွန်မတို့ရဲ့ လူငယ်တွေအတွက် ဘယ်လို နိုင်ငံတော်မျိုး၊ ဘယ်လိုပြည်ထောင်စုမျိုးကို ထားရစ်ခဲ့ကြမလဲ စဉ်းစားကြည့်ကြစေလိုပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေနဲ့၊ သဘောထားကွဲလွဲမှုတွေနဲ့၊ အခြားနိုင်ငံတွေနဲ့ယှဉ်ရင် နောက်ကျနေဆဲဖြစ်လို့ အထင်သေးခံရတဲ့ နိုင်ငံတော်မျိုး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး မရှိသေးလို့၊ ငြိမ်းချမ်းရေးအသီးအပွင့်မဝေဆာနိုင်သေးလို့ ပြည်သူတွေ စိတ်မချမ်းသာရတဲ့ ပြည်ထောင်စုမျိုးကို ကျွန်မတို့ ချန်ထားခဲ့ကြမှာလားဆိုတာကို ကျွန်မတို့အားလုံး အလေးအနက်ထားပြီး စဉ်းစားသုံးသပ်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကျွန်မတို့ အနာဂတ်ကို မျက်နှာမူပြီး ရဲရဲတွေး၊ ရဲရဲလုပ်ကြဖို့ လိုအပ်နေပါပြီ။ လွတ်လပ်ရေးရစဉ်ကစပြီး တစ်ခါမှ အပြည့်အဝ ငြိမ်းချမ်းတယ်လို့ မရှိခဲ့သေးတဲ့ ကျွန်မတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း တိုက်ပွဲတွေ၊ ပဋိပက္ခတွေ အမြန်ဆုံး လုံးဝရပ်စဲသွားရေးကို ဦးတည်ကြပါစို့။ အပစ်အခတ်ရပ်စဲရေး တည်တံ့ခိုင်မြဲစေမယ့် ယန္တရားတွေ ထက်မြက်ရှင်သန်အောင် လုပ်ကြပါစို့။ ငြိမ်းချမ်းရေးအမှန်လိုလားတဲ့ အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ပြီး ထာဝရငြိမ်းချမ်းရေး ဆောက်တည်နိုင်ဖို့ နိုင်ငံရေးပြဿနာတွေကို ဆွေးနွေးညှိနှိုင်းတဲ့နည်းနဲ့ ဖြေရှင်းကြပါစို့။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ကျွန်မတို့ခေတ်မှာ ဘယ်လောက်ချစ်မြတ်နိုး၊ တန်ဖိုးထားတယ်ဆိုတာကို နောင်လာနောက်သားတွေနဲ့ သမိုင်းကစစ်ဆေးဆုံးဖြတ်မှာကို လိပ်ပြာသန့်သန့်၊ သိက္ခာရှိရှိနဲ့ ရင်ဆိုင်ခံယူသွားနိုင်ဖို့ ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့။

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့အားလုံးဟာ သမိုင်းကပေးတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတာဝန်ကို အတူတကွ ထမ်းဆောင်နေကြရတာ ဖြစ်ပါတယ်။ အစုအဖွဲ့တွေ ဘယ်လိုပဲ ကွဲပြားကွဲပြား၊ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တစ်ခုတည်း၊ တစ်စိတ်တစ်ဝမ်းတည်း၊ တစ်ဖွဲ့တည်းဆိုတဲ့ စိတ်ဓာတ်နဲ့ ကျွန်မတို့ ဆွေးနွေးညှိနှိုင်းခဲ့ကြတာ ဖြစ်ပါတယ်။ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား နေကြတဲ့ ကျွန်မတို့အနေနဲ့ နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ အပြန်အလှန် ညှိနှိုင်း ပူးပေါင်းသွားကြမယ်ဆိုရင် ကျွန်မတို့မျှော်မှန်းတဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို အဆုံးတိုင် ဆုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။

ယခု NCA လက်မှတ်ရေးထိုးပြီး (၂)နှစ်ပြည့် အခါသမယကို ရောက်ရှိခဲ့ပါပြီ။ နောက်ပြန်ဆုတ်ဖို့ရာ မရှိပါဘူး။ ရှေ့ကို ရောက်အောင်၊ ခရီးပေါက်အောင် ဆက်ပြီးလျှောက်လှမ်းဖို့ပဲ ရှိပါတယ်။ ဒီကြားထဲမှာ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအဖုံဖုံ ကြုံတွေ့လာရင်လည်း အပြန်အလှန်ရိုင်းပင်းစာနာမှုနဲ့ ဖေးမကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်မယ့် ဖက်ဒရယ်ပြည်ထောင်စုကြီး ဘယ်တော့ရောက်မလဲဆိုတာ ကျွန်မတို့အားလုံးအပေါ်မှာပဲ မူတည်နေပါတယ်။ သမိုင်းကပေးအပ်လာတဲ့ အခွင့်အရေးကို ကျွန်မတို့ ထိထိမိမိ မှန်မှန်ကန်ကန် မဆုပ်ကိုင်နိုင်လို့ ပြည်သူတွေဟာ မိမိတို့ မျှော်လင့်ချက်တွေ ပြည့်ဖို့ရာ ပင်ပန်းကြီးစွာ ဆက်လက်စောင့်ဆိုင်းရခြင်း မဖြစ်စေချင်ပါဘူး။ ဒီကနေ့အခမ်းအနားက ရှေ့လာမယ့် ငြိမ်းချမ်းရေးခရီးအတွက် အားသစ်၊ အင်သစ်၊ ခွန်အားအသစ်တွေနဲ့ ခြေလှမ်းသစ်တွေ ညီညာစွာ လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

---

### ❍ ကျော့ဖုံးမှ

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောကြားသည်။

ယနေ့ရောက်ရှိလာသော ပစ္စည်းများတွင် မိသားစုသုံးပစ္စည်းများဖြစ်သော မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ရွက်ဖျင်တဲများ ပါဝင်ပြီး အဆိုပါပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်သို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ကာ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့်ချိတ်ဆက်၍ အခက်အခဲကြုံတွေ့နေသည့် ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီအဖြစ် အမေရိကန်ဒေါ်လာ (၄၄၄၈၈၆ ဒသမ ၇၅)တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများဖြစ်သော မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ရွက်ဖျင်တဲများ၊ လျှပ်စစ်ဖြန့်ဖြူးရေးပစ္စည်းများနှင့် မီးစက်အကြီးနှစ်လုံး၊ မီးစက်ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးရာ အဆိုပါပစ္စည်းများကို ကုန်တင်လေယာဉ်ဖြင့် အောက်တိုဘာ ၁၃ ရက်က ပို့ဆောင်ခဲ့သည့်အပြင် ယနေ့တွင် ကျန်ရှိနေသောပစ္စည်းများကို ဆက်လက်ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

“အောက်တိုဘာ ၁၃ ရက်တုန်းကလည်း အခုလို ကုန်တင်လေယာဉ်နဲ့ ပစ္စည်းတွေတစ်ကြိမ် ရောက်ရှိလာခဲ့ပါသေးတယ်။ လေယာဉ်တစ်စင်းမှာ ကုန်ပစ္စည်းအလေးချိန် တန် လေးဆယ်စီပါပါတယ်။ ပထမလေယာဉ်နဲ့ ပါရှိတဲ့ ပစ္စည်းတွေကိုတော့ ကုန်တင်ကားငါးစီးနဲ့ ရခိုင်ပြည်နယ်ကို ပို့ဆောင်နေပါပြီ။ ဒီနေ့ရောက်ရှိလာတဲ့ ကုန်ပစ္စည်းတွေကိုလည်း ကုန်တင်ကားတွေနဲ့တင်ဆောင်ပြီး ရခိုင်ပြည်နယ်စစ်တွေမြို့ကို ပို့ဆောင်သွားမှာပါ”ဟု ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းရွှေက ဆိုသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် အလှူငွေလက်ခံရေးဌာနများကို ဖွင့်လှစ်၍ အလှူငွေများကို လက်ခံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# NCA မှာ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဟာ နိုင်ငံအကျိုး၊ လူမျိုးအကျိုးကိုမျှော်ကိုးပြီး ပါဝင်လုပ်ဆောင်ခြင်းလည်းဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၅**

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement) လက်မှတ်ရေးထိုးခြင်း(၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

ဒီကနေ့ ပြုလုပ်တဲ့ အခမ်းအနားကို ငြိမ်းချမ်းရေးအတွက် တူညီသောဆန္ဒများ၊ယုံကြည်မှုများနဲ့ တက်ရောက်လာကြတဲ့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်းများမှ ဧည့်သည်တော်များနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်အပ်ပါတယ်။ ဒီနေ့ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (Ceasefire) လို့ အမည်တပ်ထားပေမယ့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ရည်မှန်းချက်ထက် ပိုမိုကျယ်ပြန့်မြင့်မားတဲ့ ရည်ရွယ်ချက်တွေ၊ တိုင်းရင်းသားပြည်သူလူထုအားလုံးရဲ့ လိုလားချက်တွေကို လက်တွေ့ကျကျ ဖော်ဆောင်ပေးမယ့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့တာ (၂)နှစ်ပြည့်မြောက်တဲ့နေ့ပဲ ဖြစ်ပါတယ်။

ယနေ့တိုင်းရင်းသားပြည်သူများရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ကျွန်တော်တို့ ခိုင်ခိုင်မာမာဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ဖို့၊ ဒီမိုကရေစီရည်မှန်းချက်တွေအောင်မြင်ဖို့နဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ဖို့အတွက် အဓိကအကျဆုံးလိုအပ်ချက်ဟာ နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုပဲ ဖြစ်ပါတယ်။ ဒီအတွက်လည်း ပါတီစုံဒီမိုကရေစီစနစ် ပထမသက်တမ်းကာလအတွင်း နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေထဲမှာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးလမ်းစဉ်ကို ဦးစားပေးလုပ်ဆောင်ခဲ့တာ တွေ့မြင်ခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီး စတင်လုပ်ဆောင်ခဲ့တာဖြစ်တဲ့အတွက်NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့အထိ အချိန်ကာလအားဖြင့် လေးနှစ်ကျော်ကြာမြင့်ခဲ့ပါတယ်။ ယနေ့ဆိုရင် NCA ကို လက်မှတ်ရေးထိုးခဲ့တာဟာ အချိန်ကာလ(၂)နှစ်ကြာမြင့်လာခဲ့ပြီဖြစ်ပါတယ်။ (၂) နှစ်ဆိုတဲ့ အချိန်ကာလဟာ နိုင်ငံတစ်ခုရဲ့ သမိုင်းကြောင်းနဲ့နှိုင်းယှဉ်ရင်တော့ မပြောပလောက်ပေမယ့် အရေးတကြီးလုပ်ဆောင်ရမယ့်လုပ်ငန်းတွေ၊ လက်ငင်းအကျိုးရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေအတွက်ကတော့ တန်ဖိုးကြီးမားတဲ့ အချိန်ပမာဏပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ မြန်မာနိုင်ငံရဲ့ မည်သည့်ကဏ္ဍအပေါ်မှာမဆို လွှမ်းမိုးမှုရှိပြီး ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ရမယ့် လုပ်ငန်းတစ်ခုဖြစ်ကြောင်းကို ဒီကနေ့ အခမ်းအနားတက်ရောက်လာကြတဲ့သူအားလုံးသာမက နိုင်ငံသူ၊ နိုင်ငံသားအားလုံးက သဘောတူညီလက်ခံထားကြပါတယ်။ အားကစားပြိုင်ပွဲတစ်ခုမှာ အောင်မြင်မှုရရှိအောင် ပြိုင်ပွဲမစတင်မီ သွေးပူလေ့ကျင့်ခန်းကို မဖြစ်မနေလုပ်ဆောင်ပြီးမှ ယှဉ်ပြိုင်ကြရပါတယ်။ သွေးအေးသွားမှ ယှဉ်ပြိုင်တဲ့အခါမှာ မလိုလားအပ်တဲ့ ဆုံးရှုံးမှု၊ ရှုံးနိမ့်မှုတွေနဲ့ ရင်ဆိုင်ရတတ်သလိုပဲ ကျွန်တော်တို့တစ်တွေအနေနဲ့လည်း NCA စာချုပ်ပါ လုပ်သင့်လုပ်ထိုက်တဲ့၊ လုပ်နိုင်တာတွေကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်လုပ်ဆောင်ခြင်းအားဖြင့် ငြိမ်းချမ်းမှုရဲ့ ရလဒ်များ၊ ငြိမ်းချမ်းရေးအသီးအပွင့်များကို ရယူခံစားနိုင်ကြဖို့ လိုအပ်ကြောင်းနဲ့ တပ်မတော်အနေဖြင့်လည်း စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ဖို့ အဆင်သင့်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ၂၀၁၁ ခုနှစ်ကစတင်ပြီး ပြည်သူတွေ လိုလားတောင့်တနေတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခဲ့ပါတယ်။ ဒီလမ်းကြောင်းကို အဆင်ပြေချောမွေ့စွာ လျှောက်လှမ်းနိုင်ဖို့ တပ်မတော်အစိုးရအနေနဲ့ နိုင်ငံရေးဆိုင်ရာ တည်ဆောက်မှု၊ စီးပွားရေးဆိုင်ရာ တည်ဆောက်မှု၊ လူမှုရေးဆိုင်ရာ တည်ဆောက်မှုတွေကို နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ရတဲ့ ၁၉၈၈ ခုနှစ်ကစပြီး ၂၀၁၀ ပြည့်နှစ်အထိ ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီမိုကရေစီနိုင်ငံနဲ့ ကိုက်ညီမယ့် အခြေခံဥပဒေရေးဆွဲနိုင်ဖို့ လူထုလူတန်းစားပေါင်းစုံရဲ့ ကိုယ်စားလှယ်များ၊ အလွှာပေါင်းစုံရဲ့ ကိုယ်စားလှယ်များပါဝင်တဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့ပါတယ်။ အဲဒီညီလာခံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး အခြေခံရမယ့်မူများ၊ အခန်းများကို အသေးစိတ်ဆွေးနွေးရေးဆွဲခဲ့ပါတယ်။ ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် လုပ်ငန်းရပ်တွေကိုလည်း တစ်ပြိုင်တည်း ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ဥပမာအားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်မှာ အခြေခံအုပ်ချုပ်ရေးအဖွဲ့အစည်းတွေဖြစ်တဲ့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ ဥက္ကဋ္ဌတွေကို တပ်မတော်က အရာရှိများဖြင့်ခန့်ထားဆောင်ရွက်ခဲ့ရာမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများဖြင့် ဆောင်ရွက်စေပြီး ဗျူရိုကရေစီယန္တရားစနစ်ကို တပ်မတော်အစိုးရလက်ထက်မှာပဲ အဆင့်ဆင့် ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ဒါတွေဟာ ဒီမိုကရေစီစနစ်မှာ အရေးပါလာမယ့် Institution တွေ တည်ဆောက်ခြင်းကို အချိန်ယူလုပ်ဆောင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နိုင်ဖို့အတွက် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို ချမှတ်ပြီး လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပါတယ်။ နောက်ဆုံး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပြီး ပြည်သူ့ရွေးချယ်ခံအစိုးရထံသို့ နိုင်ငံတော်တာဝန်ကို အောင်မြင်စွာ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ ဒါဟာ ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြားစဉ်။**

ဖြစ်သလို တိုင်းပြည်အတွက် နှစ်ပေါင်းများစွာ အချိန်ယူပြင်ဆင်လုပ်ဆောင်ခဲ့ရတာ ဖြစ်တဲ့အတွက် ပါတီစုံဒီမိုကရေစီစနစ်ကို လူတိုင်း၊ အဖွဲ့အစည်းတိုင်းက နားလည်ရန် လိုအပ်ပါတယ်။ တပ်မတော်အနေနဲ့လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းကနေ မယိမ်းမယိုင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ဖို့ ထိန်းသိမ်းလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့ဖော်ဆောင်ခဲ့တာ ခြောက်နှစ်ကျော်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ စနစ်တစ်ခုလို့ ယူဆနိုင်သလို လူတိုင်းလိုက်နာနိုင်မှ အောင်မြင်နိုင်မယ့် လုပ်ငန်းတစ်ခု၊ ကျင့်ဝတ်တစ်ခုဖြစ်တယ်လို့ ယူဆကြတာလည်း ရှိပါတယ်။ သေချာတာတစ်ခုကတော့ အားလုံးပါဝင်ဖော်ဆောင်မှ အောင်မြင်နိုင်မယ့်နိုင်ငံရေးစနစ်တစ်ခုပဲဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံးအခြေခံလိုအပ်ချက်က ဒီမိုကရေစီစနစ်ကို ဆန့်ကျင်ပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်ကနေ သွေဖည်သွားမယ့် လုပ်ဆောင်မှုတွေကို မလုပ်ဆောင်ဖို့ပဲ ဖြစ်တယ်။ ဒီမိုကရေစီစနစ်မှာ မိမိတို့ရဲ့ လိုအင်ဆန္ဒတွေကို ဒီမိုကရေစီနည်းလမ်းတကျ၊ ဥပဒေဘောင်အတွင်းက ဆောင်ရွက်သွားမှသာ ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီမှာဖြစ်ပါတယ်။ အဓိကကတော့ ဥပဒေနဲ့အညီသာ အားလုံးက လိုက်နာလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှရှိလို့မရပါဘူး။ မည်သည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးမဆို နိုင်ငံတော်မှပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်းသာ လိုက်ပါလိုက်နာ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဥပဒေကို လက်တစ်လုံးခြားလှည့်ပြီး လုပ်လို့လည်းမရပါဘူး။ ပေးထားတဲ့ ကတိကဝတ်များကိုလည်း မလေးစားလို့ မရပါဘူး။ ဥပဒေနဲ့မညီတဲ့ လုပ်ဆောင်ချက်မှန်သမျှ အပြောခံ၊ အဝေဖန်ခံနေရမှာပဲ ဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်သူအားလုံးဟာ နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေများကို လေးစားလိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်မှုများကိုလည်း လက်ခံကြရမှာဖြစ်ပါတယ်။ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပဋိပက္ခတွေကိုလည်း ဒီမိုကရေစီမူဘောင်အတွင်းကနေ ဖြေရှင်းသွားရမှာဖြစ်ပါတယ်။ ဒီလိုပဲဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လက်နက်စွဲကိုင်ပြီး လိုရာတောင်းဆိုမှုမျိုးကို စွန့်လွှတ်ပြီး နိုင်ငံရေးနည်းလမ်းတွေနဲ့သာ ဖြေရှင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ပထမဆုံးစတင်လျှောက်လှမ်းရမယ့် ခြေလှမ်းကတော့ ဒီ NCAစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခြင်းပဲ ဖြစ်ပါတယ်။ ဘယ်လောက်ပဲ ဝေးကွာတဲ့ခရီးဖြစ်ပါစေ အရေးကြီးဆုံးလုပ်ရမယ့်အလုပ်က ပထမဦးဆုံးလျှောက်လှမ်းရမယ့်ခြေလှမ်းကို စတင်လိုက်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အတူတကွ လက်တွဲပူးပေါင်းလျှောက်လှမ်းနေတဲ့ ထာဝရငြိမ်းချမ်းရေးခရီးလမ်း၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး ခရီးလမ်းမှာ မလွဲမသွေလျှောက်လှမ်းရမယ့်ဒီခြေလှမ်းကို တုံ့ဆိုင်းမနေဘဲ စတင်ပါဝင်လျှောက်လှမ်းကြဖို့ တိုက်တွန်းလိုပါတယ်။

သမိုင်းစာမျက်နှာဆိုတာ မိမိတို့ဖြတ်သန်းခဲ့ရတဲ့ ကာလတစ်လျှောက်မှာ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အားသာချက်၊ အားနည်းချက်တွေ၊ အဆိုးနဲ့အကောင်းတွေကို ထင်သာမြင်သာအောင် မီးမောင်းထိုးပြထားတဲ့ ကြေးမုံပြင်တစ်ချပ်ပါပဲ။ အဲဒီသမိုင်းစာမျက်နှာဆိုတဲ့ ကြေးမုံပြင်ကြီးကို ကြည့်လိုက်တာနဲ့ ရှေးပဝေသဏီကတည်းက မြန်မာနိုင်ငံတော်ကြီးမှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အေးအတူပူအမျှ အတူတကွ နေထိုင်ခဲ့ကြတာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။ တိုင်းနှင့်ပြည်နယ်များနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံတော်ဖြစ်ပေမယ့် ပြည်နယ်တစ်ခု၊ တိုင်းဒေသကြီးတစ်ခုမှာ လူမျိုးစုတစ်စုတည်း သီးခြားနေထိုင်ကြတာမဟုတ်ဘဲ ညီရင်းအစ်ကိုတွေလို ချစ်ကြည်ရင်းနှီးစွာနဲ့ ပေါင်းစည်းနေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ အရေးကြီးလျှင် သွေးနီးသည်ဆိုတဲ့ စကားနဲ့အညီ နိုင်ငံတော်ကို ထိပါးရန်စ ကျူးကျော်လာသမျှကိုလည်း တိုင်းရင်းသားအားလုံးက လူမျိုးဘာသာမခွဲခြားဘဲ ပြည်ထောင်စုစိတ်ဓာတ်နဲ့ စုပေါင်းကာကွယ်ခဲ့ကြတာကိုလည်း သမိုင်းစာမျက်နှာတွေမှာ တွေ့မြင်ကြရမှာပါ။ ထို့အတူ သွေးစည်းညီညွတ်မှုတွေပျက်ပြားပြီး စည်းလုံးမှုအားတွေ လျော့ပါးသွားချိန်မှာ အင်္ဂလိပ်နယ်ချဲ့တွေရဲ့ ရန်စကျူးကျော်မှုတွေ ခုခံတွန်းလှန်နိုင်စွမ်းမရှိဘဲ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများအားလုံး နှစ်ပေါင်း ၁၀၀ ကျော်သူ့ကျွန်ဘဝ ကျရောက်ခဲ့ရတာကိုလည်း သမိုင်းစာမျက်နှာမှာ တွေ့ရပါလိမ့်မယ်။

အဲဒီလို လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ဆိတ်သုဉ်းသွားချိန်မှာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး နယ်ချဲ့အင်္ဂလိပ်တွေရဲ့ စိတ်တိုင်းကျ ခြယ်လှယ်မှု၊ ကုပ်သွေးစုပ်အမြတ်ထုတ်ယူမှုတွေကို ခံစားခဲ့ရတာလည်း မိမိနိုင်ငံနဲ့ လူမျိုးအတွက် ရုပ်ဆိုးအကျည်းတန်လှတဲ့ သမိုင်းဖြစ်စဉ်ဖြစ်ခဲ့ရပါတယ်။ ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးကို ပြန်လည်ရရှိဖို့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ သန္ဓေတည်ပေါက်ဖွားလာတဲ့ တပ်မတော်နဲ့ပြည်သူ အတူလက်တွဲပြီး ဖက်ဆစ်ဂျပန်နဲ့ နယ်ချဲ့အင်္ဂလိပ်တွေကို တော်လှန်တိုက်ခိုက်ခဲ့ရတာတွေ၊ လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံးရဲ့သွေးစည်းညီညွတ်မှုကို ပင်လုံစိတ်ဓာတ်နဲ့ ဖော်ပြနိုင်ခဲ့တာတွေဟာလည်း မမေ့နိုင်တဲ့ သမိုင်းစာမျက်နှာတွေပဲ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်မှာ ကိုလိုနီဘဝက နယ်ချဲ့တွေရဲ့ကျင့်သုံးခဲ့တဲ့ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် ကျွန်တော်တို့ တိုင်းရင်းသားများအကြားမှာ အယူဝါဒရေးအရ၊ လူမျိုးရေးအရ၊ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှု များစွာပေါ်ပေါက်လာခဲ့ပြီး ယနေ့ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းနေရတဲ့ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခတွေ ဖြစ်ပေါ်ခဲ့ရတာဟာလည်း သမိုင်းစာမျက်နှာကနေ ရယူရမယ့် သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။ အဲဒီလို ဖြတ်သန်းကျော်လွှားခဲ့ရတဲ့ သမိုင်းစာမျက်နှာကနေ ကျွန်တော်တို့အတွက် တန်ဖိုးကြီးမားတဲ့ ဖော်ထုတ်ချက်ကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါတယ်။ ဒီအတွက်လည်း ဒို့တာဝန်အရေးသုံးပါးဟာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ကြီးဖြစ်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အဓိကတာဝန်ယူ ထမ်းဆောင်နေတဲ့ တပ်မတော်အနေနဲ့ကတော့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဘယ်သောအခါမှ အထိအပါးအပွန်းအပဲ့ခံမှာမဟုတ်ဘဲ အမြဲဦးထိပ်ပန်ဆင်ပြီး ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်မျိုးသားလုံးရဲ့ အရေးကိစ္စဖြစ်တဲ့အတွက်လည်း တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးကပါ အတူလက်တွဲပြီး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားဖို့ လိုအပ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ အခမ်းအနားတွေ၊ ဆွေးနွေးမှုတွေ၊ တွေ့ဆုံမှုတွေတိုင်းမှာ NCA နဲ့ ပတ်သက်ပြီး အမြဲထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒီလိုထည့်သွင်းပြောကြားရခြင်းဟာ နံပါတ်တစ်အနေနဲ့ "NCA စာချုပ်ဟာ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အဓိကအကျဆုံး အခြေခံလုပ်ဆောင်ရမယ့် အချက်ဖြစ်လို့"၊ နံပါတ်နှစ်အနေနဲ့ "ဒီအခြေခံအချက်ကို မဖော်ဆောင်ဘဲ၊ တစ်နည်းအားဖြင့် သေနတ်သံမတိတ်ဘဲ ကျွန်တော်တို့လုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မှန်သမျှဟာ စိတ်မချရဘဲ လက်နက်ကိုင်လမ်းစဉ်ကိုသာ ပြန်လည်ဦးတည်သွားနိုင်လို့"၊ နံပါတ်သုံးအနေနဲ့ "NCA စာချုပ်ပါ သဘောတူညီချက်တွေဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲထားတာ မဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကနဦးအဆိုပြုချက်တွေအပေါ်မှာအခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်လို့"ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းမှာ ဒီလို အဖွဲ့အစည်းများစွာနဲ့ အချိန်ယူဆွေးနွေးညှိနှိုင်းပြီး သဘောတူညီလက်မှတ်ရေးထိုးနိုင်ခဲ့တာ မရှိခဲ့ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် NCA ဟာ အများသဘောတူညီမှု၊ ပူးပေါင်းပါဝင်မှုဆိုတဲ့ ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ထားတာဖြစ်ကြောင်း ညွှန်းဆိုလိုပါတယ်။ ဒီအတွက် NCA မှာ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဟာ ပြည်သူ့ဆန္ဒကို ဒီမိုကရေစီနည်းလမ်းတကျ ဖော်ဆောင်ခြင်း၊ နိုင်ငံနဲ့လူမျိုးအတွက် အရေးတကြီးလိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံအကျိုး၊ လူမျိုးအကျိုးကို မျှော်ကိုးပြီး ပါဝင်လုပ်ဆောင်ခြင်းလည်း ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

NCA စာချုပ်ရဲ့ အခြေခံမူများအခန်းမှာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်"ဆိုပြီး

စာမျက်နှာ ၅ သို့ ❑

# နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနဲ့ ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးအတွက် NCA စာချုပ်ပါ သဘောတူညီချက်အတိုင်း အကောင်အထည်ဖော်

နေပြည်တော် အောက်တိုဘာ ၁၅

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement)လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တကွ နှစ်ပတ်လည်အခမ်းအနားကို တက်ရောက်လာကြသော နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား-

ယခုလို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုခြင်း နှစ်ပတ်လည်အခမ်းအနားတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား အမှာစကားပြောကြားခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကျွန်တော်တို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့တာ ဒီနေ့ဆိုရင် (၂)နှစ်တင်းတင်းပြည့်ပါပြီ။ ကျွန်တော်တို့အားလုံး တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်မှုဖြင့် NCA စာချုပ်ကို ချုပ်ဆိုရခြင်း၏ ရည်ရွယ်ချက်ဟာ ပြည်ထောင်စုကြီးတွင် လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ယနေ့တိုင်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခအားလုံးကို ချုပ်ငြိမ်းစေနိုင်ရေးအတွက် နိုင်ငံရေးပြဿနာများကို စစ်ရေးဖြင့်မဟုတ်ဘဲ နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေး အဖြေရှာပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေးပဲ ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်တော်တို့တိုင်းရင်းသားခေါင်းဆောင်များက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံစာချုပ်လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုကို အတူတကွထူထောင်ခဲ့ကြခြင်း ရည်ရွယ်ချက်ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်လေးစားအသိအမှတ်ပြုကာ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုကြီးကို အတူတကွထူထောင်ရေးပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး လွတ်လပ်ရေးကို ရအောင်ယူနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုကြီးကိုလည်း ထူထောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပင်လုံစာချုပ်ကို ယနေ့အထိ အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါဘူး။ အထူးသဖြင့် ပင်လုံစာချုပ်အပိုဒ်(၅)မှာ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများကို အာမခံချက်ပေးထားတဲ့ "နယ်တွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"တို့ကို ယနေ့အထိ အကောင်အထည်မဖော်နိုင်သေးပါဘူး။ ပင်လုံစာချုပ်အပိုဒ်(၇)မှာ အာမခံချက်ပေးထားတဲ့ ဒီမိုကရေစီအခွင့်အရေးများကိုလည်း ယနေ့တိုင် အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါဘူး။

ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများရဲ့အမြင်မှာ ယနေ့တိုင်ဖြစ်ပွားနေတဲ့ပြည်တွင်းစစ်ကြီးဟာ ပင်လုံစာချုပ်ကို အပြည့်အဝ အကောင်



ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ
ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး။

အထည်မဖော်နိုင်သေးလို့ဖြစ်ပါတယ်။ ပင်လုံစာချုပ်ကို အကောင်အထည်မဖော်နိုင်လို့ ဖြစ်ပွားတဲ့ပြည်တွင်းစစ်ကြီးကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများတွင် ချုပ်ငြိမ်းအဆုံးသတ်နိုင်ရေးအတွက် NCA စာချုပ်ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပနေရခြင်း ဖြစ်ပါတယ်။

ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ နိုင်ငံရေးဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပနေတဲ့အခါမှာ NCA စာချုပ်တွင် သဘောတူထားသည့် အဆင့်(၇)ဆင့်ပါရှိတဲ့ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ NCA စာချုပ်ချုပ်ဆိုပြီး နှစ်နှစ်အတွင်း ထိုစာချုပ်ကို အကောင်အထည်ဖော်နိုင်မှုကို ပြန်သုံးသပ်ရင် ကျွန်တော်တို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်(JMC)ကို ဖွဲ့စည်းပြီး ပစ်ခတ်တိုက်ခိုက်မှုများကို ထိန်းသိမ်းလျှော့ချနိုင်ခဲ့ပါတယ်။ ထို့နည်းတူ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ကို ဖွဲ့စည်းပြီး နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကိုလည်း ကျင်းပပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)အဖြစ် သဘောတူညီချက်(၃၇)ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သောကြောင့် NCA စာချုပ်ပါ နိုင်ငံရေးလမ်းပြမြေပုံ အဆင့်(၅)ကို အောင်မြင်စွာတက်လှမ်းနိုင်ခဲ့ပြီဟု ဆိုနိုင်ပါတယ်။

ဒီလို NCA စာချုပ်ကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကျင်းပနိုင်ခဲ့သော်လည်း ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ စိန်ခေါ်မှုများနှင့် အားနည်းချက်များစွာ ရှိနေတယ်ဆိုတာကိုလည်း ကျွန်တော်တို့အားလုံး ပကတိအတိုင်း လက်ခံရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အားနည်းချက်များထဲမှာ JMC ကို ပြည်ထောင်စုအဆင့်နှင့် တချို့ပြည်နယ်အဆင့်များမှာ ဖွဲ့စည်းနိုင်ခဲ့သော်လည်း NCA ကို လက်မှတ်ရေးထိုးထားကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒေသအချို့တွင် ပြည်နယ်အဆင့် JMC-S ကို ဖွဲ့စည်းနိုင်ခြင်းမရှိသေးသည့်အတွက် JMC အဆင့်ဆင့်၏ လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် အခက်အခဲများရှိနေပါတယ်။

ထိုနည်းတူ နိုင်ငံရေးဆွေးနွေးမှုကို ကြီးကြပ်လမ်းညွှန်နေသည့် UPDJC မှာလည်း အားနည်းချက်များစွာ ရှိနေပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို အပြီးသတ် ပြင်ဆင်ရေးဆွဲနိုင်ခြင်းမရှိသေးသလို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကိုလည်း NCA စာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဦးဆောင်ကျင်းပမည့် ဒေသတိုင်းတွင် ကျင်းပနိုင်ခြင်းမရှိသေးပါ။ ထို့အပြင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ဖော်ပြထားသည့်အတိုင်း လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့်ကျင်းပနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါတွေဟာ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဟန့်အတားဖြစ်စေပါတယ်။

NCA စာချုပ်ကိုအခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေတဲ့အချိန်မှာ အဓိကအားနည်းချက်တစ်ခုက JICM အစည်းအဝေးကို ပုံမှန်ခေါ်ယူကျင်းပနိုင်ခြင်းမရှိတဲ့ကိစ္စဖြစ်တယ်လို့ မြင်မိပါတယ်။ NCA စာချုပ်အရ ငြိမ်းချမ်းရေးဖြစ်အောင် အကောင်အထည်ဖော်ရာတွင် JICM သည် အမြင့်ဆုံး အစည်းအဝေးဖြစ်ပါတယ်။ JICM က JCM နှင့် UPDJC တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားတာဖြစ်သလို JMCနှင့် UPDJC တို့မှာ မဖြေရှင်းနိုင်တဲ့ အရေးကိစ္စများကို တာဝန်ယူဖြေရှင်းပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် JICM အစည်းအဝေးဆိုတာ ပြဿနာရှိမှ ကျင်းပတာမျိုးမဟုတ်ဘဲ ၎င်းရဲ့ TOR မှာ ဖော်ပြထားတဲ့အတိုင်း သုံးလတစ်ကြိမ် ပုံမှန်ကျင်းပပေးရန်လိုအပ်တဲ့အကြောင်း အလေးထားတင်ပြချင်ပါတယ်။ ဒီအားနည်းချက်အားလုံးကို ကျွန်တော်တို့ အမြန်ဆုံးပြင်ဆင်ရန် လိုအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာက နှစ်ပေါင်း(၇၀)နီးပါးကြာမြင့်နေပြီဖြစ်သော ပြည်တွင်းစစ်ကြီးကို ချုပ်ငြိမ်းစေပြီး ၁၉၄၇ ခုနှစ် ပင်လုံညီလာခံမှာ မျှော်မှန်းခဲ့သည့်အတိုင်း ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင်ရေးဟာ ကျွန်တော်တို့အားလုံးရဲ့ အဓိကပန်းတိုင်ဖြစ်ပါတယ်။ ဒီပန်းတိုင်ကို ချီတက်တဲ့နေရာမှာ NCA စာချုပ်မှာပါတဲ့ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းသာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး ပါဝင်သင့်သူများအားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနဲ့ ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးအတွက် NCA စာချုပ်ပါ သဘောတူညီချက်အတိုင်း တန်းတူရည်တူ ပူးတွဲအကောင်အထည်ဖော်နိုင်ရေးသည် တစ်ခုတည်းသောလမ်းကြောင်းဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

---

❑စာမျက်နှာ ၄ မှ

ပထမဦးစွာ သဘောတူညီခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသားများ၏ လိုအပ်ချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိတဲ့ သတ်မှတ်နယ်မြေများတွင် ကျင်းပသွားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီစာချုပ်ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတဲ့ အကြောင်းတရားထက်ပိုမိုတဲ့ အဓိပ္ပာယ်တွေရှိတယ်လို့ ပြောဆိုရခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ဘာတွေကို လိုက်နာစောင့်ထိန်းရမယ်၊ အဲဒီအတွက် ဘာတွေရမယ်၊ အဲဒီလိုက်နာစောင့်ထိန်းရမှာတွေ၊ ရပိုင်ခွင့်တွေအတွက် အသေးစိတ် ဆောင်ရွက်ကြရမှာ ဘယ်လိုနည်းလမ်းတွေကို ကျင့်သုံးမယ်ဆိုတာတွေပါရှိပြီး ဖြစ်ပါတယ်။

NCA စာချုပ်အခြေခံမူ ပထမအချက်မှာ ဒီနေ့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသာမက အခြားတိုင်းရင်းသားအဖွဲ့အစည်းတွေတောင်းဆိုနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်မယ်လို့လည်း သဘောတူသတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်မှုနဲ့ ပတ်သက်ပြီး ဘယ်လို ဖက်ဒရယ်လဲဆိုပြီး မေးနေတာတွေလည်းရှိပါသေးတယ်။ ဘယ်လိုဖက်ဒရယ်လဲ ဆိုတာကို "ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု"လို့ အခြေခံမူ ပထမအချက်မှာပဲ အာမခံချက်ပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့တိုင်းရင်းသားပြည်သူအားလုံး လိုချင်နေတဲ့ ဖက်ဒရယ်စနစ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစနစ်ပါပဲ။ ဖက်ဒရယ်ပြည်ထောင်စုအတွက် ရည်မှန်းချက်နဲ့ တိုင်းရင်းသားပြည်သူအားလုံးအတွက် အခွင့်အရေးပဲဖြစ်ပါတယ်။ ဒီရည်မှန်းချက်၊ ဒီအခွင့်အရေးရဖို့ ကျွန်တော်တို့ ဘာတွေကို စောင့်ထိန်းကြရမလဲ။ ကမ္ဘာလုံးဆိုင်ရာ အမှန်တရား (Universal Truth)လို့ ခေါ်ဆိုရမယ့် လောကပါလတရားသုံးပါးဖြစ်တဲ့ လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတွေကို စောင့်ထိန်းရပါမယ်။ ပြီးရင် မြန်မာ့အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာရမှာဖြစ်ပါတယ်။ ဒီလိုက်နာလုပ်ဆောင်ဖို့ တာဝန်တွေ၊ ရရှိရမယ့် အခွင့်အရေးတွေ၊ ရည်မှန်းချက်တွေကို ကျွန်တော်တို့ ဘယ်လိုအကောင်အထည်ဖော်ကြမလဲ၊ ဘယ်လိုတည်ဆောက်ကြမလဲ၊ အသေးစိတ် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာကို ဒီမိုကရေစီနည်းလမ်းတကျ၊ ငြိမ်းချမ်းသော နည်းလမ်း၊ စေ့စပ်ညှိနှိုင်းခြင်းနည်းလမ်း ဖြစ်တဲ့ **"နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်"** လို့ သဘောတူထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတိုင်းက လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုမရှိလို့ လက်မှတ်ထိုးစရာမလိုဘူးလို့ ပြောနေတဲ့ အဖွဲ့အချို့ရှိပါတယ်။ NCA ဟာ အမည်နာမအားဖြင့်သာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပါတယ်။ အနှစ်သာရအားဖြင့်ကတော့ ဒ့ါထက် ပိုမိုကျယ်ပြန့်ပါတယ်။ နက်ရှိုင်းပါတယ်။ ဒါကြောင့် NCA ကို လက်မှတ်ထိုးဖို့ လိုအပ်ကြောင်း အခိုင်အမာပြောကြားလိုပါတယ်။ ဒီစာချုပ်မှာပါတဲ့ ကိစ္စတွေဟာ တိုင်းရင်းသားပြည်သူလူထုရဲ့ အခွင့်အရေးကို ကန့်သတ်ထားတာ၊ ချုပ်ချယ်ထားတာ၊ ပိတ်ပင်ထားတာ တစ်ခုမှ မပါပါဘူး။ အခွင့်အရေးကို ပေးနိုင်သမျှပေးထားတာကိုပဲ တွေ့ရမှာဖြစ်ပါတယ်။ ဒါကို ဆက်လက်ပြီး မသိကျိုးကျွန်ပြုနေရင် ပြည်သူလိုလားတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဆန့်ကျင်ခြင်း၊ ဒီမိုကရေစီစနစ်ကို ဆန့်ကျင်ခြင်း၊ လက်နက်ကိုင်ပြီး "သူတစ်လူ၊ ငါတစ်မင်း" စနစ်ကို တည်ထောင်လိုခြင်းနှင့် ပြည်ထောင်စုနဲ့ ပြည်သူလူထုအကျိုးကို မျက်ကွယ်ပြုလိုခြင်းကို ယူဆရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ကြရာမှာ ကျွန်တော်တို့ဟာ ဥပဒေနှင့်အညီ သွားကြဖို့လိုပါတယ်။ တရားဥပဒေစိုးမိုးမှုရှိမှလည်း ကျွန်တော်တို့လိုလားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာမှာလည်း အမြင်အမျိုးမျိုးရှိကြပါတယ်။ ဥပဒေပညာရှင်တွေက တည်ငြိမ်မှု (Stability)ကို အဓိကထားပြီး တရားဥပဒေစိုးမိုးမှု ရှိ၊ မရှိ ဆုံးဖြတ်ကြပါတယ်။ နိုင်ငံရေးအမြင် (Political Point of View)မှာတော့ "တာဝန်ခံမှု" (Accountability) နဲ့ "တရားဥပဒေအထက်မှာ ဘယ်သူမျှမရှိစေရေး" (No one above the law)ဆိုတဲ့ အချက်တွေနဲ့ နှိုင်းယှဉ်ချိန်ထိုး သုံးသပ်ကြပါတယ်။ အဲဒီနှစ်ချက်မပြည့်စုံရင် နိုင်ငံရေးအရ တရားဥပဒေစိုးမိုးမှုမရှိဘူးလို့ ယူဆကြပါတယ်။

ဒါကြောင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့အားလုံးဟာ နိုင်ငံတော်ရဲ့ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာဖို့လိုပါတယ်။ အားလုံးသဘောတူညီထားတဲ့ သဘောတူညီချက်တွေအပေါ် အလေးထားဖို့လိုပါတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရ တည်ငြိမ်မှုတွေကို ခိုင်ခိုင်မာမာ တည်ဆောက်ကြရမှာဖြစ်ပါတယ်။ တော်လှန်ရေးဆိုတာ အဟောင်းတွေကို ဖျက်သိမ်းနိုင်ရင်ပြီးပြီလို့ ယူဆနိုင်မှာဖြစ်ပေမယ့် တည်ဆောက်ခြင်းဆိုတာ အဟောင်းတွေကို မွမ်းမံနိုင်ခြင်း၊ ထိန်းသိမ်းသင့်တာတွေကို ထိန်းသိမ်းနိုင်ခြင်းနဲ့ အသစ်တွေကို တည်ဆောက်နိုင်ခြင်းဖြစ်တယ်ဆိုတာကို မှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ယနေ့ကမ္ဘာမှာ လက်တွေ့ကျင့်သုံးနေရတာက ပြုပြင်ပြောင်းလဲခြင်း၊ တော်လှန်ခြင်း (Revolution)ဆိုတာထက် တည်ဆောက်ခြင်း (Building)ဆိုတာဖြစ်ကြောင်း သတိချပ်စေလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တိုက်တွန်းပြောကြားလိုတာကတော့-

- တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ အခွင့်အရေးကို အပြည့်အဝ အာမခံချက်ပေးထားတဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတဲ့ဘောင်ထဲကသာမကြည့်ဘဲ ပိုမိုကျယ်ပြန့်တဲ့ အမြင်နဲ့ကြည့်ပြီး အချိန်မဆိုင်းဘဲ အားလုံးပါဝင်ဆောင်ရွက်သွားကြပါ။
- ပြည်သူ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံသားတိုင်း လက်ခံယုံကြည်ပြီး ဒီမိုကရေစီဖော်ဆောင်မှုအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအားလုံးကို ဥပဒေနှင့်အညီ ကျင့်သုံးလိုက်နာလုပ်ဆောင်သွားကြပါ။
- ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ ပြည်သူတွေရဲ့ ဆန္ဒဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ရာမှာ တရားမျှတမှု၊ လွတ်လပ်မှု၊ ညီမျှမှုတွေအပေါ်မှာ အခြေခံပြီး အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ် ရှေးရှုဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။




**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**ရွှေဖုံးမှ**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ကြသည့် အသိသက်သေများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အဖွဲ့ဝင်များ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ကော်မတီဝင်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။



**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို ရွှေဖုံးတွင်ဖော်ပြထားပါသည်။)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အမှာစကားကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်စား ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက အမှာစကား ပြောကြားသည်။

**(ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၏ အမှာစကားကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee -UPDJC)၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား UPDJC အဖွဲ့မှ ဦးရွှေမင်းက ဖတ်ကြားတင်ပြသည်။

အဆိုပါ UPDJC ၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာတွင် UPDJC အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ပထမအစည်းအဝေး ကျင်းပပြီးစီးသည့်နောက်ပိုင်း နိုင်ငံရေးဆွေးနွေးပွဲများကို အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှု အဆင့်ဆင့်ပုံစံ (Structure)နှင့် ရှင်းလင်းချက်၊ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်(TOR)၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများ ကြီးကြပ်မှုကော်မတီ TOR၊ UPDJC TOR၊ အတွင်းရေးမှူး အဖွဲ့ TOR နှင့် လုပ်ငန်းကော်မတီ TOR တို့ကို အတည်ပြုခြင်းနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို အမြန်ဆုံး စတင်ကျင်းပနိုင်ရေးဆိုင်ရာ သဘောထားများ ရေးဆွဲချမှတ်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အားလုံးလက်ခံနိုင်သော အခြေခံမူဝါဒများ ဖော်ထုတ်နိုင်ရေးဦးတည်ပြီး ဦးစားပေးဆွေးနွေးရမည့်ခေါင်းစဉ်များအဖြစ် နိုင်ငံရေးကဏ္ဍတွင် ဖက်ဒရယ်စနစ်၌ အခြေခံရမည့်မူများ၊ စီးပွားရေးကဏ္ဍတွင် ဖက်ဒရယ်စနစ်စီးပွားရေးဆိုင်ရာ အခြေခံရမည့်မူများနှင့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ၊ လူမှုရေးကဏ္ဍတွင် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒ၏ အခြေခံမူများကို သတ်မှတ်ခဲ့ပါကြောင်း။

UPDJC မှ ချမှတ်ပေးထားသော အထက်ပါ အခြေခံလမ်းညွှန်မှုများနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် လူမျိုးအလိုက် ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ၊ ချင်းအမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ၊ ပအိုဝ်းအမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများ၊ ဒေသအလိုက်ကျင်းပသော တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ပဲခူးတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ရှမ်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် အကြောင်းအရာအလိုက် ကျင်းပသော အရပ်ဘက်အဖွဲ့အစည်းများ ဖိုရမ်တို့ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြပါကြောင်း။

လူမျိုးအလိုက်၊ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ အမြင်သဘောထားများကို စုစည်းပြီး **စာမျက်နှာ ၇ သို့ »»**




**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ နိုင်ငံရေးပါတီ၊ ယခင် UPWC ၊ ယခင် MPC နှင့် အသိသက်သေများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

»» **စာမျက်နှာ ၆ မှ**

တင်ပြလာသော နိုင်ငံရေးကဏ္ဍမှ စာတမ်းပေါင်း ရှစ်စောင်၊ စီးပွားရေးကဏ္ဍမှ စာတမ်းပေါင်း ရှစ်စောင်၊ လူမှုရေးကဏ္ဍမှ စာတမ်းပေါင်း နှစ်စောင်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမှ စာတမ်းပေါင်း ငါးစောင်တို့နှင့် အစုအဖွဲ့အသီးသီးတို့မှ တင်သွင်းလာသော စာတမ်းများကို အခြေခံပြီး UPDJC က ဖွဲ့စည်းတာဝန်ပေးထားသော ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ အစည်းအဝေးကို နှစ်ကြိမ်တိုင်တိုင်ပြုလုပ်နိုင်ခဲ့ကာ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး မူဝါဒ အဆိုပြုလွှာများကို စိစစ်ရွေးချယ်ပြုစု၍ UPDJC သို့တင်ပြနိုင်ခဲ့ပါကြောင်း။

သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများက တင်ပြလာသော မူဝါဒအဆိုပြုလွှာများကို စိစစ်သုံးသပ်ပြီး UPDJC အနေဖြင့် ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၉ ရက်အထိကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးနိုင်ရေးအတွက် ဆက်လက်တင်သွင်းခဲ့ပါကြောင်း။

ခြောက်ရက်တိုင် ကျင်းပခဲ့သည့် ညီလာခံကြီးတွင် UPDJC က တင်သွင်းခဲ့သော မူဝါဒအဆိုပြုလွှာများကို အစုအဖွဲ့အလိုက်၊ ကဏ္ဍအလိုက် ဆွေးနွေးမှုများကို အဆင့်ဆင့်ပြုလုပ်ကာ မူဝါဒသဘောတူညီချက် စုစုပေါင်း ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)အဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါကြောင်း။

UPDJC ကို စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ယနေ့အထိ ပုံမှန်အစည်းအဝေး (၁၁) ကြိမ် ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ပေးအပ်ထားသည့် အဓိကတာဝန်နှစ်ရပ်ဖြစ်သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ရေးဆွဲခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန်တာဝန်ခံရန် စသည့်တာဝန်များကို ဆတက်ထမ်းပိုး ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။

UPDJC အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအလို့ငှာ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားရန်နှင့် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားရေးလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး အတူတကွ စုပေါင်းဖော်ဆောင်ကြရန် တိုက်တွန်းရင်း အစီရင်ခံစာကို တင်သွင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ထို့နောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(Joint Ceasefire Monitoring Committee-JMC)၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာအား JMC-U ဒုတိယဥက္ကဋ္ဌ အရပ်သားကိုယ်စားလှယ် စောမက်သယူးအေးက ဖတ်ကြားတင်ပြသည်။

JMC ၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် NCA၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန် TOR နှင့် နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ(COC)၊ လုပ်ထုံးလုပ်နည်းများ(SOPs)နှင့် သဘောတူညီချက်များအတိုင်းသာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်အထိ လုပ်ထုံးလုပ်နည်း ၁၆ ခု ရေးသားပြုစုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

JMC ၏ လုပ်ငန်းတာဝန်များအနေဖြင့် စောင့်ကြည့်ခြင်း၊ စိစစ်အတည်ပြုခြင်း၊ ပဋိပက္ခများအား ဖြေရှင်းခြင်း၊ စွမ်းရည်မြှင့်တင်ပေးခြင်းတို့ဖြစ်ပါကြောင်း၊ စောင့်ကြည့်ရေးလုပ်ငန်းများကို ပဋိပက္ခဒဏ်ခံစားနေရသည့် နယ်မြေဒေသရှိ နှစ်ဖက်လက်ခံသည့် ဒေသခံပြည်သူများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ JMC သည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပဋိပက္ခဒဏ်ခံစားနေရသည့် အရပ်သားများက တိုင်ကြားခြင်းနှင့် အငြင်းပွားမှုများအတွက် ဖြေရှင်းဆောင်ရွက်ပေးရာတွင် JMC ဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ချိုးဖောက်မှုရှိခြင်း၊ မရှိခြင်းအား ကော်မတီဝင် အရပ်သားကိုယ်စားလှယ်ဦးဆောင်သော စိစစ်အတည်ပြုရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိပါကြောင်း၊ JMC အဆင့်ဆင့်၏ ကော်မတီအဖွဲ့ဝင် အရပ်သားကိုယ်စားလှယ်များကလည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ JMC ၏ လုပ်ငန်းစဉ်များအား ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များက လူထုတွေ့ဆုံပွဲ (၂၄) ကြိမ် ပြုလုပ်ခဲ့ရာ တက်ရောက်သူဦးရေ ၆၀၀၀ ခန့်ကို ရှင်းလင်းပြောကြားပေးနိုင်ခဲ့ပါကြောင်း။



**UPDJC အဖွဲ့မှ**
**ဦးရွှေမင်း**



**JMC-U ဒုတိယဥက္ကဋ္ဌ**
**စောမက်သယူးအေး**

JMC လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားပြီးဖြစ်သော JMC များတွင် နည်းပညာအထောက်အကူပြု ရုံးအဖွဲ့ဝန်ထမ်းများကို ခန့်အပ်ပြီး ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်စေလျက်ရှိပါကြောင်း၊ မိမိတို့ JMC ကော်မတီဝင်များနှင့် ရုံးအဖွဲ့ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်ပပညာရှင်များနှင့် နိုင်ငံတကာမှ လာရောက်လေ့လာဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။

JMC ကော်မတီဝင်များနှင့် နည်းပညာ အထောက်အကူပြု ရုံးအဖွဲ့ဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် JMC ကော်မတီအဆင့်ဆင့်မှ ကော်မတီဝင်များကို ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့် ပြည်ပလေ့လာရေးခရီးများစေလွှတ်၍ မိမိနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် သိမ်မွေ့ခက်ခဲနက်နဲသည့် အသွင်သဏ္ဌာန်ဆောင်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် JMC အနေဖြင့် စိတ်ရှည်သည်းခံ ခွင့်လွှတ်တတ်သည့်စိတ်ဓာတ်ကိုမွေးမြူပြီး မလျှော့သောဇွဲဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှု အခြေခံဖြင့် အတူတကွ ပူးပေါင်းညှိနှိုင်းအဖြေရှာ၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် သံတမန်များနှင့်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ JMC နှင့် UPDJC ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ နိုင်ငံရေးပါတီ၊ ယခင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(MPC)နှင့် အသိသက်သေများနှင့် လည်းကောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**



## တက်ရောက်

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ဆိုသည်မှာ. . .

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်တွင်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ကန့်ကွက်သူမရှိ အတည်ပြုထားသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အပိုဒ် ၂၁ (က)(၂) အရ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅-၁၇ ရက်တို့တွင် ကျင်းပသော ပထမအကြိမ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) က ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

UPDJC ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး စုစုပေါင်း ၄၈ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်။

UPDJC ၏ အဓိကတာဝန်များမှာ NCA စာချုပ်အပိုဒ်(၂၁)(က) အပိုဒ်ခွဲ(၂)အရ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ရေးဆွဲခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန် တာဝန်ခံရန်ဖြစ်သည်။

NCA စာချုပ်အပိုဒ်(၂၁)(ခ)အရ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို NCA စာချုပ် လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲရန် တာဝန်ပေးထားသည့်အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပသော UPDJC ဒုတိယအကြိမ် အစည်းအဝေးက အစုအဖွဲ့(၃)ဖွဲ့မှ ကိုယ်စားလှယ် ရှစ်ဦးပါဝင်သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်မူကြမ်းရေးဆွဲရေးကော်မတီ(FPDDC)အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာအခြေခံအချက်(concept)အနေဖြင့် "ပြောင်းလွယ်ပြင်လွယ်ဖြစ်ရေး" သတ်မှတ်ကာ ရေးဆွဲစေခဲ့သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပသည့် JICM အစည်းအဝေးတွင် UPDJC မှ ပြုစုတင်ပြသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို အတည်ပြုနိုင်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၏ ဒုတိယဥက္ကဋ္ဌ သုံးဦးက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အား နိုင်ငံတော်သမ္မတထံ အခမ်းအနားဖြင့် ပေးအပ်ခဲ့သည်။

NCA စာချုပ် အပိုဒ်(၂၁)(ဂ) အရ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို စတင်လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် အထက်ပါမူဘောင်အရ ခေါ်ယူကျင်းပသော ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပနိုင်ခဲ့သည်။ ညီလာခံတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ပါဝင်သင့်ပါဝင်ထိုက်သူများ ကိုယ်စားလှယ် စုစုပေါင်း ၆၄၈ ဦး တက်ရောက်ခဲ့သည်။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် (၁)ဖက်ဒရယ်စနစ်တွင် အခြေခံသင့်သည့်မူများ (ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံဆိုင်ရာကိစ္စရပ်များ) (၂)ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စများ (IDPs) (၃) အခွန် ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း(Tax and Revenue Sharing) (၄) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအခြေခံသင့်သည့်မူများ (၅) သဘာဝသယံဇာတဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များ စသည့်အကြောင်းအရာ ခေါင်းစဉ်ငါးခုကို ဆွေးနွေးကာ သဘောထားအနှစ်ချုပ်များကို စုစည်းပြီး ညီလာခံတွင် မှတ်တမ်းတင်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်အရ အစိုးရသစ် တာဝန်ယူပြီးသည့်နောက်တွင် ၂၀၁၆ ခုနှစ်၊ မေ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသော (၆) ကြိမ်မြောက် UPDJC အစည်းအဝေးတွင် အဖွဲ့ဝင်စုစုပေါင်း ၄၈ ဦးပါဝင်သော UPDJC ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့သည်။

အစိုးရသစ်လက်ထက်တွင် ပြောင်းလွယ်ပြင်လွယ်မူအရ ရေးဆွဲထားသော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ် ၁၁ ရက်မှ စတင်ကာ ဆောင်ရွက်ခဲ့သည်။ ပါဝင်သင့် ပါဝင်ထိုက်သူများ အားလုံးပါဝင်လာနိုင်ရေးကို ရှေးရှုပြီး ထိုအစည်းအဝေးသို့ NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ဖိတ်ကြားခဲ့သဖြင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ် DPN ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးတပ်မတော်-မိုင်းလားတပ်ဖွဲ့ NDAA တို့မှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို (၆)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အပြီးသတ်အတည်ပြုရေးဆွဲနိုင်ခဲ့ခြင်း မရှိသေးပါ။

UPDJC အနေဖြင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အား ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်နေစဉ် တစ်ပြိုင်နက်တည်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဆက်လက်ကျင်းပနိုင်ရေးအတွက် ဆွေးနွေးပြင်ဆင်မှုများကို ပြုလုပ်ခဲ့သည်။

အစိုးရသစ်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဟူသော အမည်ဖြင့် အားလုံးပါဝင်၍ အားလုံးပိုင်ဆိုင်သော ငြိမ်းချမ်းရေးဖြစ်စဉ် စတင်နိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် UPDJC သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရန်အတွက် ညီလာခံကျင်းပရေး၊ ပူးတွဲကျင်းပရေးကော်မတီတစ်ရပ်ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပြင် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

ညီလာခံကျင်းပရေး ပူးတွဲကော်မတီသည် ပြင်ဆင်မှုများကို အဆင့်ဆင့်ပြုလုပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်ထိ ကျင်းပနိုင်ခဲ့သည်။ အားလုံးပါဝင်ရေးမူကို အခြေခံပြီး ညီလာခံသို့ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ညီလာခံတက်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးသို့ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီ (၂၂)ပါတီမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သောကိုယ်စားလှယ်များ စုစုပေါင်း ၁၄၁၀ ဦး တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးတွင် ဆွေးနွေးရမည့်အကြောင်းအရာကို ကန့်သတ်မထားဘဲ တက်ရောက်သော အဖွဲ့အစည်းများက မိမိတို့အဖွဲ့အစည်း၏ အမြင်သဘောထားများကို လွတ်လပ်စွာဆွေးနွေးခွင့်ပြုခဲ့သည်။ ဆွေးနွေးချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီတည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူအများသို့ ထုတ်လွှင့်ပြသနိုင်ခဲ့သဖြင့် မတူညီကွဲပြားလှသော အဖွဲ့အစည်းအသီးသီးတို့၏ သဘောထားများကို ပြည်သူတစ်ရပ်လုံးက သိရှိလေ့လာခွင့် ရခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်တဲ့သူအားလုံးက ပြည်သူနဲ့ နိုင်ငံရဲ့အကျိုးစီးပွားကို အခြေခံပြီး တွန်းအားပေးလုပ်ဆောင်နေတာ တွေ့ရပါတယ်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ ကျင်းပခဲ့သည်။

ထိုအခမ်းအနားသို့တက်ရောက်လာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အာရှရေးရာ အထူးသံတမန် မစ္စတာ ဆွန်း ကော်ရှန်အား မြန်မာ့ငြိမ်းချမ်းရေးအလားအလာနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရုတ်နိုင်ငံ၏ပံ့ပိုးကူညီမှုနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မေး - မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တရုတ်နိုင်ငံရဲ့ ပံ့ပိုးကူညီပေးနေတဲ့အပိုင်းကို သိလိုပါတယ်။**

ဖြေ - ပထမဆုံးအနေနဲ့ ပြောချင်တာကတော့ ဒီတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကျွန်တော်တို့တက်ရောက်ခြင်းက တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထောက်ပံ့ကူညီမှုကို ဖော်ပြနေခြင်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အနာဂတ်မှာ ကောင်းမွန်တဲ့အလားအလာတွေ ရှိတယ်လို့ ယုံကြည်ထားပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆိုရင် အဘက်ဘက်ကတော့ လိုအပ်ချက်၊ တောင်းဆိုချက်တွေ ရှိနေပါတယ်။ မတူညီတဲ့ ထင်မြင်ယူဆချက်အမျိုးမျိုးလည်း ရှိနေပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်နေတဲ့သူအားလုံးကတော့ ပြည်သူလူထုရဲ့ အကျိုးစီးပွား၊ နိုင်ငံရဲ့အကျိုးစီးပွားကိုအခြေခံပြီး ဝိုင်းဝန်းပြီးတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တွန်းအားပေးလုပ်ဆောင်နေတာ တွေ့ရပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ ငြိမ်းချမ်းရေးရထားလမ်းလိုပါပဲ။ ရထားလမ်းတစ်လျှောက်မှာ ဘူတာရုံက အသီးအသီးရှိပေမယ့် နောက်ဆုံး ဘူတာမရောက်သေးဘူးဆိုတော့ ဆက်လက်ပြီးတော့ တွန်းအားပေးဖို့လိုအပ်နေပါတယ်။ မြန်မာပြည်သူလူထုရဲ့ အကျိုးစီးပွားကိုအခြေခံပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်သူအားလုံးက ကြိုးစားနိုင်တယ်လို့ တရုတ်နိုင်ငံအစိုးရက မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို တွန်းအားပေးဆောင်ရွက်ဖို့ တရုတ်နိုင်ငံဘက်က ကျွန်တော်တို့တတ်နိုင်သလောက် ကူညီပေးပါမယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က နောက်ဆုံးမှာတော့ ကောင်းမွန်တဲ့ရလဒ် အောင်မြင်မှုရရှိမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။

**မေး - အစိုးရက ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်ဆောင်ရာမှာ အဓိကကျတဲ့ အခက်အခဲတွေက ဘာတွေဖြစ်မလဲဆိုတဲ့ တရုတ်နိုင်ငံရဲ့အမြင်ကို သိလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ NCA ကို လက်မှတ်မရေးထိုးသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေလည်း ရှိနေပါသေးတယ်။**



**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အာရှရေးရာ အထူးသံတမန် မစ္စတာ ဆွန်း ကော်ရှန်။**

ဖြေ - ကျွန်တော်ထင်တာကတော့ တချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက သူတို့ရဲ့ ငြိမ်းချမ်းရေးအစီရင်ခံစာတွေ၊ NCA အစီရင်ခံစာတွေမှာ သူတို့ရဲ့ တိုက်တွန်းချက်တွေ၊ တောင်းဆိုချက်တွေ ဖော်ပြထားပါတယ်။ မတူညီတဲ့သဘောထားတွေ ရှိနေပါတယ်။ ဒါပေမယ့် ကျွန်တော်ထင်တာကတော့ NCA လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း တွေ့ဆုံဆွေးနွေးမှုတွေမှာ ပါဝင်သင့်ပါတယ်။ မတူညီတဲ့ ထင်မြင်ယူဆချက်တွေရှိနေပေမယ့် တွေ့ဆုံဆွေးနွေးမှုတွေမှာ သူတို့လည်း ပါဝင်သင့်ပါတယ်။ ဒီလိုထင်မြင်ယူဆချက်တွေ ကွဲလွဲမှုရှိခဲ့တဲ့အတွက်၊ မတူညီတဲ့မျှော်လင့်ချက်ရှိခဲ့တဲ့အတွက် အားလုံးက ပိုမိုပြီး ဝိုင်းဝန်းတွေ့ဆုံဆွေးနွေးဖို့ လိုအပ်ပါတယ်။ အဲဒါက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်တဲ့ တရုတ်နိုင်ငံရဲ့ရပ်တည်ချက်ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခြင်းအားဖြင့် အထင်ကွဲလွဲမှုတွေ၊ ပြဿနာတွေကို ဖြေရှင်းနိုင်မယ်လို့ တရုတ်နိုင်ငံက ယုံကြည်ပါတယ်။ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကြား အပြန်အလှန်ယုံကြည်မှုတွေ တိုးမြှင့်လာပြီးတော့ တချို့ပြဿနာတွေကို ဖြေရှင်းလာနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်လက်ပြီးတော့ တက်တက်ကြွကြွနဲ့ တွန်းအားပေးပေးဖို့ ကောင်းမွန်တဲ့အခြေခံအုတ်မြစ်ကို ချမှတ်နိုင်မှာဖြစ်ပါတယ်။

**မေး - တရုတ်နိုင်ငံရဲ့အာရှရေးရာ အထူးသံတမန်အနေနဲ့ လက်ရှိအစိုးရလက်ထက်မှာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်မှုရရှိမယ်လို့ ယုံကြည်ပါသလား။**

ဖြေ - ယုံကြည်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထူးဦးစားပေးလုပ်ဆောင်နေတဲ့အတွက် အောင်မြင်မှုရရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးဖော်ဆောင်ရတာ နက်ရှိုင်းပြီး ခက်ခဲရှုပ်ထွေးတဲ့အတွက် အချိန်ကာလအတိုင်းအတာတစ်ခုတော့ ပေးရမယ်လို့ထင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ကျော်ထိုက်စိုး**
**ဓာတ်ပုံ - သုတ**

**စာအုပ်စာပေ လှူမိတ်ဆွေ**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အမြဲတမ်းအားထုတ်ပြီး မဖြစ်မနေလုပ်မယ်လို့ သန္နိဋ္ဌာန်စိတ်မျိုးနဲ့လုပ်နိုင်မှ အောင်မြင်မှုရနိုင်မယ်

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ ၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူအချို့အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -**



ခွန်ဥက္ကာ (ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်)



ပဒိုစောကွယ်ထူးဝင်း ( UPDJC ဒုတိယဥက္ကဋ္ဌ)



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (ချင်းအမျိုးသားတပ်ဦး)

**ဦးအောင်ကြည် (ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ခေါင်းဆောင်)**

ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က စိတ်ပျက်နေလို့ရတဲ့ကိစ္စမျိုး မဟုတ်ပါဘူး။ အမြဲတမ်းအားထုတ်ပြီး မဖြစ်မနေလုပ်မယ်လို့ သန္နိဋ္ဌာန်စိတ်မျိုးနဲ့လုပ်နိုင်မှ အောင်မြင်မှုရနိုင်မယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ မျှော်လင့်တဲ့ ငြိမ်းချမ်းရေးက အပြုသဘောဆောင်တဲ့ ငြိမ်းချမ်းရေးပါ။ အနာဂတ်ကာလမှာ တိုင်းပြည်တစ်ပြည်လုံး အေးအေးချမ်းချမ်းနဲ့ အကြမ်းနည်းနဲ့အရေးယူ ဆောင်ရွက်မှုတွေ မရှိဘဲနဲ့ အားလုံးကတန်းတူညီမျှ အနေအထားမျိုးနဲ့ အတူတကွ ယှဉ်တွဲပြီးတော့ နေထိုင်သွားနိုင်တဲ့ ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးက နှုတ်သဘောဆောင်တဲ့ငြိမ်းချမ်းရေးအတွက်တော့ အကောင်အထည်ဖော်ရတာလွယ်ပါတယ်။ အပြုသဘောဆောင်တဲ့ ငြိမ်းချမ်းရေးအတွက်ကျတော့ ရည်မှန်းချက်ကလည်းကြီးတယ်။ လုပ်ငန်းစဉ်ကလည်း တာရှည်ပါတယ်။ ဒါကြောင့် အချိန်ယူပြီး စိတ်ရှည်လက်ရှည်နဲ့ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

**ခွန်ဥက္ကာ (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်)**

NCA လက်မှတ်ရေးထိုးခဲ့တာ နှစ်နှစ်ပြည့်တဲ့အလျောက် ထိုက်သင့်တဲ့တိုးတက်အောင်မြင်မှုတွေရှိပါတယ်။ တချို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ပျက်နေပြီဆိုတဲ့ သဘောမျိုးပြောတာတွေ ရှိပါတယ်။ ဒီလိုပြောဆိုမှုတွေ မဟုတ်ဘူးဆိုတာ နှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ဟာ သက်သေပြတာပါ။ တစ်နှစ်ပြီး တစ်နှစ် နှစ်ပတ်လည်အခမ်းအနားကျင်းပတယ်ဆိုတာကလည်း အသိအမှတ်ပြုတယ်၊ ဂုဏ်ပြုတယ်၊ ဒါကို ဦးစားပေးတယ်၊ လက်ရှိအစိုးရကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မမေ့မလျော့ဘဲနဲ့ ဦးစားပေးတယ်ဆိုတာ သက်သေပြတဲ့အနေနဲ့ ကျင်းပတာပါ။

NCA မှာပါတဲ့ လမ်းပြမြေပုံ ခုနစ်ချက်ရှိတယ်။ ဒီခုနစ်ချက်မှာ လမ်းပြမြေပုံလေးက ဒီနှစ်ထဲမှာ ရောက်လာပြီးတော့ နောက်ဆုံး မေလ ၂၄ ရက် (၂၁) ရာစုပင်လုံမှာ လမ်းပြမြေပုံ (၅) ကို ကူးလိုက်တယ်။ ဒါပေမယ့် အပြည့်အဝတော့ မရောက်သေးဘူးပေါ့။ လမ်းပြမြေပုံ (၅) က ပြည်ထောင်စုစာချုပ်ချုပ်ဆိုခြင်းပေါ့။ လမ်းပြမြေပုံ (၅)က ကျွန်တော်ထင်တာတော့ ၂၀၁၈ လောက်မှာ ပြီးသွားနိုင်ပြီးတော့ ပြည်ထောင်စုစာချုပ်ရပြီးနောက်ပိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စတွေပါလာမယ်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လမ်းညွှန်မှုတွေချမှတ်တာပါလာမယ်။

NCA လက်မှတ်ရေးထိုးခဲ့တာ နှစ်နှစ်ပြည့်တဲ့ အပေါ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ အဖွဲ့တွေအနေနဲ့ အကျိုးခံစားခွင့်ရတာက နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပခွင့်ရတာပေါ့။ ဒီလိုကျင်းပခွင့်ရတဲ့အတွက် ကျွန်တော်တို့ဟာ ကိုယ်လိုချင်တဲ့ နိုင်ငံရေးအတွေးအခေါ် မူဝါဒတွေကို ပြည်သူလူထုကိုသော်လည်းကောင်း၊ ကိုယ့်လူမျိုးအချင်းချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းတွေ ကြားမှာသော်လည်းကောင်း ဆွေးနွေးတင်ပြနိုင်တာပေါ့။ အထူးသဖြင့် ကိုယ်လိုချင်တဲ့ နိုင်ငံရေးရည်မှန်းချက်ကို အစိုးရနဲ့ တပ်မတော်နဲ့ ဆွေးနွေးခွင့်ရနေတယ်ဆိုတာ အကြီးမားဆုံးအကျိုးအမြတ်ပါပဲ။

**ပဒိုစောကွယ်ထူးဝင်း( UPDJC ဒုတိယဥက္ကဋ္ဌ)**

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ဒီလက်နက်ကိုင် ပဋိပက္ခက လွတ်လပ်ရေးနဲ့အတူပေါက်ဖွားလာတာဖြစ်တယ်။ နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါးပါ။ အရင်တုန်းကအပစ်အခတ်ရပ်စဲရေးကိုသာလုပ်ဆောင်ခဲ့ဖူးပြီး နိုင်ငံရေးဆွေးနွေးပွဲတွေ မလုပ်ခဲ့ဖူးပါဘူး။ အခုတစ်ခေါက်မှာဆိုရင် NCA စာချုပ်မှာပါတဲ့ သဘောတူညီချက်အရ အပစ်အခတ်ရပ်စဲရေး သက်သက်မဟုတ်ဘဲနဲ့ ဒီလက်နက်ကိုင် ပဋိပက္ခကို ဖြစ်ပွားစေတဲ့ အခြေခံအကြောင်းရင်းတွေဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေကိုဆွေးနွေးကြဖို့၊ နောက်ပြီးတော့ တိုင်းရင်းသားတွေလိုလားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲကနေ ရလဒ်တွေ တည်ဆောက်ဖို့ဆိုတဲ့အနေနဲ့ NCA မှာ လက်မှတ်ရေးထိုးရတာဖြစ်တယ်။

အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်တာက ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခကို အခုလောလောဆယ်မှာ အကုန်လုံးချုပ်ငြိမ်းနိုင်တဲ့အထိ ဆောင်ရွက်နိုင်ပေမယ့်လည်း အပစ်အခတ်တွေရှိနေသေးတဲ့ဒေသတွေမှာတော့ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေတဲ့အတွက် အမှန်တကယ်ခံစားနေရတာက ပြည်သူတွေပါ။ လက်နက်ကိုင်ပဋိပက္ခမရှိတဲ့ဒေသတွေမှာနေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေးတွေမှာ ပိုမိုပြီးတော့ လွတ်လပ်မှုတွေရှိတယ်။ လူမှုဘဝတိုးတက်မြင့်မားလာတာတွေရှိတယ်။ အဲဒီအချက်ကိုတော့ လက်ခံတယ်။

NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်တာ နှစ်နှစ်ပဲရှိပါသေးတယ်။ လက်နက်ကိုင်ပဋိပက္ခက နှစ်ပေါင်း ၆၀ ကျော်နေတဲ့အတွက် ကျော်လွှားရမယ့် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေရှိတယ်။ ကျွန်တော်တို့ နှစ်ဖက်စလုံးကအတူတကွ အဆုံးတိုင်အထိ အကောင်အထည်ဖော်သွားမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချပြီး လက်မှတ်ရေးထိုးခဲ့ကြတာပါ။

လက်နက်ကိုင်ပဋိပက္ခရဲ့ အခြေခံအကြောင်းအရင်းတွေကို ကျွန်တော်တို့ လက်တွဲပြီးတော့ အဖြေရှာသွားကြမှာဖြစ်တယ်။ အောင်မြင်မှုရရှိမယ်လို့လည်းယုံကြည်ပါတယ်။ ကျွန်တော်တို့ နှစ်နှစ်အတွင်းမှာတော့ အကုန်လုံးအဆင်ချောသွားမယ်ဆိုတဲ့ မျှော်လင့်ချက်ထားလို့တော့ မရသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီ နှစ် ၆၀ ကျော် ဖြစ်ပွားလာတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို နှစ်နှစ်တည်းနဲ့ အပြီးသတ်ချုပ်ငြိမ်းပြီးတော့ နိုင်ငံရေးပြဿနာဖြေရှင်းနိုင်တဲ့အနေအထားတော့ မရှိသေးဘူး။ သို့သော်လည်းပဲ ငြိမ်းချမ်းရေးတည်ဆောက်တဲ့နေရာမှာအချိန်ပေးရမယ်၊ စိတ်ရှည်ရမယ်၊ သည်းခံရမယ်၊ ဇွဲရှိရမယ်၊ သတ္တိလည်းရှိရပါမယ်။

NCA မှာလက်မှတ်ရေးထိုးဖို့ ကျန်နေတဲ့အဖွဲ့တွေကလည်း NCA ကို လက်မခံတာမဟုတ်ဘူး။ လက်ခံတယ်။ မူလကတည်းက တချို့အဖွဲ့တွေကလည်း NCA ညှိနှိုင်းဆွေးနွေးပွဲတွေမှာ ပါဝင်ခဲ့တယ်။ NCA မှာပါတဲ့ စာသားကိုလက်ခံတယ်။ သို့သော်လည်း လက်မှတ်ရေးထိုးတဲ့ အချိန်မှာကျတော့ နိုင်ငံတော်အစိုးရ သဘောထားတစ်ရပ်ဖြစ်တဲ့ လက်နက်ကိုင် ပဋိပက္ခမရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအနေနဲ့ကတော့ အပစ်အခတ်ရပ်စဲရေး လုပ်စရာမလိုဘူး။ နိုင်ငံရေးဆွေးနွေးပွဲသွားလို့ရတယ်။ လက်မှတ်မရေးထိုးနိုင်တဲ့ လက်နက်ကိုင်အဖွဲ့တွေက NCA ကိုလက်ခံ၊ မခံအပေါ်မှာမူမတည်ဘဲ NCA ကို လက်မှတ်ရေးထိုးနိုင်ဖို့အတွက် အဆိုပြုတဲ့အချက်တွေ ညှိနှိုင်းလို့ပြီးရင် ရမယ်လို့ထင်ပါတယ်။

မြောက်ပိုင်းအဖွဲ့ဆိုတာကလည်း မူလက NCA ကိုလက်မခံဘဲနဲ့ အခြားနည်းလမ်းကို သွားဖို့ တင်ပြတာတွေရှိတယ်။ သို့သော် နောက်ပိုင်းမှာ NCA အတိုင်းပဲသွားမယ်ဆိုတဲ့ သဘောတော့ရှိလာတယ်။ ငြိမ်းချမ်းရေးတည်ဆောက်တဲ့နေရာမှာ အပစ်အခတ်ရပ်စဲရေး NCA သဘောတူစာချုပ်နဲ့ သွားရပါမယ်။ ဒီနှစ်မှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ ကိုယ်စားလှယ်ကလည်း NCA နည်းလမ်းသာ အကောင်းဆုံးဖြစ်ပါတယ်ဆိုတာ ထည့်သွင်းပြောကြားသွားပါတယ်။ အပစ်အခတ်ရပ်စဲမယ်၊ နိုင်ငံရေးဆွေးနွေးမယ်၊ အဖြေရှာမယ်၊ ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်မယ်။ ဒါမှ ငြိမ်းချမ်းတဲ့နိုင်ငံဖြစ်မယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (ချင်းအမျိုးသားတပ်ဦး)**

ကျွန်တော်တို့ NCA စာချုပ်ကို လက်မှတ်ရေးထိုးတာ နှစ်နှစ်ပြည့်သွားပြီ။ နှစ်နှစ်အတွင်းမှာ အောင်မြင်မှုတွေအများကြီး ရရှိပါတယ်။ NCA စာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့အဖွဲ့အစည်းတွေရဲ့ နယ်မြေတွေမှာ အပစ်အခတ်တွေကို ၈၀ ကနေ ၈၅ ရာခိုင်နှုန်းထိ လျှော့ချနိုင်ပါတယ်။ ဒါက တော်တော်လေးကြီးမားတဲ့ အောင်မြင်မှုလို့ ပြောလို့ရပါတယ်။

တချို့နေရာတွေမှာ တိုက်ပွဲတွေရှိနေသေးတယ်ဆိုပေမယ့် NCA စာချုပ်မှာပါတဲ့ အတိုင်း ပူးတွဲစောင့်ကြည့်ရေးကော်မတီကနေ စီစဉ်ပြီး ချက်ချင်းဆောင်ရွက်လို့ရတယ်ဆိုတာတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် NCA စာချုပ်ချုပ်ဆိုတယ်ဆိုတာ ပြည်ထောင်စုနဲ့ ပြည်သူလူထုကြီးအတွက် အင်မတန်အကျိုးရှိတဲ့လုပ်ငန်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

ဒုတိယအနေနဲ့က NCA စာချုပ်ကိုချုပ်ဆိုနိုင်တဲ့အတွက် အနှစ် ၇၀ နီးပါးကြာပြီဖြစ်တဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်ချုပ်ငြိမ်းစေရေးအတွက် အဖြေရှာနိုင်ပါတယ်။ အဲဒီအဖြေကတော့ နိုင်ငံရေးနည်းနဲ့ အဖြေရှာရမှာဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ပဲ ဖြေရှင်းတာဟာ လမ်းစဉ်ပဲဖြစ်ပါတယ်။ NCA စာချုပ်ချုပ်ဆိုပြီးတဲ့ နောက်ပိုင်း ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ကော်မတီ(UPDJC) ကိုဖွဲ့စည်းပြီး နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွေကို ကျင်းပနေပါတယ်။ အဲဒီလိုကျင်းပတဲ့နေရာမှာလည်းပဲ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို နေရာခြောက်နေရာမှာ ကျင်းပနိုင်ခဲ့ပါတယ်။

(၂၁)ရာစုပင်လုံကိုလည်း သုံးကြိမ်သုံးခါ ကျင်းပနိုင်ခဲ့ပါပြီ။ ဒါ့အပြင် ပြီးခဲ့တဲ့ပွဲမှာ ပြည်ထောင်စု သဘောတူစာချုပ်ကိုလည်း ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒါဟာNCA စာချုပ်မှာပါတဲ့ နိုင်ငံရေးလမ်းပြမြေပုံ အဆင့်(၅)ကို ရောက်ရှိနိုင်ပြီဖြစ်ပါတယ်။ ဒီအတိုင်းသာဆက်ပြီး ဆောင်ရွက်မယ်ဆိုရင် တိုင်းပြည်မှာ ငြိမ်းချမ်းရေးအစစ်မှန်ရမယ်။ တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကိုလည်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်လို့ ပြည်သူလူထုတစ်ရပ်လုံးကို သတင်းကောင်းပါးလိုက်ချင်ပါတယ်။

ဆက်ပြီး ကြိုးစားမယ်။ လုပ်စရာတွေ အများကြီးရှိနေပါသေးတယ်။ စိန်ခေါ်မှုတွေလည်း အများကြီးရှိနေပါသေးတယ်။ ဒီနေ့ ရင်ဆိုင်နေရတဲ့ အကြီးမားဆုံးစိန်ခေါ်မှုက နိုင်ငံရေးအရ မဟုတ်ဘဲ နည်းပညာအရဖြစ်ပါတယ်။ လုပ်နည်းလုပ်ဟန်အရပဲ ဖြစ်ပါတယ်။ ဆောင်ရွက်လို့ ကျော်လွှားလို့ရပြီး ပြည်ထောင်စုကြီးမှာ ငြိမ်းချမ်းရေး အမှန်တကယ်ရအောင် ကြိုးစားလို့ရတယ်ဆိုတာ တင်ပြချင်ပါတယ်။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာစတင်ခဲ့ပြီး လက်ရှိအစိုးရလက်ထက်မှာ ဆက်ပြီး ဆောင်ရွက်နေတဲ့အတွက် အစိုးရနှစ်ရပ်လုံးကို ကျေးဇူးတင်ချင်ပါတယ်။

တစ်ခုတင်ပြချင်တာကတော့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းထဲမှာ တချို့သောအဖွဲ့အစည်းတွေက NCA စာချုပ်ကို လက်မှတ်ရေးထိုးခြင်း မရှိသေးပါဘူး။ ငြိမ်းချမ်းရေး၊ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ မပါသေးဘူး။ ဒါတွေကို ကျွန်တော့်အနေနဲ့ အလေးအနက်ထားပြီး ဖိတ်ကြားချင်ပါတယ်။ တိုင်းပြည်အတွက် ငြိမ်းချမ်းရေးကို တကယ်ဆောင်ရွက်မယ်ဆိုရင်၊ နှစ် ၆၀ ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေချင်တယ်ဆိုရင်၊ ဒီမိုကရေစီပြည်ထောင်စုအနေနဲ့ ထူထောင်ချင်တယ်ဆိုရင် NCA လမ်းကြောင်းကလွဲလို့ တခြားမရှိပါဘူး။ ဒါကြောင့် NCA လမ်းကြောင်းကို လက်တွဲပြီးလုပ်ရအောင် စာချုပ်ကို လက်မှတ်ရေးထိုးဖို့တိုက်တွန်းချင်ပါတယ်။ UPDJC၊ JMC တွေမှာပါဝင်ပြီးတော့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ တစ်တပ်တစ်အားပါဝင်ပြီး ကျွန်တော်တို့နဲ့ လက်တွဲဆောင်ရွက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်၊**
**မျိုးသူဟိန်း၊ ကိုမင်း၊ ခင်စုစုလှိုင်**
**ဓာတ်ပုံ - အေးသန်း၊ ကျော်ရဲဆွေ**

## ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

**မုံရွာ အောက်တိုဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားကိုယနေ့ ညနေ ၃ နာရီတွင် မုံရွာမြို့ မုံရွာတက္ကသိုလ် (ဘက်စုံ)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာဇော်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆုရရှိသူကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ရာ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ဆုရရှိသူရှစ်ဦး၊ အလယ်တန်းအောက်အဆင့်ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသူရှစ်ဦး၊ မူလတန်းအထက်အဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသူရှစ်ဦး၊ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသူရှစ်ဦး၊ အလယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသူရှစ်ဦး၊ မူလတန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲတွင် ဆုရရှိသူရှစ်ဦး၊ အလယ်တန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲတွင် ဆုရရှိသူရှစ်ဦး၊ မူကြိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသူရှစ်ဦး၊ မူလတန်းအောက်အဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသူရှစ်ဦး၊ မူလတန်းအထက်အဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသူရှစ်ဦးတို့အား တာဝန်ရှိသူများကဆုများနှင့် အမှတ်တရပစ္စည်းများပေးအပ်ကြသည်။

ယင်းနောက်ပွဲတော်တွင် ပါဝင်ကူညီခဲ့ကြသည့် အကဲဖြတ်ဒိုင်များ၊ မျက်နှာဆေးရောင်ခြယ်အဖွဲ့၊ ကာတွန်းပညာရှင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ U Book Education Co.,Ltd.၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ၊ သိဃ်ခနေဆောက်လုပ်ရေးကုမ္ပဏီ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူအသင်း၊ မုံရွာမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံး၊ သပြေကလေးလူငယ်ပညာရေးနှင့် ကျန်းမာရေးထောက်ပံ့မှုအဖွဲ့၊ မုံရွာအလင်းရွှေ့လျားစာကြည့်တိုက်၊ Save the Library၊ Shanti Volunteer Association (SVA)၊ Hepta Mix Creative Marketing Service၊ Bolt (Matted Milk)၊ Win- Unity၊ Premier Coffee၊ United Pharmaceutical Co., Ltd. (Neutroplex) တို့အားတာဝန်ရှိသူများကဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီး အခမ်းအနားကိုအောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**(အောင်မင်းဟန်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ၏ နိုင်ငံရေးဌာနဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် Mr. Jeffery Feltman နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ကမ္ဘာကမှန်ကန်စွာ ရှုမြင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် ရခိုင်အရေးကိစ္စများကို အကောင်းဆုံးဖြေရှင်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ကုလသမဂ္ဂအဖွဲ့မှ မြန်မာနိုင်ငံအပေါ်ထားရှိသည့် သဘောထားများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ဒုတိယဝန်ကြီး ဦးစိုးအောင် ရခိုင်ပြည်နယ်အတွင်း ရေတို၊ ရေရှည်လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ရေး ကွင်းဆင်းဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်၊ ရခိုင်ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ကော်မတီဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ပါ အဓိကလုပ်ငန်းစဉ် သုံးရပ်ကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းညှိနှိုင်းဆောင်ရွက်သည်။



အဆိုပါအဖွဲ့သည် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်သူသို့ တင်ပြချက်ပါ အဓိကလုပ်ငန်းစဉ် (၃) ရပ်ဖြစ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးနှင့် ဒုက္ခသည်များပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၄ ရက်က အင္ဂူမော်-မောင်တောလမ်းတစ်လျှောက် ကျေးရွာများ၏ အခြေအနေ၊ လမ်းတံတားများ ပြန်လည်အဆင့်မြှင့်တင်ရန်နှင့် တိုးချဲ့ဖောက်လုပ်ရန် လိုအပ်မှုအခြေအနေ၊ မြို့ရွာများစနစ်တကျ အကွက်ချတည်ဆောက်ရန် လိုအပ်မှုအခြေအနေနှင့် ဆက်သွယ်ရေးတာဝါတိုင်ကွန်ရက်များ အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာနများ၏ လတ်တလော ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက လတ်တလော စားသောက်နေထိုင်ရေးအတွက် နှစ်ဖက်အဖွဲ့အစည်းများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများထောက်ပံ့ဆောင်ရွက်ပေးထားမှုနှင့် အပတ်စဉ်အလိုက်၊ လအလိုက် ဆက်လက်ထောက်ပံ့မည့်အစီအစဉ်များ ဆောင်ရွက်ထားမှု၊ မကြာမီရိတ်သိမ်းရတော့မည့် စပါးများရိတ်သိမ်းရေးနှင့် ရိတ်သိမ်းခြွေလှေ့စက်များ၊ သိုလှောင်ထိန်းသိမ်းရန်နေရာများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ မွေးမြူရေးကဏ္ဍ၌ ထိန်းကျောင်းမဲ့တိရစ္ဆာန်များ လတ်တလောထိန်းသိမ်း စောင့်ရှောက်မည့်အစီအမံ၊ လမ်းတံတားများဖောက်လုပ်မည့် အခြေအနေနှင့် ကျေးရွာများ အကွက်ချဆောင်ရွက်မည့် ပုံစံတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် စီမံထားရှိမှုများကိုလည်းကောင်း၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ လမ်း၊တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးစိုးအောင်နှင့် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့က ဒေသအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတို့နယ်မြေဒေသအကြောင်းကို ပိုမိုသိရှိနားလည်ကြသည့်အတွက် ဒေသ၏အမှန်တကယ်လိုအပ်မှု၊ ကဏ္ဍအလိုက် အမှန်တကယ် ဆောင်ရွက်သင့်သည့်လုပ်ငန်း၊ လိုအပ်မည့်ငွေကြေးအရင်းအနှီး၊ စက်ယန္တရား၊ လုပ်သားအင်အားစသည်တို့ကို မှန်ကန်ပွင့်လင်းစွာ တင်ပြဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့အနေဖြင့်လည်း လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပိုမိုတိုးမြှင့်ပေးစေလိုကြောင်းနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဒေသခံပြည်သူများအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်း၍ အချိန်တိုအတွင်း တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း၌ ဝန်ကြီးဌာနအလိုက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုလည်း လုံခြုံချမ်းမြေ့စွာ နေထိုင်တာဝန်ထမ်းဆောင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် ဆွေးနွေးမှာကြားခဲ့သည်။

အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မောင်တောမြို့မှ တောင်ပြိုလက်ဝဲမြို့သို့ သွားရောက်၍ လမ်းတစ်လျှောက် လမ်းပြုပြင်ရမည့်အခြေအနေများနှင့် လမ်းပိုင်းများ ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ထို့နောက် တောင်ပြိုလက်ဝဲမြို့ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ် တံတားဝင်ပေါက်အနီးတွင် ပြန်လည်လက်ခံရေးစခန်း ဖွင့်လှစ်နိုင်မည့်နေရာ၊ စိစစ်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ယာယီနေထိုင်ရေးစခန်းသို့ ပို့ဆောင်နိုင်မည့် လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လမ်းခရီးတစ်လျှောက် တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက် ပြတ်တောက်နေမှုများကို စီစဉ်ဆောင်ရွက်နိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းခရီးတွင် လောင်းဒုံလမ်းဆုံ၌ တိုင်းရင်းသားများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများ၊ ငါးသေတ္တာနှင့် အစားအစာများ ဖြန့်ဝေထောက်ပံ့နေမှုကို အားပေးကြည့်ရှုပြီး တိုင်းရင်းသားများ၏ လိုအပ်ချက်များကိုမေးမြန်းကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**



# ရန်ကုန်မြို့ရှိ ဟိန္ဒူဘာသာဝင်များက စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများအတွက် ထောက်ပံ့ပစ္စည်းများလှူဒါန်း

**စစ်တွေ အောက်တိုဘာ ၁၅**

ရန်ကုန်မြို့ရှိ ဟိန္ဒူဘာသာဝင်များက စစ်တွေမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသော ဟိန္ဒူဘာသာဝင်များအတွက် ယမန်နေ့ ညနေပိုင်းက အသုံးအဆောင်ပစ္စည်းများအား လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ပရဟိတအဖွဲ့က ဒီစစ်တွေမြို့ကို လာရောက်လှူဒါန်းတာ တတိယအကြိမ်ရှိပါပြီ။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်တုန်းကတော့ မီးဖိုချောင်အသုံးအဆောင်တွေနဲ့ အလှူငွေတွေ လှူဒါန်းခဲ့ပါတယ်။ အခု တတိယအကြိမ်မှာတော့ စစ်တွေမြို့ပေါ်စခန်းသုံးခုက ကလေးငယ်တွေအတွက် ငွေကျပ်သိန်းသုံးဆယ်ကျော် တန်ဖိုးရှိတဲ့ အင်္ကျီအထည် ၅၀၀ နဲ့ ခြုံစောင်တွေကိုလှူဒါန်း ဖြစ်ခဲ့ပါတယ်။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်မှာလည်း ငွေကျပ်သိန်းလေးဆယ်ဖိုးစီ လှူဒါန်းပေးခဲ့ပြီးပါပြီ"ဟု အလှူရှင်အဖွဲ့မှ ဒေါ်ကက်သလင်းသိန်းက ပြောသည်။

အဆိုပါဟိန္ဒူဘာသာဝင်များအဖွဲ့(ရန်ကုန်) သည် စစ်တွေမြို့ မင်းဘာကြီးလမ်းရှိ ဟိန္ဒူဘုရားကျောင်း၊ ချင်းပုံလမ်းရှိ ဟိန္ဒူဘုရားကျောင်းနှင့် ဧည့်ဝတီအားကစားကွင်းရှိ ဟိန္ဒူဘာသာဝင်များအား သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ်လာရောက်စဉ်က အလိုတော်ပြည့် ဆရာတော်နှင့် အဓိဌာန်ဆရာတော်တို့အား ဒေသခံတိုင်းရင်းသားများအတွက် အလှူငွေကျပ် ငါးသိန်းစီ လှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

ထို့အပြင် ယာယီစခန်းများရှိဟိန္ဒူဘာသာဝင်များအား ဒီပါဝလီအထိမ်းအမှတ် မုန့်အချို့ အခု ၃၀၀၀ ကိုလည်း ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဟန်လင်းနိုင် (စစ်တွေကိုယ်ပွား)**

# Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD

## အင်တာနက်စာမျက်နှာ Website စတင်လွှင့်တင်

**နေပြည်တော် အောက်တိုဘာ ၁၅**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD) ၏ အင်တာနက်စာမျက်နှာ Website ကို ယနေ့ စတင်လွှင့်တင်လိုက်သည်။

အင်တာနက်လိပ်စာမှာ http://rakhine.unionenterprise.org/ ဖြစ်ပြီး Donation ပြုလုပ်လိုသူများ ဆက်သွယ်လှူဒါန်းနိုင်မည့် ဘဏ်စာရင်းများကိုလည်း ဖော်ပြထားသည်။

ဤစီမံကိန်းအနေဖြင့် ရခိုင်ပြည်နယ်အတွက် အောက်ဖော်ပြပါ အဓိကလုပ်ငန်းစဉ်ကြီး (၃)ခုကို ဆောင်ရွက်သွားမည်ဖြစ်သည်-

လုပ်ငန်းစဉ် (၁)လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး။

လုပ်ငန်းစဉ် (၂) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး။

လုပ်ငန်းစဉ် (၃) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine) တွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း၊ ပြည်ပနိုင်ငံ အဖွဲ့အစည်းစုံ ပါဝင်နိုင်မှု၊ ကဏ္ဍစုံ၊ အလွှာစုံပါဝင်နိုင်မှု၊ လုပ်ငန်းမျိုးစုံ ဆောင်ရွက်နိုင်မှုတို့အတွက် ရည်ရွယ်ပြီး ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဤစီမံကိန်းတွင် ပြည်သူပြည်သားများ၊ ပြည်တွင်း NGO များနှင့် CSO များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ ပူးပေါင်းပါဝင်ကြရန် မေတ္တာရပ်ခံထားပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီပေးရန် ကမ်းလှမ်းထားသည့် နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ World Bank နှင့် ADB ကဲ့သို့သော ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ Nippon Foundation ကဲ့သို့သော INGO အဖွဲ့အစည်းများနှင့် မိတ်ဆွေနိုင်ငံများ ပါဝင်ကြရန်လည်း ဖိတ်ခေါ်ထားသည်။ **(သတင်းစဉ်)**




# ကော့မှူးမြို့နယ်၌ လူငယ်နှင့် မီဒီယာခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၅**
လူငယ်များ အသိပညာဗဟုသုတ ရရှိစေရန်နှင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ လူငယ်နှင့်မီဒီယာခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို ယနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်ရှိ လူမှုအခြေပြု ဗဟိုဌာန (Community Center) ၌ ပြုလုပ်သည်။




ပြည်သူ့စကားဝိုင်းတွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ ရန်ကုန်လူငယ်ကွန်ရက်မှ မသဉ္ဇာရွှန်းလဲ့တို့ ပါဝင်ဆွေးနွေးကြပြီး ကော့မှူးမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူ လူငယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ပြည်သူ့စကားဝိုင်းတွင် အွန်လိုင်းလူမှုကွန်ရက်များတွင် တွေ့ရသည့် သတင်းများကို အမှားအမှန် ခွဲခြားသိနိုင်ရန်၊ အွန်လိုင်းသုံးစွဲသူများအနေဖြင့် အချိန်၊ ငွေကြေး ကုန်ကျမှုနှင့်ညီမျှပြီး မိမိအတွက်သာမက ပတ်ဝန်းကျင်ကိုပါ အကျိုးရှိရှိ အသုံးပြုတတ်စေရန် နည်းလမ်းများကို ဆွေးနွေးကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်က "ကမ္ဘာမှာရော မြန်မာနိုင်ငံမှာပါ ဆိုရှယ်မီဒီယာကို လူကြီး၊ လူငယ် အရွယ်သုံးပါးမရွေး ကျား/မ မရွေး တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြတယ်။ လူမှုမီဒီယာထဲမှာ ဖေ့စ်ဘွတ်က လူသိများတယ်။ မြန်မာနိုင်ငံမှာဆိုရင် လူတွေကြည့်လိုက်ရင် ဖုန်းနဲ့ဖေ့စ်ဘွတ်သုံးနေကြတယ်။ ဖေ့စ်ဘွတ်သုံးနေတဲ့အတွက် အချိန်တွေပေးနေရတယ်။ ဖေ့စ်ဘွတ်သုံးဖို့အတွက် ငွေကြေးတွေ စိုက်ထုတ်သုံးစွဲရတယ်။ ဖုန်းပေါ်ကစာတွေကို အာရုံစိုက်ကြည့်ရတဲ့အတွက် မျက်စိကျန်းမာရေးလည်း ထိခိုက်တယ်။ ပေးဆပ်မှုတွေနဲ့ ထိုက်တန်တဲ့ သတင်းအချက်အလက်တွေ ရရဲ့လားဆိုတာ စဉ်းစားဖို့လိုလာတယ်။ ကိုယ့်ဘဝ တိုးတက်ဖို့အတွက် တန်ဖိုးရှိတဲ့သတင်းအချက်အလက်တွေ ရရဲ့လားဆိုတာ ဆန်းစစ်ဖို့လိုလာတယ်။ ဆိုရှယ်မီဒီယာက ကိုယ့်အတွက်ပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ တိုင်းပြည်အတွက်ပဲဖြစ်ဖြစ် တစ်ဦးချင်းအကျိုးစီးပွားတွေကနေ နောက်ဆုံးကြည့်လိုက်ရင် တိုင်းပြည်ရဲ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်တဲ့ အကျိုးရှိတဲ့မီဒီယာတစ်ခု ရောက်စေချင်တယ်"ဟု ပြောသည်။

သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က "လူမှုကွန်ရက်မှာ ကျွန်တော်တို့ဆီမှာ ခေတ်အစားဆုံးက ဖေ့စ်ဘွတ်ပေါ့။ ဖေ့စ်ဘွတ်ကို လူတွေသုံးစွဲမှုများလာတယ်။ တချို့တစ်နေ့တစ်နေ့ ဒါနဲ့ပဲ အချိန်ကုန်နေကြတယ်။ ဖေ့စ်ဘွတ်သုံးတာက ကောင်းပါတယ်။ နည်းပညာကို အားပေးရာရောက်တယ်။ ဒါပေမယ့် အခုတွေ့နေရတာက တလွဲသုံးနေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပုတ်ခတ်တာတွေ၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေ ဖန်တီးတာတွေ တွေ့နေရတယ်။ အဓိကက လူမှုကွန်ရက်သုံးစွဲတဲ့အခါ ဘယ်လိုသုံးစွဲသင့်တယ်၊ ဘယ်လိုစိတ်ထားသင့်တယ်၊ ဘာတွေသတိထားသင့်တယ်ဆိုတာ ဆွေးနွေးခဲ့တယ်။ နည်းပညာဆိုတာက အတုတွေလည်း အများကြီးလုပ်လို့ရတယ်။ ဒီမှာက အွန်လိုင်းပေါ်တွေ့လိုက်ရင် ယုံလိုက်တာပဲ။ လူမှုကွန်ရက် ဘယ်လိုသုံးစွဲရတယ်၊ ဘယ်လိုသတိထားရမယ်ဆိုတာ သိသလောက်တတ်သလောက် မျှဝေခဲ့တယ်" ဟု ပြောသည်။

ပြည်သူ့စကားဝိုင်း ဦးဆောင်ဆွေးနွေးသူများက လူမှုကွန်ရက်များမှ တစ်ဆင့် တောင်သူလယ်သမားများအနေဖြင့်လည်း စပါးဈေးနှုန်းများကို လေ့လာ၍ရကြောင်း၊ နည်းပညာအထောက်အကူဖြင့် ကိုယ့်ဘဝ တိုးတက်ရာ တိုးတက်ကြောင်းများကို ရှာဖွေနိုင်ကြောင်း၊ တာဝန်ရှိသူများကလည်း နည်းပညာနှင့်ပတ်သက်သည့် သိမှုတတ်မှုများကို ပြည်သူများနားလည်အောင် လုပ်သင့်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း နည်းပညာနှင့်ပတ်သက်ပြီး ဒီထက်မက သိအောင်လုပ်ဆောင်သင့်ကြောင်း၊ ဖေ့စ်ဘွတ်သုံးစွဲမှုဖြင့် အချိန်မကုန်ဆုံးစေချင်ကြောင်း ဆွေးနွေးကြသည်။

"အွန်လိုင်းမှာ တချို့က နာမည်ရင်း၊ ဓာတ်ပုံအမှန်မသုံးဘဲ ငါပြောရင် ဘယ်သူမှမသိပါဘူးဆိုပြီး လက်လွတ်စပယ် ရေးသားကြတယ်။ မြန်မာတစ်ယောက်အနေနဲ့ ကြည့်ဖို့ဖတ်ဖို့တောင် မသင့်တဲ့စကားလုံးတွေ ရေးသားပြောဆိုနေကြတယ်။ လူ့ကျင့်ဝတ်အရလည်းမကောင်းဘူး။ တာဝန်မဲ့မလုပ်သင့်ဘူး။ ကိုယ့်ကျင့်ဝတ် ကိုယ်ထိန်းသင့်တယ်။ ကျင့်ဝတ်နဲ့မထိန်းရင် ဥပဒေက ရှိနေပြီ။ ဥပဒေနဲ့ထိန်းတာလိုအပ်ပေမယ့် ကျင့်ဝတ်နဲ့ထိန်းစေချင်တယ်။ အွန်လိုင်းပေါ်မှာရေးနေတာက ကိုယ့်သမိုင်းကိုယ်ရေးနေတာပါ။ ပေါ့ပေါ့တန်တန် မရေးစေချင်ဘူး။ သက်ရောက်မှုက အရေးကြီးတယ်။ ကိုယ့်ကြောင့် လူ့အဖွဲ့အစည်းမှာ အပြောင်းအလဲအများကြီးဖြစ်သွားနိုင်တယ်။ အများကြီးဒုက္ခရောက်သွားနိုင်တယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က ပြောသည်။

ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်းက "ကျောင်းသားတွေအနေနဲ့ ပညာရေးနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်မယ်။ အွန်လိုင်းကို အကျိုးရှိရှိသုံးစေချင်တယ်။ ဘာပဲလုပ်လုပ် စည်းကမ်းဘောင်နဲ့လုပ်စေချင်တယ်။ အလွန်အကျွံဖြစ်သွားမယ်ဆိုရင် မျက်စိအမြင်အာရုံကိုပါ ထိခိုက်စေနိုင်တယ်။ မီဒီယာလောကက ကျယ်ပြန့်လာတော့ ဖေ့စ်ဘွတ်ကို တော်တော်များများသုံးစွဲလာနေကြပြီ။ ဒီအပေါ်မှာ သတင်းအချက်အလက်တွေကိုလည်း အတည်ပြုနိုင်တဲ့၊ စဉ်းစားနိုင်တဲ့၊ တွေးခေါ်တဲ့အမြင်ရှိစေချင်တယ်"ဟု ပြောသည်။

ထို့အတူ ရန်ကုန်လူငယ်ကွန်ရက်မှ မသဉ္ဇာရွှန်းလဲ့က "မြန်မာနိုင်ငံမှာဆိုရင် သတင်းအမှားအမှန်ကို ခွဲခြားသိဖို့ အခက်အခဲတွေရှိကြတယ်။ လက်ရှိသတင်းတစ်ခုကို မယုံခင်တွေးဖို့၊ သတင်းတစ်ခုတက်လာရင် ဟုတ်၊ မဟုတ် တခြားသတင်းဌာနတွေ၊ ဝက်ဘ်ဆိုက်တွေကိုလည်း လေ့လာကြည့်သင့်တယ်။ အွန်လိုင်းပေါ်မှာ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာတွေ လူငယ်တွေအနေနဲ့ ရှောင်ကြည်သင့်တယ်။ ဓာတ်ပုံတွေတင်တဲ့အခါမှာလည်း တခြားလူတစ်ဦးရဲ့ ဂုဏ်သိက္ခာ ထိခိုက်စေနိုင်တယ်ဆိုတာ အသိတရားကျင့်ဝတ်နဲ့ စောင့်ထိန်းသင့်တယ်ဆိုတာ မျှဝေခဲ့တယ်"ဟု ပြောသည်။

ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ကော့မှူးမြို့နယ် တောင်ပိုင်းရပ်ကွက်မှ ဒသမတန်းကျောင်းသူ မသရဖီခိုင်က "ဆွေးနွေးပွဲတက်ရတဲ့အတွက် ဖေ့စ်ဘွတ်ရဲ့ ကောင်းကျိုးဆိုးကျိုးတွေ သိလာတယ်။ အကျိုးရှိရှိသုံးရင် ကိုယ့်အတွက် ကောင်းကျိုးရှိတယ်ဆိုတာ သိရတယ်။ ဆိုးကျိုးတွေကတော့ တချို့တွေက သူတို့ရဲ့ခံစားချက်တွေတင်ကြတယ်။ လူငယ်တွေကြည့်ပြီး အတုယူမှားတာတွေ့ရတယ်"ဟု ပြောသည်။

ထို့အတူ ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ကော့မှူးမြို့နယ် မြို့ကုန်းကျေးရွာမှ မောင်နေလင်းအောင်က "ဆွေးနွေးပွဲတက်ခွင့်ရတဲ့အတွက် ဖေ့စ်ဘွတ်ရဲ့ ကောင်းကျိုးဆိုးကျိုးတွေ သိလာတယ်။ ပညာရေးနဲ့ပတ်သက်ရင် ဘယ်လိုလေ့လာလို့ရတယ်၊ နည်းပညာတွေကို ဘယ်လိုလေ့လာလို့ရတယ်ဆိုတာ သိခွင့်ရတယ်။ ရှောင်ရမယ့်အချက်တွေကိုလည်း သိရတယ်"ဟု ပြောသည်။

ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်နှင့် တစ်ဦးကိုတစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူမှုအခြေပြုဗဟိုဌာန (Community Center) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ဆွေးနွေးပွဲမှ သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# အင်္ဂလန်ရောက် မြန်မာနိုင်ငံသားများ၊ ဗြိတိန်နိုင်ငံသားများနှင့် မြန်မာမွတ်စလင်အချို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံပွဲများပြုလုပ်

**လန်ဒန် အောက်တိုဘာ ၁၅**

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်၌ အောက်တိုဘာ ၁၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီမှစ၍ အင်္ဂလန်ရောက် မြန်မာနိုင်ငံသားများ၊ ဗြိတိန်နိုင်ငံသားများနှင့် မြန်မာမွတ်စလင်အချို့အပါအဝင် လူပေါင်း ၄၀၀ ခန့်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသည့်ဆန္ဒပြပွဲများကို နေရာသုံးနေရာတွင် ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။



ဗြိတိန်ပါလီမန်အဆောက်အအုံရှေ့တွင်လည်းကောင်း၊ အမှတ်(၁၀) ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ် ထရေစာမေ၏ စံအိမ်တော်ရှေ့တွင်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံရှေ့တွင် လည်းကောင်း ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသည့် ဆန္ဒပြပွဲများကို ပြုလုပ်ခဲ့ကြသည်။

"ဆန္ဒပြပွဲရဲ့ ရည်ရွယ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြည်သူလူထု တင်မြှောက်ထားတဲ့ အစိုးရနောက်မှာ နိုင်ငံခြားရောက် မြန်မာပြည်သူပြည်သားများ အားလုံးရပ်တည်တဲ့အကြောင်းကို ဆန္ဒဖော်ထုတ်ချင်လို့ပါ။ ကျွန်တော်တို့အားလုံးဟာ အနောက်နိုင်ငံတွေရဲ့ မီဒီယာတွေကနေပြီးတော့ မဟုတ်မမှန် ဘက်လိုက်ပြောဆိုနေတဲ့၊ ပြီးတော့ ကျွန်တော်တို့ပြည်သူလူထုက တင်မြှောက်ထားတဲ့အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အပုပ်ချပြောဆိုနေတာတွေကို ကျွန်တော်တို့က လက်မခံနိုင်ကြောင်း၊ မဟုတ်ကြောင်းကို ဆန္ဒဖော်ထုတ်တာဖြစ်ပါတယ်။ ပြီးတော့ တိုင်းပြည်အခြေအနေပေါ့၊ ဒီဖြစ်ပေါ်နေတဲ့ အခြေအနေမှာ ဒေါ်အောင်ဆန်းစုကြည်သာလျှင် အကောင်းဆုံး လုပ်ဆောင်နိုင်တယ်ဆိုတာကို ကျွန်တော်တို့ယုံကြည်တဲ့၊ ထောက်ခံတဲ့ဆန္ဒပြပွဲပါ" ဟု ဦးဆောင်လှုပ်ရှားသူ ဒေါက်တာသက်ကိုကိုက မီဒီယာသို့ ပြောကြားသည်။

"လွန်ခဲ့တဲ့ ရက်သတ္တသုံးပတ်ကတည်းက ကျွန်တော်တို့ဆီမှာ အကောင့်တစ်ခုလုပ်ထားတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေအတွက် ဒုက္ခသည်တွေရော၊ ရခိုင်ပြည်နယ်မှာ အစိုးရကုန်ကျရမယ့်ဟာတွေကို ကျွန်တော်တို့က ဝိုင်းဝန်းပြီးတော့ အစိုးရကို ကူညီတဲ့အနေနဲ့ အစကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အတိုင်ပင်ခံရုံးကို ပိုက်ဆံလှူမယ်လို့ ရည်မှန်းပြီးတော့ လုပ်တယ်၊ သံအမတ်ကြီးကနေတစ်ဆင့်သွားမယ်ပေါ့။ ကျွန်တော်တို့လုပ်နေတုန်းမှာပဲ အမေစုက ဟိုတစ်နေ့က မိန့်ခွန်းပြောလိုက်ပြီး ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနဲ့ လူမှုရေးကော်မတီလားမသိဘူး၊ ဖွဲ့လိုက်ပြီလို့ပြောတယ်ဆိုတော့ ကျွန်တော်တို့က အဲဒီကော်မတီကို လှူပါ့မယ်။ fundraise လုပ်ထားတာ တစ်သောင်းနှစ်ထောင်ကျော်ရသွားပါပြီ" ဟု ဒေါက်တာသက်ကိုကိုက ဆက်လက်ပြောသည်။

"အခုလို လက်ရှိ NLD အစိုးရကို ထောက်ခံဆန္ဒပြပွဲတွေကျင်းပခဲ့သလို ကူညီရေးရန်ပုံငွေအတွက်လည်း စတင်ဆောင်ရွက်နေတဲ့အပြင် လက်ရှိမြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစိုးရကသာလျှင် ဖြေရှင်းနိုင်မှာဖြစ်တဲ့အတွက် ဗြိတိန်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အစိုးရကို ကူညီပေးဖို့ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ လက်တွဲပြီး သူ့ကို ထောက်ခံပေးဖို့ မြန်မာနိုင်ငံသားတွေ စုပေါင်းလက်မှတ်ရေးထိုးထားတဲ့ မေတ္တာရပ်ခံစာကိုလည်း ဝန်ကြီးချုပ် ထရေစာမေဆီ လိပ်မူပြီး လာမယ့် အောက်တိုဘာ ၁၇ ရက်မှာ သွားပို့ပေးမှာဖြစ်ပါတယ်"ဟု ဒေါက်တာသက်ကိုကိုက ဗွီအိုအေသတင်းဌာနသို့ ပြောသည်။

**ဗွီအိုအေ(မြန်မာ)။**

# မိုဂါဒစ်ရှူးမြို့တော်၌ ဟိုတယ်ပုံးခွဲတိုက်ခိုက်ခံရ၊ သေဆုံးသူ ၈၅ ဦးအထိ တိုးလာ

**မိုဂါဒစ်ရှူး အောက်တိုဘာ ၁၅**

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးတွင် အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းက ဟိုတယ်တစ်လုံးကို ပစ်မှတ်ထား၍ ဗုံးဖောက်ခွဲတိုက်ခိုက်ရာ သေဆုံးသူ ဦးရေ ၈၅ ဦးအထိ တိုးလာကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့တော်ရှိ ဆာဖာရီဟိုတယ်၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လတ်တလောတွင် ရုပ်အလောင်း ၈၅ လောင်းအထိ ရေတွက်ရရှိကြောင်း အာမင်လူနာယာဉ်တင် ယာဉ်ဝန်ဆောင်မှုလုပ်ငန်းမှ ညွှန်ကြားရေးမှူး အဗ္ဗဒယ်လ်ကာဒီယာ အာဗ်ဒီရာဟန်အဒမ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူဦးရေ မြင့်တက်လာဖွယ်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရသူ ၂၅၀ ကျော်ကို ဆေးရုံ ဆေးခန်းများတွင် ကုသပေးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆာဖာရီဟိုတယ် ဗုံးဖောက်ခွဲတိုက်ခိုက်ခံရခြင်းမှာ မြို့တော်မိုဂါဒစ်ရှူးတွင် မကြာသေးမီကာလအတွင်း လူအသေပျောက် အများဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း အဒမ်က ပြောကြားသည်။

သမ္မတမိုဟာမက်အဗ္ဗဒူလာဟီ မိုဟာမက်သည် ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းမှစ၍ ဝမ်းနည်းကြေကွဲမှုကာလကို သုံးရက်သတ်မှတ်ကြေညာခဲ့သည်။

အဆိုပါ ဟိုတယ်ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် မွန်းလွဲပိုင်းအချိန် လူစည်ကားရာ ကေအမ် ၅ လမ်းဆုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိခိုက်ဒဏ်ရာရသူ လူနာများအတွက် သွေးအလှူခံမှုများ ပြုလုပ်နေကြောင်း သတင်းတွင် ဖော်ပြသည်။

ဆိုမာလီနိုင်ငံတွင် ယင်းသို့သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကို အစ္စလာမ့်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)နှင့် ချိတ်ဆက်ထားသည့် အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုက ပြုလုပ်လေ့ရှိသော်လည်း ယခုနောက်ဆုံးဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် ၎င်းတို့တာဝန်ရှိသည်ဟု ယခုအချိန်အထိ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

**ဆင်ဟွာ။**



# အင်ဂိုလာမြောက်ပိုင်း ကွမ်ဇာနိုတေးပြည်နယ်တွင် ဧရိယာစတုရန်းမီတာ ၂ ဒသမ ၉ သန်းကျော်၌ မိုင်းရှင်းလင်းပြီး

**ဒါလာတန်ဒို(အင်ဂိုလာ) အောက်တိုဘာ ၁၅**

အင်ဂိုလာနိုင်ငံမြောက်ပိုင်း ကွမ်ဇာနိုတေးပြည်နယ်၌ ၂၀၀၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိကာလတွင်း ဧရိယာစတုရန်းမီတာ ၂ ဒသမ ၉ သန်းကျော်ရှိ မြေနေရာတွင် မြေမြှုပ်မိုင်းရှင်းလင်းဖယ်ရှားမှုပြုလုပ်ပြီးစီးခဲ့ကြောင်း အမျိုးသားမိုင်းဗုံးရှင်းလင်းရေးသိပ္ပံမှ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းအကြီးအကဲ ချိုင်တာမီလိုင်အန်က အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားသည်။

၂၀၀၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကာလအတွင်း ကွမ်ဇာနိုတေးပြည်နယ်၌ တင့်ကားဖျက်မိုင်းကိုးလုံး၊ နင်းမိုင်း ၉၉ လုံးနှင့် အမျိုးအစားမတူညီသည့် မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းအရေအတွက် ၂၉၀၀၀ ခန့်ကို ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကွမ်ဇာနိုတေးပြည်နယ်၏မြေပုံပေါ်တွင် လတ်တလောကာလ၌ မြေမြှုပ်မိုင်းများ မြှုပ်နှံထားသည်ဟု သံသယရှိရသည့်နေရာပေါင်း ၁၂၅ နေရာရှိကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

၂၀၁၆ ခုနှစ်အတွင်းက အဆိုပါ ပြည်နယ်ရှိ ဆမ်ဘာကာဂျူမြို့တွင် မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ ကလေးလေးဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ဆယ်စုနှစ်သုံးခုကြာ ပြည်တွင်းစစ်ပွဲ ဖြစ်ပွားခဲ့သော အင်ဂိုလာနိုင်ငံသည် ကမ္ဘာပေါ်တွင် မိုင်းအထူပြောဆုံး နိုင်ငံများတွင် တစ်နိုင်ငံအဖြစ် ပါဝင်သည်။

လက်နက်ကိုင် ပဋိပက္ခအဆုံးသတ်ခဲ့သည့် ၂၀၀၂ ခုနှစ်နောက်ပိုင်း အင်ဂိုလာနိုင်ငံ၌ မိုင်းရှင်းလင်းရေးလှုပ်ရှားမှုများကို စတင်လုပ်ဆောင်ခဲ့သည်။

**ဆင်ဟွာ။**

# ရာသီဥတုထိန်းညှိရေးရည်မှန်းချက်များနှင့် သစ်တောစီမံခန့်ခွဲရေး စည်းမျဉ်းများ ရေးဆွဲဆောင်ရွက်ရန် အီးယူဝန်ကြီးများသဘောတူ

**ဘရပ်ဆယ် အောက်တိုဘာ ၁၅**

ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံချင်းအလိုက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးရည်မှန်းချက်များ ချမှတ်ခြင်း၊ သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေစည်းမျဉ်းများ ရေးဆွဲခြင်းတို့ ပြုလုပ်သွားကြရန် သဘောတူညီလိုက်ကြကြောင်း အောက်တိုဘာ ၁၅ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။



ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ အောက်တိုဘာ ၁၃ ရက်က ပြုလုပ်သော အီးယူပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးတွင် အထက်ပါအတိုင်း သဘောတူညီခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံကို လာမည့်လတွင် ကျင်းပရန် ရှိနေစဉ် ဥရောပသမဂ္ဂက အဖွဲ့ဝင်နိုင်ငံများအလိုက် အကောင်အထည်ဖော်မည့် ရာသီဥတုထိန်းညှိရေးဆိုင်ရာ ရည်မှန်းချက်များကို ချမှတ်သွားရန် သဘောတူညီခဲ့ကြသည်။

ဥရောပသမဂ္ဂသည် ကမ္ဘာပေါ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု တတိယအများဆုံး ဒေသဖြစ်သည်။ ၂၀၁၅ ခုနှစ် ပါရီ ရာသီဥတုဆိုင်ရာ သဘောတူညီချက်ပေါ်ထွက်လာရေးအတွက် ကြားဝင်စေ့စပ်ပေးခဲ့သော အဖွဲ့အစည်းလည်းဖြစ်သည်။

ပါရီသဘောတူညီချက်တွင် ပါဝင်ခြင်းမှ နုတ်ထွက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယခုနှစ်အစောပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ယင်းသဘောတူညီချက်ကို ဆက်လက် အသက်ဆက်နိုင်ရေးအတွက် ကမကထပြုသည့်အခန်းကဏ္ဍကို ဥရောပသမဂ္ဂက ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများကိုယ်စား ရယူထားသည်။

ဥရောပသမဂ္ဂက အကောင်အထည်ဖော်ရန် လျာထားသော ရာသီဥတုထိန်းညှိရေး ရည်မှန်းချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံချင်းအလိုက် ရည်မှန်းချက်များချမှတ်ကာ ဆောင်ရွက်သွားကြရန် အီးယူပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

**ရိုက်တာ။**




# သရေရလဒ်ကိုဦးတည်ပြီး မန်ယူလာခဲ့ခြင်းဖြစ်ကြောင်း ဂျာဂန်ကလော့ပ်ဝေဖန်

လီဗာပူးနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် မန်ယူမှာ သရေရလဒ်ဦးတည်လာခဲ့ခြင်းဖြစ်သလို ရည်မှန်းချက်အတိုင်း ရမှတ်တစ်မှတ်ရယူပြီး ပြန်သွားခဲ့သည်ဟု ဝေဖန်ခဲ့သည်။ မီဒီယာများက တစ်ချိန်လုံး ခံစစ်ပိတ်ပြီး ကစားနေသည့် မန်ယူအသင်းကို ကားပါကင်တွင် ရပ်ထားသည့်ကားလို မရွေ့တော့ ဟူသောစကားလုံး သုံးစွဲထိုးနှက်ခဲ့သလို ကာတွန်းဆရာများကလည်း လီဗာပူးဂိုးတိုင်ရှေ့တွင် မန်ယူအသင်းဘတ်စ်ကားကြီး ပိတ်ပြီးရပ်နေသည်ကို ပုံဖော်ရေးသားခဲ့သည်။

ဂျာဂန်ကလော့ပ်က "ခင်ဗျားတို့ လီဗာပူးကွင်းမှာ ဒါမျိုးမကစားရပါဘူး။ ဒါပေမယ့် မန်ယူအတွက်တော့ အဆင်ပြေပါတယ်။ သူတို့ ခံစစ်ကို ဦးတည်ကစားခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။ ဒီအတွက် သူတို့က ပျော်ရွှင်တယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ မပျော်ပါဘူး"ဟု ပွဲအပြီးတွင် ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းမှာ နောက်တန်းတွင် ကစားသမားကိုးဦးလောက်အထိ ခံစစ်တွင် ပိတ်ဆို့ကစားနေခဲ့ပြီး လီဗာပူးအသင်းတိုက်စစ်ကို ဟန့်တားနေခဲ့သည်။ သို့သော် မော်ရင်ဟိုက လီဗာပူး ဘယ်လိုအသင်းဆိုသည်ကို သိခြင်းကြောင့် ယင်းသို့ကစားခဲ့ခြင်းဖြစ်သည်ဟု တုံ့ပြန်ခဲ့သည်။ သို့သော် ရီယိုဖာဒီနန်ကဲ့သို့ မန်ယူကစားသမားဟောင်း အပါအဝင် မန်ယူပရိသတ်အများစုက မန်ယူနည်းပြ မော်ရင်ဟို ကျင့်သုံးခဲ့သော နည်းဗျူဟာအပေါ် နှစ်သက်ခြင်းမရှိဘဲ ဝေဖန်မှုပါတဲ့ မှတ်ချက်အများအပြားကို တွစ်တာစာမျက်နှာများပေါ်မှတစ်ဆင့် ရေးသားဖော်ပြခဲ့ကြသည်။

ကန်ခရစ္စဆိုတဲ့ အမည်ရ တွစ်တာအသုံးပြုသူက "မော်ရင်ဟိုက ဘယ်တော့မှ မပြောင်းလဲဘူး။ အသင်းကြီးတွေနဲ့တွေ့ရင် အမြဲ ဒီလိုခံစစ်ချည်းကစားနေတော့ တကယ်ကို ပျင်းစရာကောင်းလာပါပြီ"၊ ပတ်ဆာလစ်ဆိုသူကလည်း "မော်ရင်ဟိုနဲ့ သူ့လူတွေဟာ ဘာလို့ ဒီရာသီအတွက် အရေးကြီးတဲ့ပွဲကို ဒီလိုကစားခဲ့ရသလဲ"ဆိုပြီး မှတ်ချက်အသီးသီးရေးသားခဲ့ကြသည်။ ထို့ပြင် ဗီဒီယိုရိုက်ချက်များတွင် မန်ယူတိုက်စစ်မှူး လူကာကူက လီဗာပူးနောက်ခံလူ လော့ဖ်ရန်ကို ခြေဖြင့်နင်းခဲ့သည့် ပုံသဏ္ဌာန်ပေါ်ခဲ့ရာ ပရိသတ်အများစုက လူကာကူကို သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်သင့်ကြောင်း တောင်းဆိုမှုများလည်း ရှိနေသည်။

မေလဲ့သင်း
ရေးသားသည်

## အာဆင်နယ်ပရိသတ်တွေကို စိတ်လှုပ်ရှားအောင်လုပ်လိုက်တဲ့ ဒရက်ဇ်လာ







ပီအက်စ်ဂျီ တောင်ပံတိုက်စစ်မှူး ဒရက်ဇ်လာက အာဆင်နယ်နောက်ခံလူ ကိုလာစီနစ်ရဲ့ ဂျာစီကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့ခြင်းဖြင့် အာဆင်နယ်ပရိသတ်တွေကို စိတ်လှုပ်ရှားစေခဲ့ပါတယ်။ ဒရက်ဇ်လာနဲ့ ကိုလာစီနစ်တို့ဟာ ရှော်လ်ကေးအသင်းမှာ အသင်းဖော်တွေဖြစ်ခဲ့ပြီး ကိုလာစီနစ်ရဲ့ အာဆင်နယ်အသင်းဂျာစီ နံပါတ်(၃၁)ရဲ့ နောက်မှာ "အသည်း" ပုံကိုပါ ဖြည့်စွက်ထားတာကြောင့် ဒါဟာ ဒရက်ဇ်လာအနေနဲ့ အာဆင်နယ်ကို လာမယ့်နွေစျေးကွက်အတွင်း လာရောက်ပူးပေါင်းဖို့ အချက်ပြလိုက်တာလို့ အာဆင်နယ်ပရိသတ်တွေက တစ်ထစ်ချယူဆလိုက်တာဖြစ်ပါတယ်။

အာဆင်နယ်က ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ဒရက်ဇ်လာကို ပစ်မှတ်ထားခဲ့ပေမယ့် ကစားသမားက ပီအက်စ်ဂျီကို ရွေးချယ်ခဲ့လို့ လက်လျှော့ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်နွေစျေးကွက်မှာ ပီအက်စ်ဂျီက နေမာ၊ မက်ပီတို့နှစ်ဦးကို ခေါ်ယူခဲ့တာကြောင့် ဒီမာရီယာနဲ့ ဒရက်ဇ်လာတို့ကို တောင်ပံတိုက်စစ်ကစားသမားတွေ အသင်းပြောင်းဖို့ တာဆူနေပြီလို့ သတင်းတွေထွက်နေချိန်မှာ ဒရက်ဇ်လာရဲ့ ယခုလိုလုပ်ရပ်က အာဆင်နယ်ပရိသတ်တွေရဲ့မျှော်လင့်ချက်ကို ပိုမိုအားကောင်းစေခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်က ဆန်းချက်ဇ်နေရာ အစားထိုးဖို့ တောင်ပံတိုက်စစ်မှူးတစ်ဦးကို အသည်းအသန်အလိုရှိနေတာဖြစ်ပြီး မိုနာကိုတိုက်စစ်မှူး လီမာဟာ အာဆင်နယ်ရဲ့ ဦးစားပေးပစ်မှတ်ဖြစ်ပါတယ်။ ဒါပေမယ့် ခုတော့ လီမာကို ပေါင်သန်း ၉၀ လောက် အသုံးပြုပြီး ခေါ်ယူရမှာထက်ဆို ဒရက်ဇ်လာကို ခေါ်ယူရေးက ပိုမိုလွယ်ကူမယ့်သဘောပါ။ တကယ်လို့ ဒရက်ဇ်လာသာ အာဆင်နယ်ကို လာမယ်ဆိုရင် ဝင်းဂါးက ဆန်းချက်ဇ်ကို မန်စီးတီးအသင်းဆီ ဇန်နဝါရီစျေးကွက်အတွင်းမှာပဲ လက်လွှတ်ခံလိုက်ဖွယ်ရှိနေပါတယ်။

## ဘာလွန်းဒီအောဆုကိုရရှိရန် အခြေအနေမရှိဟု ဟာဇက် ယူဆ

ချယ်လ်ဆီးအသင်း စူပါစတား အေဒင်ဟာဇက်က ၂၀၁၇ ဘာလွန်းဒီအောဆု ဆန်ခါတင်စာရင်းတွင် သူ၏အမည်ပါဝင်နေသော်လည်း ယခုနှစ်အတွက် ယင်းဆုကို ဆွတ်ခူးနိုင်ရန် မည်သို့မျှအခြေအနေမရှိကြောင်း ဖွင့်ဟခဲ့သည်။ ဟာဇက်သည် ပြီးခဲ့သည့်ရာသီ ချယ်လ်ဆီး ပရီမီယာလိဂ်ဖလား ဆွတ်ခူးခဲ့ရာတွင် အဓိကနေရာမှ ခြေစွမ်းပြခဲ့သူဖြစ်ပြီး ၁၆ ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်ထားနိုင်သူဖြစ်သည်။

သို့သော် ဟာဇက်က ၂၀၁၇ ခုနှစ်တွင် ဘာလွန်းဒီအောဆုရရှိရန် ဖြစ်နိုင်မည်မဟုတ်ဘဲ သူ့ထက် ရနိုင်ခြေရှိတဲ့ ကစားသမားအများအပြားရှိနေကြောင်း ဆိုခဲ့သည်။ ဘာလွန်းဒီအောဆု ဆန်ခါတင် အယောက် ၃၀ စာရင်းတွင် ချယ်လ်ဆီးမှ ဟာဇက်အပြင် ကန်တီလည်း ပါဝင်နေပြီး စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့နှစ်ဦးထဲမှ တစ်ဦးသာ ရရှိနိုင်ဖွယ်ရှိနေသည်။ ဟာဇက်က သူ့အနေဖြင့် ဆန်ခါတင် ၃၀ စာရင်းတွင် ပါဝင်သည်ကို ကျေနပ်ကြောင်းနှင့် ချယ်လ်ဆီးကဲ့သို့ အသင်းကြီးတွင် ကစားဖော်ကောင်းများနှင့် တွဲဖက်ကစားနေရခြင်းကြောင့်လည်း ယင်းသို့ ပါဝင်မည်ကိုလည်း သိထားကြောင်း ဆိုခဲ့သည်။ ထို့ပြင် ဟာဇက်က အနာဂတ်တွင် ဘာလွန်းဒီအောဆု ရရှိနိုင်ဖွယ်ရှိ၊ မရှိဆိုသည်ကို မသိရှိသော်လည်း သူ့အတွက် အရေးကြီးဆုံးက ကစားသည့်အချိန်တိုင်း ကျေနပ်နေစေရေးပင်ဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

## အာဆင်နယ်ကစားသမားများ တိုက်ပွဲဝင်စိတ်နည်းပါးဟု ဒီနေးဝေဖန်

အာဆင်နယ်ကစားသမားများ စိတ်ထဲတွင် တိုက်ပွဲဝင်စိတ်လျော့နည်းခြင်းက အာဆင်နယ်ကို အနိုင်ကစားနိုင်ခဲ့သည့် အကြောင်းရင်းဖြစ်ခဲ့ကြောင်း ဝက်ဖို့ဒ်ကစားသမား ဒီနေးက အာဆင်နယ်ကို ဝက်ဖို့ဒ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ်အပြီးတွင် ဝေဖန်ပြောကြားခဲ့သည်။ ဒီနေးသည် ဝက်ဖို့ဒ်အတွက် ချေပဂိုးကို ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သူဖြစ်ပြီး ဝက်ဖို့ဒ်အတွက် အနိုင်ဂိုးကို ပွဲချိန် ၉၂ မိနစ်တွင် တွမ်ကလီဗာလေက သွင်းယူခဲ့သည်။ အာဆင်နယ်သည် ပွဲချိန် ၉ မိနစ်တွင် နောက်ခံလူ မာဆီဆက်ကာ၏ သွင်းဂိုးဖြင့် ဦးဆောင်ခဲ့သော်လည်း ရီချာလီဆန်ကို ဘယ်လာရင် ပြစ်ဒဏ်ကျူးလွန်ခဲ့သဖြင့် အငြင်းပွားဖွယ်အနေအထားဖြင့် ပင်နယ်တီ ခွင့်ပြုပေးခဲ့ရခြင်းဖြစ်သည်။ ယင်းနိုင်ပွဲကြောင့် ဝက်ဖို့ဒ်အသင်းမှာ အမှတ်ပေးဇယား အဆင့်(၄)နေရာသို့ တက်လှမ်းလာနိုင်ခဲ့သော်လည်း အာဆင်နယ်မှာ အဆင့်(၆)နေရာအထိ ဆင်းပေးခဲ့ရသည်။

## အောက်တိုဘာ ၁၅ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၈**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၂ | - | ၂ | ဝုဖ်ဘတ် |

**စီးရီးအေ ပွဲစဉ် - ၈**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၂ | - | ၁ | အူဒီးနီးစ် |
| ဘိုလော့နာ | ၂ | - | ၁ | SPAL |
| ကယ်ဂလီယာရီ | ၂ | - | ၃ | ဂျီနိုအာ |
| ခရိုတုန်း | ၂ | - | ၂ | တိုရီနို |
| ဆမ်ဒိုးရီးယား | ၃ | - | ၁ | အတ္တလန္တာ |
| ဆာစူအိုလို | ၀ | - | ၀ | ချီယေဗို |

**စပိန်လာလီဂါ ပွဲစဉ် - ၈**

| | | | | |
|---|---|---|---|---|
| အီဘား | ၀ | - | ၀ | ဒီပို့ဒီဗို |
| ဂျီရိုနာ | ၁ | - | ၂ | ဗီလာရီးယဲလ် |

**ပရီမီယာလိဂ် ပွဲစဉ် - ၈**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၁ | - | ၁ | အဲဗာတန် |
| ဆောက်သမ်တန် | ၂ | - | ၂ | နယူးကာဆယ် |

(ခိုင်ဝင်း)

# ဆာလောင်မွတ်သိပ်မှုဒဏ်မှ ကင်းဝေးကြပါစေ

မောင်သောင်းဝင်း(တမန်ဟောင်း)

စားနပ်ရိက္ခာဖူလုံစွာရရှိရေးသည် အခြေခံအကျဆုံးသော လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ မြန်မာတို့သည် "ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက်၊" ဆိုသောစကားကို ပြောဆိုလေ့ရှိကြသည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် အစာအာဟာရမရှိလျှင် ခုနစ်ရက်ထက်ပို၍ ဆက်လက်အသက်ရှင်သန်နိုင်စွမ်းမရှိကြောင်းကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ထို့အပြင် စား၊ ဝတ်၊ နေရေးသည် သက်ရှိလူသားများအတွက် အခြေခံလိုအပ်ချက်လည်းဖြစ်နေသည်။ ထိုအစာအာဟာရသည် လူတစ်ဦးကျန်းမာသန်စွမ်းစွာရှင်သန်နိုင်ရေးအပြင် ဦးနှောက်ဖွံ့ဖြိုးမှုအတွက်ပါ များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် လူတစ်ဦးသည် ကာံ၊ စိတ်၊ ဥတု၊ အာဟာရ ညီမျှနေမှသာလျှင် သက်ရှည်ကျန်းမာနေမည်ဖြစ်သည်။ အာဟာရပြည့်ဝစွာဖြင့် ရှင်သန်ကြီးထွားလာသောလူတစ်ဦးသည် စိတ်ဓာတ်လည်း ကြံ့ခိုင်လေ့ရှိပါသည်။

**ကမ္ဘာ့စားနပ်ရိက္ခာနေ့**

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကနေဒါနိုင်ငံ Quebec မြို့၌ စတင်ဖွဲ့စည်းခဲ့သော ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (The Food and Agriculture Organization-FAO) ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ထိုနေ့ရောက်ရှိချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားများ ကျင်းပကြသည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်သည့် အကြိမ်(၂၀)မြောက် FAO ညီလာခံ၌ အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ကျင်းပသွားရန် အကြံပြုဆွေးနွေးခဲ့ကြသည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်သူလုံးဝပပျောက်ရေးအတွက် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ထိုနေ့ကိုကျင်းပလျက်ရှိကြသည်။ ၂၀၁၇ ခုနှစ်အတွက် ဆောင်ပုဒ်သည် "Change the future of migration. Invest in food security and rural development."ဖြစ်သည်။ "ရွှေ့ပြောင်းနေထိုင်မှု လျော့ပါးရေး ကျေးလက်ဖွံ့ဖြိုးရေးနှင့် စားရိက္ခာဖူလုံရေးအတွက် မြှုပ်နှံပေး"ဟု တိုက်တွန်းထားခြင်းဖြစ်သည်။

**ရည်ရွယ်ချက်**

ဆာလောင်မွတ်သိပ်နေသူများအား ကိုယ်ချင်းစာနာနိုင်ရေး၊ လူသားအားလုံးစားနပ်ရိက္ခာလုံခြုံရေးနှင့် အစာအာဟာရပြည့်ဝစွာရရှိရေးတို့အတွက် လိုအပ်ချက်များကို ကမ္ဘာတစ်ဝန်းရှိ ပြည်သူအားလုံးသိရှိစေရန်ဆိုသောရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပခြင်းဖြစ်သည်။ လူသားအားလုံးသည် စားနပ်ရိက္ခာဖူလုံစွာရရှိရန် အခြေခံအခွင့်အရေးရှိသည်ဆိုသော သဘောတရားကို သိရှိနိုင်စေရန်အတွက်လည်း ရည်ရွယ်ကာ ထိုနေ့ကိုကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း ၁၅၀ ကျော်တွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် ကျင်းပလျက်ရှိပါသည်။

**ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေရသူများ**

ကမ္ဘာတစ်ဝန်းတွင် လူဦးရေ ၈၄၂ သန်းသည် ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေကြရသည်။ ဆိုလိုသည်မှာ ကမ္ဘာ့လူဦးရေ ၇ ဘီလီယံကျော်၏ ၁၂ ရာခိုင်နှုန်းနီးပါးခန့်သည် စားနပ်ရိက္ခာဖူလုံရန်လိုအပ်နေဆဲပင်ဖြစ်သည်။ ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေရသူအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြသည်။ အထူးသဖြင့် အနောက်အာရှနှင့် အာဖရိကဒေသမှ ပြည်သူများဖြစ်ကြသည်။ အများစုသည် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။ ပဋိပက္ခနှင့် စစ်ပွဲများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ နည်းစနစ်လွဲမှားသော စိုက်ပျိုးရေးအလေ့အထများ၊ လူဦးရေအဆမတန်တိုးပွားလာမှုနှင့် ဆင်းရဲမွဲတေမှုများသည် စားနပ်ရိက္ခာဖူလုံစွာမရရှိရသော အကြောင်းတရားများဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်မှုကြောင့် ၁၅ စက္ကန့်လျှင် ကလေးငယ်တစ်ဦးနှုန်းသေဆုံးနေသည်ဟုဆိုသည်။ ဆိုလိုသည်မှာ နေ့စဉ် တစ်မိနစ်လျှင် ကလေးငယ်လေးဦး သေဆုံးနေခြင်းဖြစ်သည်။ ထိုပြဿနာကို ကိုင်တွယ်ရန်အတွက် အားလုံး၏ပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်နေပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် ဓနအင်အားကြွယ်ဝသော နိုင်ငံများအနက်တစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၌ပင်လျှင် လူခုနစ်ဦးလျှင် တစ်ဦးသည် လုံလောက်သောအစာအဟာရ မရရှိသေးဟုဆိုသည်။ ဆိုလိုသည်မှာ တိုင်းပြည်လူဦးရေ၏ ၁၄ ဒသမ ၃ ရာခိုင်နှုန်းသည် လုံလောက်သော အစာအာဟာရ လိုအပ်လျက်ရှိသည်။

**ရေကြည်ရာမြက်နုရှာ**

လူသားတို့သည် နေ့စဉ်အစာအာဟာရကို မူလနေရင်းနိုင်ငံတွင် ဖူလုံစွာမရရှိနိုင်သောကြောင့် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်နေကြရသည်။ ဆိုလိုသည်မှာ သက်ရှင်ကြွင်းကျန်နိုင်ရန်အတွက် ရေကြည်ရာမြက်နုရာရှာကြရသည်။ ဆင်းရဲမွဲတေမှု၊ လက်နက်ကိုင်ပဋိပက္ခ၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးအခက်အခဲများကြောင့် ရွှေ့ပြောင်းသွားလာနေရခြင်းဖြစ်သည်။ မည်သူမျှ ဇာတိချက်ကြွေမွေးရပ်မြေနှင့် မွေးဖွားရာနိုင်ငံကို စွန့်လွှတ်လိုစိတ်မရှိကြပေ။ မတတ်သာ၍သာ သွားလာနေရခြင်းဖြစ်သည်။ စား၊ ဝတ်၊ နေရေး အဆင်ပြေနေမည်ဆိုလျှင် အထူးသဖြင့်အစာအာဟာရ ဖူလုံစွာရရှိနေမည်ဆိုလျှင် ရွှေ့ပြောင်းသွားလာမှုများ လျော့နည်းသွားမည်ဖြစ်သည်။ မည်သို့ကိုင်တွယ်ဖြေရှင်းသင့်ပါသလဲ။

**စားနပ်ရိက္ခာလုံခြုံမှုနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု**

ကမ္ဘာတစ်ဝန်း ရွှေ့ပြောင်းသွားလာသူများစွာသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ရောက်ရှိလာလေ့ရှိကြသည်။ ထိုသို့ရောက်ရှိလာခြင်းကြောင့် မူလကတည်းက အရင်းအမြစ်ရှားပါးသောဒေသများတွင် လူနေမှုဘဝပိုမိုနိမ့်ကျလာရသည်။ ကမ္ဘာ့ဆင်းရဲမွဲတေသူ လေးပုံ သုံးပုံသည် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းလုပ်ငန်းများပေါ်တွင်သာ မှီတည်နေကြရသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများအတွက် အခြေအနေကောင်းများ ဖန်တီးပေးရန် လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သဖြင့် ရွှေ့ပြောင်းသွားလာမှုကို လျှော့ချနိုင်သည်။ ထို့အပြင် စားနပ်ရိက္ခာလုံခြုံမှုအတွက်လည်း များစွာအထောက်အကူ ဖြစ်စေပါသည်။ လူသားအားလုံးသည် ကျန်းမာ၊ ချမ်းသာစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အစာအာဟာရရရှိနေခြင်းကို စားနပ်ရိက္ခာလုံခြုံမှုရှိသည်ဟု ဆိုသည်။

**အစာအာဟာရချို့တဲ့မှု၏ အကျိုးဆက်များ**

ကမ္ဘာပေါ်ရှိ လူသားအားလုံးသည် စားနပ်ရိက္ခာ ဖူလုံမှုရှိသင့်ပါသည်။ အစာအာဟာရချို့တဲ့သူများသည် လေ့လာသင်ယူနိုင်စွမ်းခက်ခဲခြင်း၊ ကုန်ထုတ်လုပ်နိုင်စွမ်းကျဆင်းခြင်း၊ မကြာခဏဖျားနာကြသည့်အပြင် သက်တမ်းလည်းတိုကြသည်။ အာဟာရချို့တဲ့မှုကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုံးရှုံးမှု ကုန်ကျစရိတ်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံအထိရှိသည်ဟုဆိုသည်။ ထို့အပြင် ဆာလောင်မွတ်သိပ်မှုသည် ကမ္ဘာလုံးဆိုင်ရာ မလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

ကမ္ဘာတစ်ဝန်းတွင် အာဟာရချို့တဲ့မှုနှင့် ဆက်နွယ်သောရောဂါများကြောင့် နှစ်စဉ် အသက်ငါးနှစ်အောက်ကလေးငယ် ငါးသန်းခန့် အသက်ဆုံးရှုံးနေကြရသည်။ ဆင်းရဲသောနိုင်ငံများရှိ ကလေးငယ် ၁၀ ဦးတွင် လေးဦးသည် အာဟာရချို့တဲ့မှုကြောင့် ကိုယ်ခန္ဓာနှင့် ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များ ကမောက်ကမ ဖြစ်နေကြရသည်။

**အစာအာဟာရဖူလုံခြင်း၏ အကျိုးကျေးဇူးများ**

ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်သူ မရှိစေရေးအတွက် လူသားအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်လျက်ရှိသည်။ လူသားအားလုံး အစာအာဟာရပြည့်စုံဖူလုံနေမည်ဆိုလျှင် အောက်ဖော်ပြပါ အကျိုးကျေးဇူးများရရှိနိုင်ပေသည်-

(၁) စားနပ်ရိက္ခာဖူလုံခြင်းသည် နှစ်စဉ်ကမ္ဘာတစ်ဝန်းရှိ ကလေးငယ် ၃ ဒသမ ၁ သန်း၏ အသက်များကိုကယ်တင်နိုင်မည်ဖြစ်သည်။
(၂) အာဟာရပြည့်ဝသောမိခင်များသည် ရောဂါဒဏ်ကာကွယ်နိုင်သည့် ကိုယ်ခံအားစနစ်များပါရှိသော ကျန်းမာရေးကောင်းမွန်သည့် ကလေးငယ်များအား မွေးဖွားပေးနိုင်သည်။
(၃) အာဟာရချို့တဲ့သူကလေးသူငယ်များ ပပျောက်အောင် ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ GDP အား ၁၆ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာစေနိုင်သည်။
(၄) ဆာလောင်မွတ်သိပ်မှု ကာကွယ်တားဆီးနိုင်ရေးတွင် အမေရိကန် ၁ ဒေါ်လာ ရင်းနှီးမြှုပ်နှံခြင်းသည် အမေရိကန် ၁၅ ဒေါ်လာမှ ၁၃၈ ဒေါ်လာအထိ အကျိုးအမြတ် ပြန်လည်ရရှိစေနိုင်သည်။
(၅) ငယ်စဉ်ဘဝတွင် သင့်တင့်လျောက်ပတ်သော အာဟာရ ကျွေးမွေးထားခြင်းသည် ဘဝတစ်လျှောက်လုံးတွင်ဝင်ငွေ ၄၆ ရာခိုင်နှုန်း ပိုမိုရှာဖွေနိုင်သည်။
(၆) သံဓာတ်ချို့ယွင်းမှုအားနည်းအောင် ဆောင်ရွက်ခြင်းသည် လုပ်ငန်းခွင်ကုန်ထုတ်စွမ်းအားကို ၂၀ ရာခိုင်နှုန်းအထိ တိုးတက်စေနိုင်သည်။
(၇) အာဟာရချို့တဲ့မှုနှင့်ဆက်စပ်သော ကလေးသူငယ်သေဆုံးမှုနှုန်း လျော့နည်းပပျောက်အောင် ဆောင်ရွက်ခြင်းသည် လုပ်သားအင်အား ၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာစေနိုင်သည်။
(၈) အာဟာရချို့တဲ့သူမရှိခြင်းသည် လူသားတိုင်းအတွက် ပိုမိုဘေးကင်းလုံခြုံ သာယာဝပြောသော ကမ္ဘာကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ လူသားတိုင်းသည် ဆာလောင်မွတ်သိပ်မှုကင်းဝေးပြီး လုံလောက်သော စားနပ်ရိက္ခာဖူလုံမှုရရှိရန်အခြေခံအခွင့်အရေးများရှိကြသည်။ လူသားအားလုံးသည် အစားအသောက်ဝယ်ယူနိုင်သည့် လုံလောက်သောဝင်ငွေရရှိနေမှသာလျှင် စားနပ်ရိက္ခာဖူလုံသည့် အခွင့်အရေးကို အပြည့်အဝရရှိနိုင်ကြမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာဖူလုံရေးရည်ရွယ်လျက် ကမ္ဘာ့ခေါင်းဆောင်များသည် အလွန်အမင်း ဆင်းရဲမွဲတေမှုနှင့် ဆာလောင်မွတ်သိပ်မှု ပပျောက်ရေးအတွက် ၂၀၀၀ ပြည့်နှစ်ကတည်းက ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ခြုံ၍တင်ပြရလျှင် နှစ်စဉ်အောက်တိုဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံစွာရရှိရေးသည်အခြေခံအကျဆုံးသော လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပြည်သူများစွာ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များသည် ဆာလောင်မွတ်သိပ်မှုဒဏ် ခံစားနေကြရသည်။ ရွှေ့ပြောင်းသွားလာမှုများ၊ ပဋိပက္ခနှင့်စစ်ပွဲများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ နည်းစနစ်လွဲမှားသော စိုက်ပျိုးရေးအလေ့အထများ၊ လူဦးရေအဆမတန်တိုးပွားလာမှုနှင့်ဆင်းရဲမွဲတေမှုများသည် စားနပ်ရိက္ခာဖူလုံစွာမရရှိရသော အကြောင်းတရားများဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေးသည် လူသားအားလုံးနှင့် ဤကမ္ဘာမြေကြီးအတွက် ကောင်းကျိုးများကိုသာ အဘက်ဘက်မှ ဖြစ်ပေါ်လာစေပါသည်။ ထို့ကြောင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဟာဗျူဟာနှင့် နည်းဗျူဟာများချမှတ်ကာ အလေးထား ဆောင်ရွက်သွားရန်လိုအပ်နေပြီဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ပြည်တွင်းစစ်ပွဲများ၊ ဝါဒရေးရာ ပြိုင်ပွဲများနှင့် ဖျက်စွမ်းအားပြင်းစစ်လက်နက်များ ထုတ်လုပ်စမ်းသပ်ရာတွင် အသုံးပြုနေသော ငွေကြေးများကို အာဟာရချို့တဲ့နေသောကလေးငယ်များနှင့် အမျိုးသမီးများအတွက်သာ အကျိုးရှိစွာအသုံးပြုသွားမည်ဆိုလျှင် ဆာလောင်မွတ်သိပ်မှုဒဏ် ခံစားနေရသူဦးရေသည် အတိုင်းအတာတစ်ခုအထိ လျော့ကျလာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ။

> "ဆာလောင်မွတ်သိပ်နေသူများအား ကိုယ်ချင်းစာနာနိုင်ရေး၊ လူသားအားလုံးစားနပ်ရိက္ခာလုံခြုံရေးနှင့် အစာအာဟာရပြည့်ဝစွာရရှိရေးတို့အတွက် လိုအပ်ချက်များကို ကမ္ဘာတစ်ဝန်းရှိ ပြည်သူအားလုံးသိရှိစေရန် ဆိုသောရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပ. . .
>
> ပြည်တွင်း စစ်ပွဲများ၊ ဝါဒရေးရာ ပြိုင်ပွဲများနှင့် ဖျက်စွမ်းအားပြင်းစစ်လက်နက်များထုတ်လုပ်စမ်းသပ်ရာတွင် အသုံးပြုနေသော ငွေကြေးများကို အာဟာရချို့တဲ့နေသောကလေးငယ်များနှင့် အမျိုးသမီးများအတွက်သာ အကျိုးရှိစွာအသုံးပြုသွားမည်ဆိုလျှင်. . ."

## လုံခြုံမှုနှင့်သက်ဆိုင်သောပစ္စည်းများအရောင်းပြခန်းဖွင့်

**အောင်မြေသာစံ အောက်တိုဘာ ၁၅**

အမေရိကန်အမှတ်တံဆိပ် Honeywell Security Product လုံခြုံရေးနှင့် သက်ဆိုင်သောပစ္စည်းများ အရောင်းပြခန်း RED Security Show Roomဖွင့်ပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် (၆၂) လမ်း၊ (၁၇)လမ်းနှင့် (၁၈)လမ်းကြားရှိ အဆိုပါပြခန်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဌာနဝန်ကြီး ဦးစိုင်းကျော်ဇောတို့ တက်ရောက်အားပေးပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ပြခန်းအတွင်း ကြည့်ရှုကြသည်။

ပြခန်းတွင် လုံခြုံမှုအတွက် VE Technology (Myanmar)Co.,Ltd မှ မြန်မာနိုင်ငံအတွက် ပထမဆုံး တင်သွင်းသော အမေရိကန်အမှတ်တံဆိပ် Honey wellCCTV&Video Recording System, Security Alarm System နှင့် Access Econtrol System များ၊ မီးခိုးငွေ့များနှင့် သာမန်ထက်ကျော်လွန်သော အပူချိန်များဖြစ်ပေါ်ပါက Alarmပေးသည့်ပစ္စည်းများ နေအိမ်၊ ရုံး၊ စက်ရုံများအတွင်း ဝင်ရောက်လှုပ်ရှားမှုများသိနိုင်သော Sensor များ၊ အင်တာနက်လိုင်းရှိရုံဖြင့် နေအိမ်၊ ရုံးခန်းများအား အဝေးမှ ကြည့်ရှုနိုင်သည့် လုံခြုံရေးဆိုင်ရာပစ္စည်းများအား ပြသထားပြီး စိတ်ဝင်စားသူများလာရောက် ဆွေးနွေးနိုင်ကြောင်းနှင့် Survey ဆင်းခြင်းများ အခမဲ့ ဝန်ဆောင်မှုပေးကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## ဒေါင်းဆင်ဒရုန်းနှင့် ကျန်းမာရေးအကြောင်းအရာများ အသိပညာပေးဆွေးနွေးပွဲ မန္တလေးတွင်ကျင်းပ

**ချမ်းအေးသာစံ အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံတွင် တတိယအကြိမ်မြောက် ကျင်းပသော World Down Syndrome Awareness Month အထိမ်းအမှတ်အဖြစ် Down Syndrome နှင့် ကျန်းမာရေး အကြောင်းအရာများ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ဖြဟ္မစိုရ်လူမှုကူညီရေး အသင်း ပညာဒါနကျောင်း၏ မေတ္တာကျောင်းဆောင်၌ ပြုလုပ်ခဲ့သည်။



ဒေါင်းဆင်ဒရုန်း ကလေးငယ်များ၏ အကဖြင့် အခမ်းအနားကိုစတင်ပြီး မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယကအဖွဲ့ဝင် မြို့တော်ဝန်၏ဇနီး ဒေါက်တာလှမျိုးထွန်းနှင့် NHA ဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ မြန်မာဒေါင်းဆင်ဒရုန်းအသင်းဥက္ကဋ္ဌ ဒေါ်မျိုးပပက ကျေးဇူးတင်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်အစ္စဘဲလ်က မြန်မာဒေါင်းဆင်ဒရုန်း အကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒေါင်းဆင်ဒရုန်းနှင့်အကြားအာရုံအကြောင်းကို ဒေါက်တာ အေးသီတာချစ်ကလည်းကောင်း နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း၊ လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးမှ အကြားအာရုံစစ်ဆေးပေးခြင်းကိုလည်းကောင်း၊ ဒေါင်းဆင်ဒရုန်းနှင့် ကျန်းမာရေးအကြောင်းကို ဒေါက်တာနှင်းငွေဖြူကလည်းကောင်း၊ ဒေါင်းဆင်ဒရုန်းနှင့် ပညာရေးအကြောင်းကို ဒေါက်တာသန်းသန်းမော်ကလည်းကောင်း အသီးသီးဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဒေါင်းဆင်ဒရုန်းဆိုသည်မှာ မွေးရာပါ မျိုးရိုးဗီဇချို့ယွင်းမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့်တွေးတောဆင်ခြင်ဉာဏ်ရည် နှောင့်နှေးပြီး သီးခြားသွင်ပြင် လက္ခဏာရှိသော အခြေအနေမျိုးဖြစ်သည်။ ၎င်းတို့၏ သွင်ပြင်လက္ခဏာများမှာ မျက်စိစောင်း၍ မျက်လုံးမှေးခြင်း၊ လက်များတို၍ တုတ်ခိုင်ခြင်း၊ ခြေဖဝါးကျယ်၍ ခြေချောင်းများတိုခြင်း၊ နှာခေါင်းပြား၍ကျယ်ခြင်း၊ လည်ပင်းတိုခြင်း၊ ဦးခေါင်းသေးငယ်ခြင်း စသည့်လက္ခဏာများရှိပြီး အဆိုပါသူတို့သည် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းနှင့် ပတ်သက်သောရောဂါ၊ အမြင်အာရုံအားနည်းခြင်း၊ အကြားအာရုံအားနည်းခြင်း၊ ခံနိုင်ရည်နှင့် ခုခံအားနည်းခြင်း၊ ဇက်နှင့် အခြားအကြောအဆစ်များ မခိုင်ခြင်း ၊ အတွင်းတက်တက်ခြင်း၊ ခြေထောက်ခွင်ခြင်း၊ သွားပေါက်နောက်ကျခြင်း၊ သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်မှု လျော့နည်းခြင်း ရောဂါများ ဖြစ်သည်။

အသက် (၂၀) မိခင် ၁၈၅၀ ဦးလျှင် တစ်ဦးနှုန်း၊ (၂၅) နှစ် မိခင် ၁၃၅၀ ဦးလျှင် တစ်ဦးနှုန်း၊ (၃၀) နှစ် မိခင် ၁၀၀၀ ဦးလျှင် တစ်ဦးနှုန်း၊ (၃၅) နှစ် မိခင် ၄၂၀ တွင် တစ်ဦးနှုန်း၊ (၄၀) နှစ် မိခင် ၁၂၀ ဦးလျှင် တစ်ဦးနှုန်း၊ (၄၅) နှစ် မိခင် ၁၅ ဦးလျှင် တစ်ဦး ဒေါင်းဆင်ဒရုန်း ကလေးငယ်မွေးဖွားလေ့ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားအား မြန်မာနိုင်ငံ ဒေါင်းဆင်ဒရုန်းအသင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး (မန္တလေး) နှင့် New Hope Association တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ **(၀၀၂)**

## မတ္တရာမြို့နယ်တွင် မှုခင်းပညာပေးဟောပြော

**ပြင်ဦးလွင် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရေနံ့သာနယ်မြေရဲစခန်း စခန်းမှူးရဲအုပ်လှနိုင်နှင့်အဖွဲ့သည် မှုခင်းပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက မတ္တရာမြို့နယ် အောင်ကံသာကျေးရွာနေ ရွာသူ၊ ရွာသားများအား ရွာလယ်ဓမ္မာရုံတွင်လည်းကောင်း၊ အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲက ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်ရဲကင်းစခန်း စခန်းမှူး ရဲအုပ်ဇော်ဝင်းအောင်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် နောင်လှိုင်ကျေးရွာနေ ရွာသူ ရွာသားများအား ရွာလယ်ခန်းမ၌လည်းကောင်း မှုခင်းပညာပေးဟောပြောခဲ့ပြီး မှုခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက် (ခရိုင်ပြန်/ဆက်)**

## မန္တလေးခရိုင်Community Centreတွင် Family Tournament 2017 ကရာတေးဒို အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မန္တလေးခရိုင်ရုံးနှင့် အိုင်ကေအိုမန္တလေး ပြန်/ဆက်အသင်းခွဲတို့ ကြီးမှူးကျင်းပသော Family Tournament 2017 ကရာတေးဒိုအားကစားပြိုင်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီးလမ်းဒေါင့်ရှိ မန္တလေးခရိုင် Community Centre ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ ကရာတေးအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး IKO တာဝန်ခံ ဦးညွှန့်မောင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ကရာတေးအဖွဲ့ချုပ် မန္တလေးတိုင်းဒေသကြီး IKO တာဝန်ခံက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

၎င်းနောက် အမျိုးသား၊ အမျိုးသမီး ကိုးနှစ် မှ ၁၀ နှစ်အတွင်း၊ ၁၁ နှစ်မှ ၁၂ နှစ်အတွင်း၊ ၁၃ နှစ်မှ ၁၄ နှစ်အတွင်းနှင့် ၅၅ ကီလို မှ ၆၀ ကီလိုအတွင်း၊ ၆၀ ကီလိုမှ ၇၀ ကီလိုတန်း ပြိုင်ပွဲများ ကျင်းပခဲ့ပြီး သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၏ သရုပ်ပြမှုများလည်း ပါဝင်ခဲ့သည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် ဆုပေးပွဲအားဆက်လက်ကျင်းပရာ ပြိုင်ပွဲကဏ္ဍအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို INTERTIONAL KARATE ORGANIZATION (IKO) ပြိုင်ပွဲစနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး လိုက်နာကျင့်သုံးမည့် ပြိုင်ပွဲနည်းဥပဒေမှာ IKO မှ သတ်မှတ်ထားသော FULL CONTACT COMPETION RULES ဖြစ်ကာ ကျို(ခ်)ရှင်း ကရာတေးဒို အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတကာပြိုင်ပွဲများနှင့် ပြည်တွင်းပြိုင်ပွဲများတွင် အောင်နိုင်မှုရရှိစေရန်၊ ကရာတေးဒိုအားကစားအပေါ် လူငယ်များစိတ်ဝင်စားလာစေရန်၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများအတွက် အလားအလာရှိသော အားကစားသမားများပေါ်ထွက်လာစေရန်၊ အားကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မြစ်သားမြို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းခွဲဆိုင်ရာ စွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်

**မြစ်သား အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြန်မာနိုင်ငံကြက်ခြေနီအသင်း အသင်းခွဲဆိုင်ရာ စွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်ခြင်းကို ပြည်သူ့ဆေးရုံဟောင်း အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက စတင်ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ အကဲဖြတ်ခြင်းအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်အား အသိအမှတ်ပြုရန်နှင့် နားလည်ရန်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုအတွက် ဦးစားပေးဆောင်ရွက်ရန်လုပ်ငန်းများအား အများသဘောတူညီမှု ရရှိရန်နှင့် ရပ်ရွာလူထု ကြံ့ကြံ့ခံနိုင်စွမ်းနှင့် အသင်းခွဲ၏ ဝန်ဆောင်မှုပေးနိုင်သည့် စွမ်းဆောင်ရည်ကို ပိုမိုခိုင်မာစေပြီး ရေရှည်တည်တံ့သည့် လုပ်ငန်းအစီအစဉ် (Operational Plan) တစ်ခု ရေးဆွဲနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က အမှာစကားပြောကြားကာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီအသင်း ဦးစီးမှူး(ဒုတိယတန်း) ဦးကျော်ကျော်က အသင်းခွဲဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆန်းစစ်အကဲဖြတ်ခြင်း ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီအသင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြလှမြင့် ဆေးရုံအုပ်ကြီးနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲ ကော်မတီဝင်များ၊ တပ်ဖွဲ့ဝင်များနှင့် လူငယ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## ပြည်ထောင်စုကြီးငြိမ်းချမ်းစေရန် ကသာမြို့ရှိ ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သ



**ကသာ အောက်တိုဘာ ၁၅**

ပြည်ထောင်စုကြီး ငြိမ်းချမ်းစေရန်ရည်ရွယ်၍ ကသာမြို့တွင် နေထိုင်ကြသော ဘာသာပေါင်းစုံမှ ပြည်သူ၊ ပြည်သားများသည် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက ကသာမြို့ရှိ မြို့တော်ခန်းမ၌ စုပေါင်းမေတ္တာပို့သ ဆုတောင်းပွဲအခမ်းအနား ကျင်းပသည်။

ယင်းအခမ်းအနားတွင် ရှေးဦးစွာ ကသာမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးပညာဇောတက ပြည်ထောင်စုကြီး ငြိမ်းချမ်းစေရန် မေတ္တာပို့သဆုတောင်းပြီး ဟိန္ဒူဘာသာ နာယကကြီး ဦးတင်မောင်၊ ခရစ်ယာန်ဘာသာ သိက္ခာတော်ရ KCC ဥက္ကဋ္ဌ ဦးစောကော်မှူးနှင့် အစ္စလမ်ဘာသာ မော်လဝီဦးကျော်ဌေးတို့က သက်ဆိုင်ရာဘာသာများနှင့်အညီ အသီးသီးဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

ဆက်လက်၍ ကသာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်က ကျေးဇူးတင်စကားများပြောကြားပြီး ဘာသာပေါင်းစုံမှ တက်ရောက်လာသူများက ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး ဆုတောင်းမေတ္တာပို့သခဲ့သည်။ အဆိုပါဆုတောင်းပွဲတွင် ကသာမြို့ရှိ ဘာသာပေါင်းစုံမှ အကြီးအကဲများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကသာမြို့သူ မြို့သားများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး ဆုတောင်းမေတ္တာများ စုပေါင်းပို့သခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး တာချီလိတ်မြို့ရှိ စည်ပင်လုပ်ငန်းများစစ်ဆေး

**တာချီလိတ် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းသည် တာဝန်ရှိသူများနှင့်အတူ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနက မြို့သာယာလှပရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ရန်အောင်မြေရပ်ကွက် ပါလျံ(၁) လမ်းအား အရှည်ပေ ၁၃၀၀၊ အကျယ်ပေ ၃၀၊ ကိုယ့်အားကိုယ်ကိုး လမ်းသားတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ ဗိုလ်ချုပ်လမ်းမကြီးတွင် တစ်ဖက်လျှင် ကွန်ကရစ်လမ်းသား ခြောက်ပေအကျယ်၊ ပလက်ဖောင်း ၅ ပေ တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ဝမ်ကောင်း-ကချင်ရွာသွားလမ်းဘေး (နမ့်ယွန်းချောင်း)တွင် အရှည် ပေ ၂၁၀၊ အကျယ် ၆ ပေ ကျောက်ရိုးစီ မြေကာနံရံဆောင်ရွက်ခြင်းလုပ်ငန်းများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းဖြင့် ရေရှည်ကောင်းမွန်ရေး စစ်ဆေးသည်။



မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုံမား၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမျိုးတို့က လုပ်ငန်းကဏ္ဍများအလိုက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် မြို့နယ်စည်ပင်သာယာရေးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နယ်စပ်ဒေသမြို့ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမသစ်ဖွင့်

**မြစ်ကြီးနား အောက်တိုဘာ ၁၅**

ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ရုံးဖွဲ့စည်းပုံ လိုအပ်ချက်အရ တည်ဆောက်ပြီးစီးခဲ့သည့် အစည်းအဝေးခန်းမဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကိုအောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးအတွင်း အဆိုပါအဆောင်သစ်၌ကျင်းပရာ ခန်းမဆောင်သစ်ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ မနောဧရာဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးထက်အောင်က ရှင်းလင်းတင်ပြပြီး အဆောင်သစ်ဆိုင်ရာ အချက်အလက်စာရွက် စာတမ်းများကို ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးတူးဂျာ၊ ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးနှင့် ဆောက်လုပ်ရေးကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆောင်သစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ တာဝန်ရှိသူများက အဆောင်သစ်အတွင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အစည်းအဝေးခန်းမဆောင်သစ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ပန္နက်ရိုက်ခဲ့ကြပြီး ၄၀ ပေ × ၁၀၃ ပေ အကျယ်ရှိသည်။ မြေညီထပ်တွင် အထွေထွေခန်းမနှင့် ပထမထပ်တွင် ခေတ်မီအစည်းအဝေးခန်းမ၊ M&E and Seiurity Control Room များနှင့် အသံထိန်းချုပ်ခန်းတို့ပါဝင်ကာ လက်ရှိပင်မအဆောက်အအုံ၏ ဒီဇိုင်းပုံနှင့် လိုက်လျောညီထွေစွာ တည်ဆောက်ထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗန်းမော်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ဗန်းမော် အောက်တိုဘာ ၁၅**

ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၃ ရက်က ဗန်းမော်မြို့နယ်အတွင်းရှိ ဝန်ကြီးဌာနအောက် ဦးစီးဌာနများသို့ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ နံနက် ၈ နာရီတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗန်းမော်မြို့ အကျဉ်းဦးစီးဌာန အကျဉ်းထောင် ဗဟိုကင်းစခန်းနှင့် အကျဉ်းထောင်အတွင်းတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးရာ အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန် ကြားရေးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများက အပြစ်ကျ အကျဉ်းသားများ၏ နေထိုင်စားသောက်မှု၊ အမှုဖြင့် စစ်ဆေးဆဲ အချုပ်သားများအား ထားရှိမှုအခြေအနေများ လိုက်လံရှင်းလင်းတင်ပြပြီး စအည်းအဝေးခန်းမဆောင်၌ အကျဉ်းဦးစီးဌာနနှင့် အကျဉ်းထောင်ဆိုင်ရာများအား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ သွားရောက်စစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးဒေါ်သိမ့်သိမ့်စိုးက ကျောင်းဆိုင်ရာ အချက်အလက်များနှင့် ကျောင်းသူများအား ပညာသင်ကြားပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ဝန်ကြီး၏ဇနီး ဒေါ်ရီရီမြင့်က သင်တန်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ဆက်လက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးခဲ့ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့အခမ်းအနား မြစ်ကြီးနားမြို့တွင်ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၅**

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲကို မြစ်ကြီးနားမြို့၌ကျင်းပရာ အေးမြသာယာမျက်မမြင်ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လင်းလက်ကြယ်မျက်မမြင်အဖွဲ့တို့နှင့်အတူ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကင်းထောက်လူငယ်များ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းတို့မှ သင်တန်းသာ သင်တန်းသူများက တောင်ဝင်သဇင်ဉည့်ရိပ်သာရှေ့စုရပ်မှ အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီခွဲတွင် စတင်တာလွှတ်ပြီး သခင်နက်ဖေလမ်းမှတစ်ဆင့် ရုံးကြီးလမ်းအတိုင်း မြို့တော်ခန်းမအထိ စုပေါင်းလမ်းလျှောက်ကြရာ ရပ်ကွက်နေပြည်သူများက လမ်းဘေး ဝဲ၊ ယာတစ်လျှောက် ကြိုဆိုအားပေးကြခဲ့ကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်မိသားစုမှ ငွေကျပ် သုံးသိန်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ၁၀ သိန်း၊ ပြည်နယ်လွှတ်တော်မှငွေကျပ် တစ်သိန်း၊ ပြည်နယ်တရားလွှတ်တော်ရုံး တစ်သိန်း၊ ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် လူမှုရေးဝန်ကြီးတို့က ငွေကျပ်ရှစ်သောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်လွင် မိသားစုမှ ငွေကျပ် ငါးသောင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ ငွေကျပ် ၂၈၄၃၀၀ နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့လှူဒါန်းကြရာ မျက်မမြင်ကျောင်းအုပ်ကြီး ဦးလမုန်ဂမ်ဖန်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ယင်းနောက် မျက်မမြင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် လင်းလက်ကြယ်မျက်မမြင်အဖွဲ့တို့က ခေတ်ပေါ်တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြပြီး တာဝန်ရှိသူများနှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်ပြသထားသည့် ပြခန်းနှင့် မျက်မမြင်များ၏ လက်မှုပညာပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **ပြည်နယ်ပြန်/ဆက်**

# ပုသိမ်-ရွှေသောင်ယံ မော်တော်ယာဉ်လိုင်းသစ် ဖွင့်လှစ်



**ရွှေသောင်ယံ အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နှင့် ပုသိမ်မြို့သို့ ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန်အတွက် မြတ်ဟန်သာ အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးအသင်းက မော်တော်ယဉ်များဖြင့်သက်ဆိုင်ရာဌာနအသီးသီး၏ လမ်းညွှန်ချက် စည်းကမ်းများနှင့်အညီ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီတွင် ရွှေသောင်ယံမြို့ ကိုယ့်အားကိုယ်ကိုး ယာယီဈေးရှေ့၌ အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး မြတ်ဟန်သာအသင်း အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ပါဝင်ပြေးဆွဲသွားမည့်အသင်းဝင် မော်တော်ယာဉ်များ၊ ခရီးသည်များဖြင့် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

မြတ်ဟန်သာ ခရီးသွားပို့ဆောင်ရေးအသင်းတွင် အဆင့်မြင့်မှန်လုံမော်တော်ယာဉ်လေးစီးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ် ပြီး ယာဉ်စီးခနှုန်းထား ငွေကျပ် ၄၀၀၀ နှုန်းသတ်မှတ်ထားသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# ရွှေ့ပြောင်းနေထိုင်မှုလျော့ပါးရေး ကျေးလက်ဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် မြှုပ်နှံပေး

**အောင်သိမ်**

၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ( FAO) စတင်မွေးဖွားဖြစ်တည်လာမှုကို အမှတ်တရရှိစေရန်အတွက် နှစ်စဉ် အောက်တိုဘာ ၁၆ ရက်ရောက်တိုင်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားများကို ကျင်းပခဲ့ကြသည်။ စားနပ်ရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးအတွက် လူတိုင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်းကို ဖော်ညွှန်းနိုင်ရန်အတွက် ယင်းအခမ်းအနားများကို နှစ်စဉ် ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် မှီတင်းနေထိုင်ကြသည့် လူသားအားလုံးအတွက် လုံလောက်သည့်အစားအစာကို ထုတ်လုပ်နိုင်စွမ်းရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ လေ့လာမှုအရ သိရှိရသည်။ အာဟာရပြည့်ဝသည့်အစားအစာများကို လုံလုံလောက်လောက် စားသုံးနိုင်မှသာ လူသားအားလုံးကျန်းမာပြီး တက်ကြွသည့်ဘဝများကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ သို့သော် ကမ္ဘာ့လူဦးရေ သန်း ၈၀၀ ခန့်၊ တစ်နည်းအားဖြင့် လူ ကိုးဦးတွင် တစ်ဦးသည် အစားအစာကို ဝလင်စွာမစားသုံးနိုင်ကြပေ။ ယင်းသို့ကြုံတွေ့နေရသူအများစုမှာ ကျေးလက်ဒေသများနှင့် အစွန်အဖျားဒေသများတွင် နေထိုင်ကြသူများ၊ အကြောင်းအမျိုးမျိုးဖြင့် ရွှေ့ပြောင်းနေထိုင်ကြရသူများဖြစ်ကြသည်။ ၎င်းတို့မှာ ပြည်တွင်း သို့မဟုတ် ဒေသတွင်းမငြိမ်သက်မှုပြဿနာများ၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရမှုနှင့် ဆင်းရဲနွမ်းပါးမှုစသည့် အကြောင်းအမျိုးမျိုးကြောင့် စားနပ်ရိက္ခာအကျပ်အတည်းနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

နိုင်ငံတကာ စာရင်းဇယားများအရ နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၂၀၁၅ ခုနှစ်တွင် သန်း ၂၄၀ ခန့်ရှိပြီး ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ အရေအတွက်မှာ ၂၀၁၃ ခုနှစ်တွင် သန်း ၇၆၀ အထိရှိကြောင်း သိရသည်။ ထို့အပြင် ရွှေ့ပြောင်းနေထိုင်သူဦးရေ၏ သုံးပုံတစ်ပုံမှာ လုပ်အားနှုန်းကောင်းမွန်သည့် အသက်(၁၅)နှစ်မှ (၃၄)နှစ်အကြားရှိ လူငယ်များဖြစ်ကြသည်။ စားနပ်ရိက္ခာကို အဓိကထုတ်လုပ်ပေးနေသည့် ကျေးလက်ဒေသများမှ ငယ်ရွယ်သူအလုပ်သမားများ၏ အခြားအရပ်ဒေသများသို့ ရွှေ့ပြောင်းနေထိုင်မှုများကြောင့် လုပ်သားအင်အားရှားပါးလာမှု ကြုံတွေ့နေရသည်။ အကျိုးဆက်အဖြစ် စားနပ်ရိက္ခာထုတ်လုပ်မှုများ လျော့ကျလာသည်ကို တွေ့ရှိရသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လယ်ယာကဏ္ဍထိခိုက်ပျက်စီးမှုသည် စီးပွားရေးထိခိုက်မှုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကျော် ရှိနေပေသည်။

ထို့ကြောင့်ပင် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို "ရွှေ့ပြောင်းနေထိုင်မှုလျော့ပါးရေး ကျေးလက်ဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက်မြှုပ်နှံပေး" ဟူသောဆောင်ပုဒ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က သတ်မှတ်ထားသည်။

တရိပ်ရိပ်တိုးပွားလာသည့် ကမ္ဘာ့လူဦးရေ၏ စားရေးကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသည်နှင့်အမျှ ယင်းကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် အဆိုပါဆောင်ပုဒ်ဖြင့် တိုက်တွန်းထားခြင်းလည်းဖြစ်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်သော လူဦးရေစာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၃ ဒသမ ၃၉ သန်းရှိသည်။ ထိုအထဲတွင် ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ နိုင်ငံ၏စားနပ်ရိက္ခာအတွက် ကျေးလက်ဒေသက အဓိကထုတ်လုပ်ပေးနေသည်။ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ စားနပ်ရိက္ခာဖူလုံအောင် ထုတ်လုပ်ပေးနိုင်သည်။ သို့သော် ယနေ့တိုင်ဖြေရှင်းနေရဆဲဖြစ်သည့် ပြည်တွင်းမငြိမ်မသက်မှုများ၊ ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရမှု၊ ဆင်းရဲနွမ်းပါးမှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုကွာဟချက်စသည်တို့ကြောင့် ဖြစ်ပေါ်လာရသည့် အစားအစာနှင့် အာဟာရဖူလုံမှုဆိုင်ရာ ပြဿနာများနှင့် ရွှေ့ပြောင်းနေထိုင်မှုပြဿနာများကို ဖြေရှင်းပေးရန် လိုအပ်နေဆဲဖြစ်သည်။

တစ်နိုင်ငံလုံးတွင် စိုက်ပျိုးမြေဧကပေါင်း ၅၁ ဒသမ ၅၅ သန်းရှိသည်။ အဓိကစားသုံးသီးနှံဖြစ်သော စပါးစိုက်ဧက ၁၇ ဒသမ ၆၉ သန်းရှိသည်။ ဆီထွက်သီးနှံစိုက်ဧကပေါင်း ၈ ဒသမ ၅၉ သန်းနှင့် ပဲမျိုးစုံစိုက်ဧက ၁၁ ဒသမ ၅ သန်းရှိသည်။ စိုက်ဧကများအနက် အသားတင်ရေသွင်းစိုက်ဧက ၅ ဒသမ ၃၂ သန်းအပါအဝင် ရေသွင်းစိုက်ဧကပေါင်း ၆ ဒသမ ၇၀၅ သန်းရှိသည်။ သို့သော် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှ အကျိုးအမြတ်ရရှိမှုမှာ မသေချာမရေရာဖြစ်လာခဲ့သည်။ နိုင်ငံတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ်များကျရောက်မှုကြောင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု၏ သုံးရာခိုင်နှုန်းခန့် နှစ်စဉ်ဆုံးရှုံးနေရကြောင်း သိရသည်။

ထိုသို့သော အခြေအနေများကြောင့် ကျေးလက်နေပြည်သူအချို့မှာ အလုပ်အကိုင် အခွင့်အလမ်းရှိရာ ပြည်ပနိုင်ငံများနှင့် ပြည်တွင်းရှိ မြို့ပြဒေသများသို့ ရွှေ့ပြောင်းနေထိုင် လုပ်ကိုင်လာခဲ့ကြသည်။ ယင်းအခြေအနေက ကျေးလက်ဒေသ၏ စီးပွားရေးအရင်းအမြစ်ဖြစ်သည့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားအင်အားရှားပါးမှုဖြစ်ပေါ်လာစေခဲ့ပြီး လယ်ယာကုန်ထုတ်လုပ်မှုကို ထိခိုက်လာခဲ့သည်။ ကျေးလက်ဒေသဆင်းရဲမှုနှုန်းမှာလည်း မြင့်မားလာခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်းကောက်ယူခဲ့သည့် စစ်တမ်းများအရ ဆင်းရဲမှုမျဉ်းအောက်တွင် နေထိုင်နေရသူများမှာ ၂၅ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိသည်။ အများစုမှာ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည့် ကျေးလက်ဒေသမှ ပြည်သူများဖြစ်သည်။ ၂၀၁၆ ခုနှစ် ကမ္ဘာ့အာဟာရ အစီရင်ခံစာအရလည်း မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးမှုအဆင့်သည် နိုင်ငံပေါင်း ၁၃၆ နိုင်ငံအနက် အဆင့် ၁၀၆ တွင် ရှိနေသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း ဆင်းရဲချို့တဲ့မှုကို လျှော့ချနိုင်ရေးနှင့် အစားအစာနှင့်အာဟာရ ဖူလုံစေရေးတို့အတွက် ဖြစ်ပွားမှုအများဆုံးဖြစ်နေသည့် ကျေးလက်ဒေသများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန်လိုအပ်နေကြောင်း ယင်းစစ်တမ်းများက ညွှန်းဆိုလျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏စီးပွားရေးမူဝါဒတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် လယ်ယာစက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်ဟူ၍ ထည့်သွင်းချမှတ်ထားသည်။ ထို့အတူ လယ်ယာကဏ္ဍနှင့်ကျေးလက်ကဏ္ဍ ဖွံ့ဖြိုးမှုလုပ်ငန်းများကို နှစ်စဉ်စီမံကိန်း၊ နှစ်တို ငါးနှစ်စီမံကိန်း၊ အနှစ် ၂၀ စီမံကိန်းနှင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ သမဝါယမ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းစသည့် ကဏ္ဍများအလိုက် ဘက်စုံထောင့်စုံမှ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျေးလက်နေပြည်သူများသည် တစ်နိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် နိုင်ငံ၏ကျောရိုးဟု ပြောနိုင်ကြောင်း၊ ကျောရိုးဆိုသည်မှာ မတ်မတ်ရပ်နိုင်အောင် ထောက်ပေးထားသကဲ့သို့ နိုင်ငံတိုးတက်ဖို့ မားမားမတ်မတ် ရပ်တည်နိုင်ဖို့အတွက် ကျေးလက်ပြည်သူများ၏ဘဝခိုင်မာတိုးတက်ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ကျေးလက်ပြည်သူအခန်းကဏ္ဍသည် အရေးကြီးကြောင်းဖြင့် ယခုနှစ် ဧပြီ ၁ ရက်က ကျင်းပခဲ့သည့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ယခင်အစိုးရအဆက်ဆက်ကလည်း နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဖော်ဆောင်ခဲ့ကြသည်။ ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ NGO အဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေး တိုင်ပင်ရေးဆွဲခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ရေးဆွဲအတည်ပြုနိုင်ခဲ့သည်။ ယင်းမူဘောင်နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ပြည်သူကိုဗဟိုပြုသည့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲကာ ကျေးလက်ပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဆိုပါ လူထုဗဟိုပြုစီမံကိန်းသည် ယခုနှစ်တွင် စီမံကိန်းကာလ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ စီမံကိန်းကာလအတွင်း မြို့နယ် ၄၇ မြို့နယ်မှ ကျေးရွာပေါင်း ၈၅၆၅ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၄၅၃၈ ခုကို အရည်အသွေးပြည့်မီစွာဖြင့် အကောင်အထည်ဖော်ပေးနိုင်ခဲ့သည်။ စီမံကိန်းဝင်ကျေးရွာများ၌ စာသင်ကျောင်းများ တိုးချဲ့ဆောက်လုပ်ခြင်း၊ ကျေးလက်လမ်းများ၊ တံတားများနှင့် ဆိပ်ခံတံတားများ ဆောက်လုပ်ပေးခြင်းနှင့် ပြန်လည်ပြုပြင်မွမ်းမံပေးခြင်း၊ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း စသည်တို့ကို ကျေးရွာလူထုကိုယ်တိုင်က လုပ်ငန်းရွေးချယ်၊ အကောင်အထည်ဖော်၊ ကြီးကြပ်၊ တာဝန်ယူ၊ လုပ်ငန်း လည်ပတ်စသည့် ပြည်သူကိုဗဟိုပြုပြီး ပြည်သူကသာ တာဝန်ယူလုပ်ဆောင်စေသည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကျေးလက်လူဦးရေ ၅ ဒသမ ၂ သန်းမှာ ယင်းစီမံကိန်း၏ အောင်မြင်မှုအသီးအပွင့်များကို ရရှိခံစားနိုင်ပြီဖြစ်ပြီး ၎င်းတို့၏ လူနေမှုဘဝသည်လည်း တိုးတက်မြင့်မားလာစေခဲ့ပြီဖြစ်သည်။ ထို့အတူ စီမံကိန်းက ဒေသခံကျွမ်းကျင်ပညာရှင် ၂၆၄ ဦးနှင့် ဘွဲ့ရလူငယ် ၂၀၅၀ တို့ကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။ ယင်းအောင်မြင်မှုများအရ စီမံကိန်းကို ထပ်မံတိုးချဲ့ပြီး မြို့နယ်ပေါင်း ၆၀ ရှိ ကျေးရွာပေါင်း ၁၁၅၀ တွင် နေထိုင်ကြသည့် လူဦးရေ ၇ သန်းခန့်ကို အကျိုးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံ့ကျောရိုးတောင့်တင်းရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များအနက် ယင်းလူထုဗဟိုပြုစီမံကိန်းသည် အဓိကကျသော စီမံကိန်းကြီးဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းပေးနိုင်သည့်အပြင် စီမံကိန်းအစမှအဆုံးတိုင် ပြည်သူကသာ တာဝန်ယူလုပ်ဆောင်သည့်စီမံကိန်းအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့သည်။

ကျေးလက်နေပြည်သူများ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ လယ်ယာကဏ္ဍမှ ပြည်တွင်းစားနပ်ရိက္ခာဖူလုံအောင် ထုတ်လုပ်ပေးလျက်ရှိသည်။ သို့သော် နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးမြင့် လယ်ယာထုတ်ကုန်များတင်ပို့မှု မြှင့်တင်နိုင်ရေး၊ တောင်သူများ ကုန်ထုတ်လုပ်မှုမြင့်မားလာပြီး လူမှုစီးပွား ဖွံ့ဖြိုးလာရေးတို့အတွက် ကဏ္ဍအလိုက် စီမံဆောင်ရွက်ပေးရန်လိုအပ်နေသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ(၂၀၁၆)ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းမူဝါဒနှင့်အညီ လယ်ယာကဏ္ဍတွင် အားလုံးပါဝင်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် မျှော်မှန်းချက်ထားကာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဖော်ဆောင်ပေးလျက်ရှိသည်။

အလားတူ စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု တိုးတက်စေရေး၊ အမယ်စုံလင်သော လယ်ယာ၊ သားငါးထုတ်ကုန်များ၏ ထုတ်လုပ်မှုပုံစံ တိုးမြင့်လာစေရေး၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ လယ်ယာ၊ သားငါးထုတ်ကုန်များ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေး၊ လယ်ယာထွက်ကုန်ဈေးကွက်နှင့် ဈေးနှုန်းသတင်းအချက်အလက်ဖြန့်ဝေမှုလုပ်ငန်းများဖွံ့ဖြိုးလာစေရေး၊ တိရစ္ဆာန်နှင့်အပင်ပိုးမွှားရောဂါဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး၊ စိုက်ပျိုးမွေးမြူထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ လယ်ယာကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူထုတ်လုပ်သူ အစုအဖွဲ့များ၊ သမဝါယမအသင်းများ ပေါ်ထွန်းလာစေရေး၊ မျိုးစေ့ကဏ္ဍနှင့် သားငါးမျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ဖြန့်ဖြူးမှု ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသမျိုးရင်းများထိန်းသိမ်းရေးနှင့် မှတ်တမ်းထားရှိရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများ၊ ပန်း ၁၀ မျိုး အပါအဝင် ရိုးရာလက်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ကျေးလက်အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရေး၊ သုတေသနနှင့် ပညာပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း ရည်မှန်းချက်ပန်းတိုင်များအဖြစ် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာပြီး ပြည်တွင်း ပြည်ပ ရွှေ့ပြောင်းနေထိုင်မှုကို အဓိကဖြစ်ပေါ်စေသည့် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းလာစေမည်သာဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးရေးအတွက် စီးပွားရေးမူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းမူဝါဒနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ပေးနေမှုများသည် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ( FAO )၏ "ရွှေ့ပြောင်းနေထိုင်မှုလျော့ပါးရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် မြှုပ်နှံပေး"ဟူသည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားဆောင်ပုဒ်နှင့် ထူးခြားတိုက်ဆိုင်စွာ ကိုက်ညီနေသည်ကို တွေ့ရသည်။

ထို့အပြင် ယခုနှစ်ဆိုလျှင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့မှုမှာ နှစ်ပေါင်း ၄၀ တိုင်ခဲ့ပြီဖြစ်သည်။ FAOအနေဖြင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍများတွင် နည်းပညာအကူအညီ၊ ဘဏ္ဍာရေးအကူအညီများဖြင့် စဉ်ဆက်မပြတ် ပူးပေါင်း ကူညီဆောင်ရွက်ခဲ့မှုများအပေါ် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများက ကျေးဇူးတင်ဂုဏ်ပြုလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# Miss Myanmar World 2017 ဆုရှင် အလှမယ် အိကျော့ခိုင်နှင့်တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း-မေနှင်းဆီ
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**(၆၇)ကြိမ်မြောက် Miss World 2017အလှမယ်ပြိုင်ပွဲကြီးကို လာမည့်နိုဝင်ဘာ ၁၈ ရက်တွင် တရုတ်နိုင်ငံ စန်ယာမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။ နိုင်ငံပေါင်း ၁၀၀ ကျော်မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်သည့် အဆိုပါပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုအလှမယ်အဖြစ် အိကျော့ခိုင်က ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ အလှမယ်တစ်ဦး၏လှပခြင်းကို မွန်မြတ်သည့် ပရဟိတစိတ်ထားအပေါ် အမှတ်ပေးရွေးချယ်သွားမည့် အဆိုပါအလှမယ်ပြိုင်ပွဲကြီးအတွက် အလှမယ် အိကျော့ခိုင်၏ ပြင်ဆင်ထားမှုများနှင့်စပ်လျဉ်းပြီး ၎င်း၏ရင်ခုန်သံများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**

**မေး။ ။ Miss World ပြိုင်ပွဲကြီးကို မကြာခင်မှာပဲသွားရောက်ပြီး ယှဉ်ပြိုင်ရတော့မယ်။ နိုင်ငံတကာကအလှမယ်တွေအများကြီးနဲ့ပြိုင်ပြီး ယှဉ်ပြိုင်ရမှာဆိုတော့ ပထမဆုံး အိကျော့ခိုင်ရဲ့ရင်ခုန်သံလေးပြောပြပေးပါဦး။**

ဖြေ - ညီမပြိုင်ပွဲကြီးအတွက်အများကြီး ပြင်ဆင်ထားပေမယ့် ညီမပြင်ဆင်ထားတာက နှစ်ပေါင်းများစွာလေ့ကျင့်ထားတဲ့ အခြားနိုင်ငံကအလှမယ်တွေနဲ့ဆိုရင်တော့ နည်းသေးတယ်ပြောရမှာပေါ့။ ဒါပေမယ့် ကိုယ်ကအကောင်းဆုံးဖြစ်အောင်ကြိုးစားထားတဲ့အတွက် ကိုယ်ကြိုးစားတဲ့အထိုက်အလျောက် ဆုလာဘ်ရရှိလာမယ်လို့ ညီမ ယုံကြည်ပါတယ်။ ကိုယ့်နိုင်ငံအတွက်ကိုလည်း Miss World 2017 မှာ အများကြီးဂုဏ်ဆောင်နိုင်မယ်လို့ ယုံကြည်ထားပါတယ်ရှင့်။

**မေး။ ။ ညီမက ပြိုင်ပွဲကြီးအတွက် အများကြီး ပြင်ဆင်ထားတယ်ဆိုတော့ ပြင်ဆင်ထားတာတွေနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

ဖြေ - Miss Worldပြိုင်ပွဲကြီးမှာ ပြိုင်ရမယ့်ခေါင်းစဉ်ငါးခုရှိတယ်ပေါ့။ အဲ့ငါးခုအတွက်ကို အဓိကထားပြီး ပြင်ဆင်ထားပါတယ်။ ပထမတစ်ခုက Beauty with a purpose project ပေါ့။ အဲ့အတွက် ပရဟိတစီမံချက်တစ်ခုလုပ်ထားတယ်။ dance of the world ပြိုင်ပွဲအတွက်က ကိုယ့်ရိုးရာအကတစ်ခုဖြစ်တဲ့ ဦးရွှေရိုးနဲ့ဒေါ်မိုးအကကို ညီမသင်ယူထားပါတယ်။ အခြားလမ်းလျှောက်တဲ့ လေ့ကျင့်မှုတွေအပြင် ထိပ်တန်းဒီဇိုင်နာဝတ်စုံတွေအတွက်လည်း ဒီဇိုင်နာတွေစီစဉ်ပေးထားတဲ့ အဝတ်အစားတွေနဲ့ မြန်မာမော်ဒယ်လမ်းလျှောက်ပုံကိုလည်း လေ့ကျင့်တာတွေလုပ်နေပါတယ်။ အားကစားလှုပ်ရှားမှုပြိုင်ပွဲတွေအတွက်လည်း ပြင်ဆင်ထားတယ်။ ကိုယ်ရည်ကိုယ်သွေးပိုင်းအတွက်ကိုကျတော့ ပန်တျာကျောင်းက ဆရာဦးကျော်သိန်းက မြန်မာ့တူရိယာပလွေတီးမှုတ်နိုင်ဖို့အတွက် သင်ကြားပေးနေပါတယ်။

**မေး။ ။ တူရိယာတစ်ခုတီးမှုတ်ပြဖို့ ဘယ်လိုကြောင့်ရွေးချယ်ဖြစ်သွားတာလဲ။**

ဖြေ - တူရိယာကို ရွေးဖြစ်တာက အရင်ထဲက ညီမတူရိယာတစ်ခုခုတီးချင်တယ်ပေါ့။ စာတစ်ဖက် အလုပ်တစ်ဖက်နဲ့ဆိုတော့ မသင်ယူခဲ့ရဘူး။ စန္ဒရားတို့ဘာတို့ဆိုလည်း ဝါသနာပါတယ်။ ဒါပေမယ့်တစ်ခုခုထူးထူးခြားခြားလေး ဖြစ်သွားအောင်ဆိုတော့ တူရိယာထဲမှာဆိုရင် ပလွေကတီးမှုတ်ရတာခက်တယ်လေ။ ခက်ပေမယ့်လည်း မရရအောင်ကြိုးစားပြီး ပြိုင်မယ်ဆိုပြီး ဆုံးဖြတ်ခဲ့တာပါ။

**မေး-Miss World ပြိုင်ပွဲကြီးအကြောင်းကိုလေ့လာဖြစ်လား။ သူတို့ကဘယ်လိုလူမျိုးတွေကို သရဖူဆောင်းပေးလေ့ရှိလဲ။**

ဖြေ - ဟုတ်။ Miss World ပြိုင်ပွဲကြီးက ကမ္ဘာမှာတစ်ခုတည်းသော ပြိုင်ပွဲကြီးပေါ့။ အခုဆိုရင် (၆၇) နှစ်မြောက်ရှိသွားပြီဆိုတော့ အသက်ကြီးဆုံးပြိုင်ပွဲတစ်ခုလို့လည်း ပြောရမှာပေါ့။ သူတို့က အလှအပထက်ကို လူမှုဆက်ဆံရေးကောင်းမွန်တဲ့သူတွေ၊ ပရဟိတလုပ်နိုင်တဲ့သူတွေ၊ အဓိက စိတ်ဓာတ်ခိုင်မာတဲ့သူတွေ၊ အဲလိုလူမျိုးတွေရွေးလေ့ရှိတာကိုညီမတွေ့ရပါတယ်။

**မေး။ ။ ကိုယ်နဲ့ ယှဉ်ပြိုင်ရမယ့်ပြိုင်ဘက်တွေအပေါ်မှာ လေ့လာဖြစ်တာရှိလား။**

ဖြေ - အခြားနိုင်ငံတွေက Miss တွေကတော့ နှစ်တိုင်း အင်ဒိုနီးရှားတို့ဆိုရင် ပရဟိတနဲ့ပတ်သက်တဲ့ဆုတွေ အမြဲတမ်းရတာတွေ့ရတယ်။ ဖိလစ်ပိုင်ဆိုရင်လည်း သူတို့ဆီကစကားပြောကောင်းတဲ့သူတွေ အမြဲလာတတ်တယ်။ လေ့လာထားပါတယ်။ ညီမရဲ့အားသာချက်၊ အားနည်းချက်တွေအပေါ်မူတည်ပြီး အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။

**မေး။ ။ အိကျော့ခိုင်အနေနဲ့ နိုင်ငံတကာက စိတ်ဝင်တစားစောင့်ကြည့်ကြတဲ့ ဒီပြိုင်ပွဲကြီးမှာမြန်မာရယ်လို့ထင်ထင်ရှားရှားပေါ်လွင်အောင် ဘယ်လိုပုံစံမျိုးနဲ့ ဖော်ထုတ်ပြသခဲ့မှာလဲ။**

ဖြေ-ညီမအနေနဲ့ကိုယ့်မြန်မာရိုးရာအက၊ မြန်မာ့တူရိယာပလွေနဲ့နိုင်ငံရဲ့ ယဉ်ကျေးမှုကိုဖော်ထုတ်ပြသသွားမယ့်အပြင် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွေနဲ့ပတ်သက်ပြီး အဓိကထား ပြောသွားမှာပါ။ ညီမတို့နိုင်ငံကမကြာသေးမီအချိန်မှာဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတဲ့အကြောင်းရယ်၊ ညီမရဲ့ပရဟိတ ပရောဂျက်ကိုလည်း ပညာရေးပိုင်းနဲ့ပတ်သက်ပြီး ပရိုဂရမ်တစ်ခုလုပ်ထားတာဆိုတော့။ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွေနဲ့ပတ်သက်တာ၊ နိုင်ငံရဲ့ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တာတွေအပြင် ကိုယ့်နိုင်ငံရဲ့အကြောင်းတွေကိုအများကြီးပြောနိုင်အောင် ညီမပြင်ဆင်ထားပါတယ်။ ပြင်ဆင်ထားတာတွေကိုလည်း သူတို့ရဲ့အမေးအဖြေကဏ္ဍတွေကတစ်ဆင့်ညီမဖော်ထုတ်ပြသသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ ပြိုင်ပွဲကလည်း နီးကပ်နေပြီဆိုတော့ အားပေးနေတဲ့ ပရိတ်သတ်တွေအတွက်အမှတ်တရပြောချင်တာရှိလား။**

ဖြေ - ညီမအနေနဲ့ပြိုင်ပွဲကြီးအတွက်လပိုင်းနဲ့ ပြင်ဆင်ထားရတာဆိုတော့ ပရိတ်သတ်တွေအနေနဲ့ ညီမလိုအပ်တာရှိရင်အကြံဉာဏ်တွေပေးနိုင်ပါတယ်လို့။ ဟိုရောက်လို့ရှိရင်လည်း ညီမကိုအများကြီး ထောက်ပံ့ပေးကြပါ။ မဲတွေအများကြီးပေးကြပါလို့ ပြောချင်ပါတယ်။ ❐



# အမ်မာစတုန်းရဲ့ ပရိသတ်ပါလို့ဆိုလာတဲ့ အန်ဒရူးဂါးဖီး



ပင့်ကူလူသားဇာတ်လမ်းတွဲတွေမှာ ခေါင်းဆောင်မင်းသား မင်းသမီးတွေအဖြစ်ပါဝင်ခဲ့ကြတဲ့ မင်းသမီး အမ်မာစတုန်းနဲ့ မင်းသား အန်ဒရူးဂါးဖီးတို့ဟာ ယင်းဇာတ်လမ်းတွဲတွေကို ရိုက်ကူးနေစဉ်မှာပင် ချစ်သူတွေဖြစ်ခဲ့ကြပါတယ်။ တစ်ချိန်က ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ အမ်မာစတုန်းနဲ့ အန်ဒရူးဂါးဖီးတို့ဟာ နောက်ပိုင်းမှာတော့ လမ်းခွဲခဲ့ကြပါတယ်။ ဒါပေမယ့် လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ အန်ဒရူးဂါးဖီးကသူဟာ အမ်မာစတုန်းရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက အန်ဒရူးရဲ့ နောက်ဆုံးသောရုပ်ရှင်ဖြစ်တဲ့ "Breathe" နဲ့ ပတ်သက်ပြီး ပရိုမိုးရှင်းလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ရာမှာ အင်တာဗျူးတစ်ခုပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ယင်းအင်တာဗျူးမှာ အန်ဒရူးဂါးဖီးကို အမ်မာစတုန်းရဲ့ ရုပ်ရှင်သစ်တွေနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာ သူက အမ်မာစတုန်းရဲ့ရုပ်ရှင်သစ်တွေနဲ့ပတ်သက်ပြီး အထူးပြောစရာမရှိပေမယ့် သူဟာ အမ်မာရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်တယ်လို့ ဖွင့်ဟလာခဲ့တာဖြစ်ပါတယ်။

အမ်မာစတုန်းနဲ့ အန်ဒရူးဂါးဖီးတို့ဟာ ပင့်ကူလူသားရုပ်ရှင်တွေမှာ ပါဝင်ကြရင်း ချစ်သူတွေဖြစ်ခဲ့ကြတာ ဖြစ်ပါတယ်။ အန်ဒရူးဂါးဖီးက ပင့်ကူလူသားရုပ်ရှင်တွေမှာ ပင့်ကူလူသား ပီတာပါကာအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး အမ်မာစတုန်းကတော့ ပီတာရဲ့ချစ်သူ ဂွမ်စတေစီအဖြစ် ပါဝင်ခဲ့တာဖြစ်ပါတယ်။ ရုပ်ရှင်ထဲမှာ ချစ်သူတွေအဖြစ်ပါဝင်သရုပ်ဆောင်ခဲ့ရင်းသူတို့နှစ်ဦးအကြားက ဆက်ဆံရေးကို လက်တွေ့ဘဝထဲအထိပါ ခေါ်ဆောင်လာကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လေးနှစ်တာလက်တွဲခဲ့ပြီးတဲ့နောက် ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ အန်ဒရူးဂါးဖီးနဲ့ အမ်မာစတုန်းတို့ဟာ ရိုက်ကွင်းပေါ်ကဆက်ဆံရေးကို လက်တွေ့ဘဝထဲထိ အောင်မြင်စွာသယ်ဆောင်လာနိုင်တဲ့ အနုပညာကြယ်ပွင့်စုံတွဲတစ်တွဲအဖြစ်လည်း ကျော်ကြားပြီး သူတို့နှစ်ဦးဟာ လမ်းခွဲပြီးနောက်ပိုင်းမှာလည်း အမုန်းစကားမဆိုကြဘဲ ရင်းနှီးတဲ့ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ကြသူတွေလည်း ဖြစ်ပါတယ်။ **(အေးပြည့်)**

## ပရိသတ်တွေကို အပလီကေးရှင်းအသစ်နဲ့ မိတ်ဆက်ပေးလိုက်တဲ့ တေလာဆွစ်

ပေါ့ပ်ကြယ်ပွင့်တေလာဆွစ်ကတော့ သူ့ရဲ့ပရိသတ်တွေကို ဖုန်းထဲမှာ ထည့်သွင်းအသုံးပြုနိုင်တဲ့ အပလီကေးရှင်းအသစ်တစ်ခုနဲ့ လတ်တလောမှာ စတင်မိတ်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ " The Swift Life "လို့အမည်ပေးထားတဲ့ ယင်းအပလီကေးရှင်းမှာ တေလာဆွစ်ရဲ့ပရိသတ်တွေဟာ သူ့ရဲ့အကြောင်းတွေကို အချိန်နဲ့တစ်ပြေးညီ သိရှိခွင့်ရမှာဖြစ်ပြီး သူနဲ့တိုက်ရိုက်စကားပြောခွင့်လည်းရရှိအောင်ဖန်တီးထားကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂရမ်မီဆုများရှင်ပေါ့ပ်တေးသံရှင်တေလာဆွစ်က လတ်တလောမှာ သူ့ရဲ့တရားဝင်YouTube စာမျက်နှာပေါ်ကနေတစ်ဆင့် အဆိုပါအပလီကေးရှင်းသစ်နဲ့ မိတ်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ ယင်းအပလီကေးရှင်းလေးကို တေလာဆွစ်နဲ့ သူ့ရဲ့ပရိသတ်တွေအကြား ပိုမိုနီးစပ်ဖို့အတွက် ရည်ရွယ်ဖန်တီးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယင်းအပလီကေးရှင်းနဲ့မိတ်ဆက်တဲ့အနေနဲ့ တေလာဆွစ်က ဗီဒီယိုဖိုင်တစ်ခုကို ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယင်းဗီဒီယိုဖိုင်မှာ ထည့်သွင်းဖော်ပြခဲ့ချက်တွေအရ တေလာဆွစ်ရဲ့ အပလီကေးရှင်းအသစ်မှာ တေလာဆွစ်နဲ့ပတ်သက်တဲ့အီမိုဂျီးစ်ရုပ်ပုံလေးတွေလည်း ရယူနိုင်မှာဖြစ်ပြီး တေလာဆွစ်ရဲ့ တေးသီချင်းသစ်တွေကိုလည်း နားဆင်ရမှာဖြစ်ကာ တေလာဆွစ်နဲ့စကားပြောခွင့်လည်းရမှာဖြစ်တဲ့အပြင် တစ်ခါတစ်လေမှာ တေလာဆွစ်ရဲ့ ဓာတ်ပုံတွေကိုလည်း ရရှိမှာဖြစ်တယ်လို့ သိရပါတယ်။

ဒါ့အပြင် တေလာဆွစ်ဟာ သူ့ရဲ့အပလီကေးရှင်းအသစ်ကို လာမယ့် နိုဝင်ဘာ ၁၀ ရက်မှာ စတင်ထုတ်လွှင့်သွားမယ့် သူ့ရဲ့တေးအယ်လ်ဘမ်သစ် "Reputation"အတွက် ရည်ရွယ်ထုတ်လွှင့်တာဖြစ်တယ်လို့လည်း သိရပါတယ်။ တေးအယ်လ်ဘမ်ကို စတင်ထုတ်လွှင့်ပြီးနောက် ယခုနှစ် မကုန်မီမှာ အပလီကေးရှင်းကို ပရိသတ်တွေလက်ထဲ အရောက်ပို့သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ **(အေးပြည့်)**

ကြေးမုံ
အောက်တိုဘာ ၁၆၊ ၂၀၁၇

# စာပေသင်ကြားတတ်မြောက်ပါက သက်မွေးပညာသင်ကြားရေးလုပ်ငန်းများတွင် ပါဝင်ခွင့်ရ

**ဘားအံ အောက်တိုဘာ ၁၅**
ကရင်ပြည်နယ်လုံးကျွတ် မြို့နယ်အားလုံးတွင် စာမတတ်သူပပျောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ရက်ပေါင်း ၄၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြုလုပ်ရာ လူတိုင်းအတွက်ပညာရေးသီချင်းဖြင့် ကျောင်းသား ကျောင်းသူ ကလေးများက သီဆိုဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ဒသမ ၅ ရာခိုင်နှုန်းသည် စာမတတ်သူများဖြစ်ကြောင်း၊ ကရင်ပြည်နယ်တစ်ခုလုံး၏ စာတတ်မြောက်မှုနှုန်းကိုကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် (၁၅) နှစ်နှင့်အထက် စာမတတ်သူ ၂၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် စာတတ်မြောက်မှုမှာ မြို့ပြ ၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကျေးလက် ၃၁ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ခုနစ်နှစ်မှ ၁၅ နှစ်အရွယ် ကလေး လုံးဝကျောင်းမနေဖူးသူ ၁၀ ရာခိုင်နှုန်း၊ ၂၅ နှစ်အထက် လုံးဝကျောင်းမနေဖူးသူ ၃၁ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ စာသင်ကြားလိုသူ ဒေသခံပြည်သူများအနေဖြင့် စာပေသင်ကြားတတ်မြောက်လာပါက ဒေသအတွင်း ဝင်ငွေတိုးလုပ်ငန်းများနှင့် လုပ်သားဈေးကွက်များ ဝင်ရောက်နိုင်ရေးအတွက် သက်မွေးပညာသင်ကြားရေးလုပ်ငန်းများတွင် ပါဝင်နိုင်ခွင့် အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ကြောင်းနှင့် စာတတ်မြောက်ရေးလုပ်ငန်းအတွက် ပူးပေါင်းဖြည့်ဆည်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဆိုင်ရာများအား ရှင်းလင်းပြောကြားခဲ့သည်။

စာတတ်မြောက်ရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ်တွင် ဘားအံမြို့နယ်၊ ၂၀၁၄ ခုနှစ်တွင် ကော့ကရိတ်မြို့နယ်၊ ၂၀၁၅ ခုနှစ်တွင် မြဝတီမြို့နယ်၊ ၂၀၁၆ ခုနှစ်တွင် လှိုင်းဘွဲမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီး ယခုနှစ်၂၀၁၇ ခုနှစ် ကရင်ပြည်နယ်လုံးကျွတ်ဖြစ်ပြီး အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ ရက်ပေါင်း ၄၀ တိုင် စာမတတ်သူ စာသင်သား ၉၉၀ တို့အား ဘားအံတက္ကသိုလ်နှင့် တောင်ငူတက္ကသိုလ်တို့မှ လုပ်အားပေး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံလုပ်အားပေးများက မြန်မာစာ၊ သင်္ချာတို့ကို စာသင်ဝိုင်း ၁၁၂ ဝိုင်းဖြင့် လက်တွေ့သင်ကြားပေးသွားမည်ဖြစ် ကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်မီးရရှိရေးသည်ပထမ

**ဘားအံ အောက်တိုဘာ ၁၅**
ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ဦးဆောင်သော ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများသည် အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ဘားအံမြို့နယ် ဝတ်ကြီးကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က မိမိတို့အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်မီးရရှိရေးသည်ပထမဦးစားပေးဖြစ်ကြောင်း၊ မီးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍ အများပြည်သူတို့၏ စိုးရိမ်ပူပန်မှုကို အပြည့်အဝတာဝန်ယူပါကြောင်း၊ ကျောက်မီးသွေးသည် အဆိပ်အတောက်ရှိသည်မှန်သော်လည်း ခေတ်မီအဆင့်မြင့်နည်းပညာများဖြင့်ဖယ်ရှား၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးနည်းပညာကို ဂျပန်နိုင်ငံမှ စက်သစ်များဖြင့် တည်ဆောက်မည်ဖြစ်သည့်အတွက် အမှုန်အမွှားမီးခိုးပင် မထွက်ကြောင်း၊ အများပြည်သူကျေနပ်သည်အထိ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစက်ရုံကြီးပြီးစီးလည်ပတ်ပါက ဒေသခံပြည်သူများအနေဖြင့် မိမိဒေသမိမိပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ အိုးမကွာအိမ်မကွာ အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာသော ဒေသခံပြည်သူများက ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်စပ်လျဉ်း၍ မရှင်းလင်းသည်များ၊ သိရှိလိုသည်များ၊ စိုးရိမ်ပူပန်မှုများအားတင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြည်နယ်တာဝန်ခံက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါစက်ရုံတည်ဆောက်မည့်မြေနေရာ ၈၀၀ ဒသမ ၇၈ ဧကအနက်မှ လယ်မြေပိုင်ရှင်များနှင့် ရော်ဘာခြံပိုင်ရှင်များအား မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်ကြီးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများစုစုပေါင်းအင်အား ၁၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရနှင့် ပြည်သူတွေ့ဆုံ

**ပဲခူး အောက်တိုဘာ ၁၅**
ညောင်လေးပင်မြို့နယ် သီရိရတနာခန်းမ၌ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အစိုးရနှင့် ပြည်သူ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်ရန် ညောင်လေးပင်မြို့နယ်အတွင်းရှိ ပြည်သူလူထုနှင့်အစိုးရအဖွဲ့ တွေ့ဆုံပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ညောင်လေးပင်မြို့နယ်ရှိ ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်အသံများကြားသိလို၍ ဒုတိယအကြိမ်မြောက် လာရောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တင်ပြချက်များကို ချက်ချင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များရှိပါက ဌာနဆိုင်ရာများနှင့် တစ်ပါတည်း ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးမရရှိပါက မည်သည့်ဒေသမဆို ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် (၂၁)ရာစု ပင်လုံညီလာခံကို နိုင်ငံတော်မှ ဦးဆောင် ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရသည် ပြည်သူကိုဗဟိုပြုသည့် အစိုးရဖြစ်၍ ပြည်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်တာဝန်ရှိကြောင်း၊ မိမိတို့၏ အခက်အခဲများအား ပွင့်လင်းစွာတင်ပြပေးကြစေလိုကြောင်းပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က လုပ်ငန်းဆိုင်ရာများဖြည့်စွက် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ပြည်သူများက ချေးငွေချေးပေးခြင်းဆိုင်ရာကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ပေးရန်၊ စားကျက်မြေကိစ္စရပ်များ ကျေးရွာမှ ပြန်လည်အသုံးချခွင့်ရရှိရန်၊ မြို့တွင်း ရေနုတ်မြောင်းများနှင့် အမှိုက်သိမ်းစနစ်များ ကောင်းမွန်စေရန်တို့ကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀ ကျော် တက်ရောက်ခဲ့ကြသည်။

ဒီမိုကရေစီ အစိုးရဖြစ်သည်နှင့်အညီ ပြည်သူနှင့်အတူ တွေ့ဆုံခြင်း၊ မေးမြန်းဆွေးနွေးခြင်း၊ ပြည်သူတို့၏ ဦးစားပေးလိုအပ်ချက်များ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုများကို အစိုးရနှင့် ပြည်သူ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

### ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက် ၂၀ တွင် ဖော်ပြထားသော "စည်းကမ်းမဲ့စွန့်ပစ်ထားသော အိုးခွက်၊ ပုံး၊ တာယာများ၌ ပေါက်ပွားသည့် ပိုးလောက်လမ်းရှင်းလင်း" သတင်း၏ ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ် တွင်ပါရှိသော"ရာသီတုပ်ကွေး(H1N1)ရောဂါ" အစား "သွေးလွန်တုပ်ကွေးရောဂါ"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်း)

## လမ်းဘေးပျံကျဈေးသည်များအား ကမ်းနားလမ်းသို့ပြောင်းရွှေ့နိုင်ရေးဆောင်ရွက်

**ပန်းဘဲတန်း အောက်တိုဘာ ၁၅**
ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ လမ်းဘေးပျံကျဈေးသည်များအား ကမ်းနားလမ်းသို့ ပြောင်းရွှေ့ရန် ကိုယ်တိုင်မဲနှိုက်စနစ်ဖြင့် အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီမှစတင်ကာ ၂၀ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရောင်းကုန်အမျိုးအစားအလိုက် အုပ်စုခွဲကာ တစ်ရက်စီ မဲနှိုက်နေရာချထားပေးသွားမည်ဖြစ်သည်။



လမ်းဘေးဈေးသည်များကို အုပ်စု (အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ အက်ဖ်) ဟူ၍ အုပ်စုခြောက်စုခွဲကာ အေ၊ ဘီ၊ စီ အုပ်စုတွင် လူသုံးကုန်၊ အထွေထွေ၊ လျှပ်စစ်၊ ဖုန်းစသည့်ပစ္စည်းများရောင်းချသူများကို နေရာချထားပေးမည်ဖြစ်သည်။ အုပ်စု ဒီတွင် နှစ်ပေါင်းများစွာရောင်းချသူများကိုသာ နေရာချထားပေးမည်ဟုဆိုသည်။ အုပ်စု အီးနှင့် အက်ဖ်တွင် ဆိုင်းဘုတ်လုပ်ငန်းများနှင့် ကျောက်မျက်ရောင်းဝယ်သူများအတွက် စီစဉ်ပေးကာ အလင်းရောင်ရရှိရန် Hight Light ဓာတ်မီးတိုင် နှစ်တိုင်ရှိသဖြင့် ရောင်းသူ၊ ဝယ်သူ အဆင်ပြေစေမည်ဟု ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

လမ်းဘေးဈေးသည်များ မဲနှိုက်နေရာချထားရာတွင် ပန်းဘဲတန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၁၂ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှစတင်ကာ အုပ်စုတစ်စုချင်းစနစ်တကျကိုယ်တိုင်မဲနှိုက် ဆောင်ရွက်ကာ အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုး၊ မြို့နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးထိန်လင်းနှင့် တာဝန်ရှိသူများ၊ ဈေးများဌာန တာဝန်ရှိသူများ၊ လမ်းဘေးဈေးသည်များ ကိုယ်စားလှယ်သုံးဦးတို့နှင့် ဈေးသည်များ၏ ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ မဲနှိုက် နေရာချထားပေးခဲ့ကြကြောင်း သိရသည်။ **၁၉၇**

## ပုသိမ်မြို့တွင် မဏ္ဍိုင်(၄)ရပ်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်မဏ္ဍိုင်(၄) ရပ် တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်ကိုယ်စား လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌကိုယ်စား ဒု-ဥက္ကဋ္ဌ (၂) ဒေါက်တာမျိုးသန့်တင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းတရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းဥပဒေချုပ် ဦးသိန်းရွှေတို့က အဖွင့်အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် (ဝါရင့်သတင်းစာဆရာကြီး) ဟံသာဝတီ ဦးအုန်းကြိုင်က သတင်းမီဒီယာမဏ္ဍိုင်နှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောက တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တိုင်းဥပဒေချုပ် ဦးသိန်းရွှေက ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့်မီဒီယာများက အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားရေးမဏ္ဍိုင်များနှင့်ပတ်သက်၍ သတင်းယူရာတွင်လည်းကောင်း၊ အခြားသိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ လွှတ်တော်ဒု-ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက်၊ နိုင်ငံခြားသတင်းထောက်များအသင်း၊ မြန်မာသတင်းသိပ္ပံတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့်တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်တို့မှ တရားသူကြီးများနှင့် ဥပဒေအရာရှိများ၊ တိုင်းဒေသကြီးအခြေစိုက် သတင်းစာ၊ ဂျာနယ်နှင့် ရုပ်သံသတင်းထောက်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မောင်မောင်မြင့် (ပြန်/ဆက်)**

# စုကာဆုံလို့နွဲကာပျော် မုံရွာမြို့ကလေးစာပေပွဲတော်



"နယ်က ကလေးတွေ ပျော်စေချင်လို့ အကျွမ်းတဝင်ရှိအောင် လာရောက်ရေးဆွဲပေးတာဖြစ်ပါတယ်" ဟု မုံရွာကလေးစာပေပွဲတော်တွင် ကလေးများကိုအခမဲ့ဆေးခြယ်ပေးနေသော ကိုစိုးမြတ်ပိုင်က အောက်တိုဘာ ၁၄ ရက် ဒုတိယနေ့က ဆိုသည်။

သရပါစာကြည့်တိုက်နှင့်တီ-ကွန်မြူနတီတို့ပူးပေါင်း၍ ကလေးများဆေးရောင်ခြယ်ခြင်းကို ကျင်းပခဲ့သော ကလေးစာပေပွဲတော်တိုင်းတွင် အခမဲ့ရေးဆွဲကာ ကလေးများ၏ ပျော်ရွှင်မှုပေးနေသည်ကို တွေ့ရသည်။

ကျောင်းသားကလေးငယ်များ နဖူးတွင် သုံးရောင်ခြယ် နိုင်ငံတော်အလံပုံလေးများ လက်တွင်အမည်းရောင် ပင့်ကူကြီးပုံများကိုလည်းကောင်း ကျောင်းသူကလေးငယ်များ၏ ပါးပြင်တွင် သုံးရောင်ခြယ်နိုင်ငံတော်အလံနှင့် လက်တွင် ရောင်စုံပန်းလေးများ၏အလှကို တောက်ပရွှန်းစိုသော ရေဆေးများဖြင့် ရေးဆွဲပေးနေရင်း ကိုစိုးမြတ်ပိုင်က သိလိုသမျှကို ဖြေကြားပေးနေခြင်းဖြစ်သည်။

"မုံရွာကလေးစာပေပွဲမှာ လာဆွဲပေးတာ နှစ်ဦးပါ။ ရန်ကုန်မှာကတော့ လုပ်တဲ့ပွဲတိုင်းနီးပါးမှာဆွဲကြပါတယ်။ နယ်ကလူတွေက မျက်နှာဆေးရောင်ခြယ်ကို အကျွမ်းတဝင် မရှိကြသေးဘူး။ အဲဒါကြောင့် နယ်ပွဲတွေကို အဓိကဦးစားပေးပြီး အခမဲ့ဆွဲပေးနေတာဖြစ်ပါတယ်။ ဆီဆေးနဲ့အခြားဆေးတွေက ဖျက်ရခက်တဲ့အတွက် ရေဆေးကိုပဲသုံးပြီး ဆွဲပေးနေတာဖြစ်ပါတယ်" ဟု ကိုစိုးမြတ်ပိုင်က ပြောသည်။

မုံရွာကလေးစာပေပွဲတော် ဒုတိယနေ့ အောက်တိုဘာ ၁၄ ရက်တွင် ပထမနေ့ကထက် ပိုမိုစည်ကားသည်ကိုတွေ့ရပြီး မုံရွာတက္ကသိုလ် ဘက်စုံခန်းမကြီး၏အထက်အောက် ၆၄ ဆိုင်ခင်းကျင်းရောင်းချနေသော စာအုပ်ဆိုင်များ ရောင်းအားပိုကောင်းလာနေကြောင်း ရန်ကုန်မိုးကျော်စာပေမှ ကိုမိုးကျော်က ဆိုသည်။

"ကလေးစာပေပွဲတော်ဆိုတော့ ကလေးတွေက အဘိဓာန်လေးတွေဝယ်ကြတယ်။ ပုံပြင်၊ ကာတွန်းတွေ တော်တော်ရောင်းရပါတယ်။ ဒီလိုပွဲဆိုရင် ဈေးကိုလျှော့ရောင်းပေးနေတာ ဆိုင်တိုင်းပါ။ တခြားမြို့ ကလေးစာပေပွဲတော်ထက် မုံရွာပွဲက ပိုစည်တယ်ဗျ။ မုံရွာစာဖတ်ပရိသတ်က လူကြီးရော ကလေးပါ တခြားဒေသတွေကထက် ပိုတယ်လို့ မြင်ပါတယ်။ မနေ့ကရော ဒီနေ့ရောစာအုပ်တွေ တော်တော်ရောင်းရပါတယ်။ အပေါ်ထပ်က စာအုပ်ဆိုင်တွေထက် အောက်ထပ်ကဆိုင်တွေက ပိုရောင်းရပါတယ်။ ဒီနေ့ ၁၄ ရက်မှာ ပိုရောင်းရပါတယ်" ဟု ကိုမိုးကျော်က စာအုပ်အရောင်းဈေးကွက်ကို ခြုံငုံသုံးသပ်ပြသည်။

ယခင်ကလေးငယ်များ၏ အသိဉာဏ်နှင့် လက်ရှိကလေးငယ်များ၏ အသိဉာဏ်သည် ကလေးစာပေပွဲတော်များ ကျင်းပပေးခြင်း၏ အကျိုးကျေးဇူးကြောင့် အလွန်ကွာဟသွားသည်ကို ကိုယ်တွေ့ဖြစ်ရပ်များကိုရေး၍ လက်တွေ့ စာအုပ်ထုတ်ကာ ကိုယ်တိုင်စာပေပွဲတော်တွင် ရောင်းချပေးနေသော အင်းစိန်အောင်စိုးက စာအုပ်ဈေးတန်းတွင်တွေ့ဆုံစဉ် ပြောကြားသည်။

"အသက် (၅၀) ကျော်ပါပြီ။ ကျွန်တော်တို့ ငယ်ငယ်က ဒီလိုအခွင့်အရေးမျိုးမရခဲ့ဘူး။ အနာဂတ်ကလေးတွေကတော့ သူတို့ရဲ့ ကုသိုလ်ကံအကြောင်းတရားပေါ့ဗျာ။ ခေတ်စနစ်က သူတို့အတွက် အများကြီးအသိဉာဏ်တွေ ပွင့်လင်းတာပေါ့။ ဒီလိုစာအုပ်တွေဖတ်ဖို့ တစ်နေရာတည်းမှာ ပျော်လည်းပျော်ရ စာလည်းဖတ်ရဖို့က အတော်မလွယ်တဲ့အခွင့်အရေးပါ။ ဒီမှာလာရောင်းတဲ့ စာအုပ်တိုင်းက ကလေးတွေအတွက် အသိဉာဏ်ပညာတွေ ရရှိစေမယ့် စာအုပ်တွေအများကြီးပါတယ်။ ပျော်ရွှင်စေမယ့်အကြောင်းအရာတွေ အများကြီးပါပါတယ်။ ကျွန်တော်တို့ငယ်စဉ်က အသိဉာဏ်နဲ့ လက်ရှိကလေးတွေရဲ့ အသိဉာဏ်က အလွန်ကွာနေတယ်။ အင်္ဂလိပ်စာ စကားပြော၊ ဗဟုသုတပိုင်း အတွေးအခေါ်ပိုင်းတွေတအားကွာသွားတယ်လို့မြင်ပါတယ်။ ကျွန်တော်တို့ ထက်မြင့်တယ်လို့ခံယူပါတယ်။ အဲဒါဘာကြောင့်လဲဆိုတော့ ပတ်ဝန်းကျင်မှာရှိတဲ့ စာအုပ်စာပေတွေကြောင့်လို့ ပြောရင်ရပါတယ်" ဟု အင်းစိန်အောင်စိုးက ငယ်စဉ်ကလေးဘဝကြုံခဲ့ရသည်များနှင့် ယှဉ်ထိုးပြောပြသည်။

ကလေးစာပေပွဲတော်၏ အဓိကကျပြီး စိတ်ဝင်စားမှုအများဆုံးလည်းဖြစ် တစ်နေကုန်သုံးရက်တာလုံး အလုပ်နှင့်လက်မပြတ် ရေးဆွဲပေးရသည့် ပုံတူကယ်ရေကေးချား ရေးဆွဲပေးနေသော ကာတွန်းဆရာ လေးဦးသည်လည်း ကလေးများ၊ မိဘများနည်းတူ ပူအိုက်လွန်းလှ၍ ချွေးတစ်လုံးလုံးနှင့် ပုံတူများကိုရေးဆွဲပေးနေကြသည်ကိုတွေ့ရသည်။ ဆရာစမ်းချောင်းကိုကိုအောင်၊ ဆရာဝင်းဖေ (အဖျောက်)၊ ဆရာဟန်နှင့် ဆရာကာတွန်းဖောင်းဖောင်းတို့သည် ရေးဆွဲလိုသူများ၏မျက်နှာပိုင်းပုံများကို သူတို့၏ လက်ကိုင်ဖုန်းများဖြင့် ရိုက်ထားကာ ရေးဆွဲပေးနေကြခြင်းဖြစ်သည်။ ယခင်လိုရှေ့မှာထိုင်ပြီး တစ်ခါတည်းရေးဆွဲပေးခြင်းမဟုတ်တော့။ ပုံတူရေးဆွဲလိုသူများ အခြားနေရာမှာ သွားရောက်လေ့လာချိန် ရရှိစေရန်အတွက်ဖြစ်သည်။

"အခုအသက်က ၄၀ နီးပြီ။ ငယ်ငယ်က ကလေးစာပေနဲ့ပတ်သက်လို့ စာအုပ်တွေပေါ်တယ်။ စာကြည့်တိုက်မှာလည်း ဖတ်လို့ရသလို အပြင်စာအုပ်ဆိုင်တွေမှာလည်း ဖတ်လို့ရတယ်။ ကလေးစာပေရေးတဲ့သူလည်း များခဲ့တယ်။ အရင်က ပုံပြင်ဖတ်မလား။ ကာတွန်းဖတ်မလားလွယ်တယ်လေ။ အခုကလေးတွေက အဲဒါတွေဖတ်ဖို့ ရှားသွားပြီ။ ထင်ရှားတာပြရမယ်ဆိုရင် နယ်တိုင်းမှာ စာအုပ်အငှားဆိုင်တွေ ပျောက်သလောက်ရှိနေပြီ။ ရှိတဲ့စာအုပ်ကျတော့ ရောင်းတန်းဝင်တွေပဲ တင်တယ်။ ကလေးစာပေကို သိပ်တင်တာမတွေ့ရဘူး။ ဒီလိုမျိုး နိုင်ငံတစ်ဝန်းက မြို့ကြီးတွေမှာ လှည့်ပြီး ကလေးစာပေပွဲတော်လုပ်ကာ ကလေးစာပေတွေ ကလေးတွေ စိတ်ဝင်စားမယ့်အရာတွေ၊ အလုပ်တွေ၊ ကျန်းမာရေးအထောက်အကူပြုတာတွေကို တစ်နှယ်ငင်တစ်စင်ပါဆိုသလို အားလုံးပေါင်းပြီး ဒီပွဲတော်ကြီးမှာ လုပ်ပေးတဲ့အတွက် ကလေးတွေမှာ အကျိုးများပါတယ်" ဟု ကာတွန်းဖောင်းဖောင်းက ပုံတူရုပ်ပြောင်ရေးဆွဲရင်း စာပေပွဲတော်အပေါ်အမြင်ကို ပြောပြသည်။

မိနစ် ၃၀ အတွင်း ကျောင်းသား ကျောင်းသူ ၂၄ ဦးကို တစ်သုတ်အဖြစ် တစ်ရက် ရှစ်သုတ် ဆေးရောင်စုံခြယ်ယှဉ်ပြိုင်ပွဲကို ဦးစီးကျင်းပပေးနေသော မုံရွာပညာရေးကောလိပ် ပန်းချီဌာန ကထိကဆရာ ဦးဇော်မင်းထွန်းက စာဖတ်တဲ့ဝါသနာ၊ အလေ့အထနှင့် စိတ်တည်ငြိမ်သည့် ပန်းချီအနုပညာအပေါ် စိတ်ဝင်တစားရှိသည့် ကလေးငယ်များ ထင်ထားသည်ထက် ပိုမိုနေသည်ကိုတွေ့ရသောကြောင့် အတိုင်းမသိ ဝမ်းသာရကြောင်း ကလေးစာပေပွဲတော် ဒုတိယနေ့က တွေ့ဆုံစဉ် ပြောကြားသည်။

"မူလတန်းကနေ အလယ်တန်းအထိ ဆေးရောင်ခြယ်ပြိုင်ပွဲကို ဝင်ပြိုင်ကြပါတယ်။ မိနစ် ၃၀ တစ်သုတ်မှာ ကြိုက်တဲ့ မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူဝင်ပြိုင်နိုင်အောင် စီစဉ်ပေးထားပါတယ်။ တစ်သုတ်ကို ၂၄ ဦးနဲ့ တစ်ရက်ကို ရှစ်သုတ်ပြိုင်ပါတယ်။ တစ်သုတ်နဲ့တစ်သုတ်ကြား ပြင်ဆင်ရတာ ၁၅ မိနစ် မိနစ် ၂၀ လောက်ကြာပါတယ်။ အခုလိုပွဲမျိုး လုပ်ပေးတာ ကလေးတွေအတွက် စာပေဗဟုသုတတွေရပြီးတော့ အကြားအမြင်တွေ ဖွံ့ဖြိုးတိုးတက်လာစေတယ်လို့ မြင်ပါတယ်" ဟု ပြောပြသည်။

ကလေးများအနေဖြင့် ယဉ်ကျေးမှု ဂါရဝတရားများကို စာဖတ်ခြင်းကတစ်ဆင့်ရလာနိုင်သောကြောင့် ကလေးစာပေပွဲတော်က ထိုအရာကို တွန်းအားပေးလိမ့်မည်ဟု ယုံကြည်ကြောင်း စစ်ကိုင်းမြို့မှစာပေဟောပြောရင်း စာပေအကြောင်းအရာများ လာရောက်ဆွေးနွေးသည့် ဆရာဇော်နောင်ဟိန်း - Guitar က ဆိုသည်။

"ကလေးစာပေပွဲတော် လုပ်ပေးတဲ့အတွက် ကလေးတွေ စာဖတ်တဲ့အလေ့အထတွေရရှိမယ့်အပြင် စာပေချစ်စိတ်ရှိလာတာနဲ့အတူ ယဉ်ကျေးမှုကို နားလည်လာမယ်။ ဂါရဝတရားကို စာဖတ်တာတွေကနေ ရလာစေပါမယ်။ အခုအချိန် လက်တွေ့မြင်ရတာကတော့ မိဘတွေအနေနဲ့ ကလေးတွေအပေါ် အချိန်မပေးနိုင်တာကို တွေ့လာရပါတယ်။ အခုလိုပွဲမျိုးတွေရှိလာလေလေ၊ လုပ်လာလေလေ ကလေးတွေ အမြင်တွေပြောင်းလာပြီး မြဲနေတဲ့ ကိုယ်ချင်းစာစိတ်ဓာတ်လေးတွေ ကိန်းအောင်းလာပြီး နေရာချင်းလဲကြည့်တဲ့စိတ်တွေကို စာဖတ်တာတွေကနေရလာပါလိမ့်မယ်" ဟု ဆရာဇော်နောင်ဟိန်းက ဒုတိယနေ့ စာပေဆွေးနွေးပွဲမစမီ ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပွဲ ကျောက်တန်းမြို့နယ်တွင်ကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာ မြိုင်သာယာ (၃) ဂိတ်သစ်ကားမှတ်တိုင်သို့ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက မှုခင်းပညာပေးဟောပြောယာဉ်ရောက်ရှိလာပြီး ပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြသည်။

ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလတ်နှင့် ကျောက်တန်းမြို့မ စခန်းမှူး ဒု-ရဲမှူးကျော်ဆွေတို့က မှုခင်းကျဆင်းရေးဟောပြော၍ လူကုန်ကူးတားတပ်ဖွဲ့စု (၆) မှ ဒု-ရဲအုပ်ကျော်လင်းထိုက်က လူကုန်ကူးမှုသိကောင်းစရာများ ဟောပြောပြီး မူးယစ်တပ်ဖွဲ့စု (၄၁) မှ အရာခံစိုးအောင်က မူးယစ်ဆေးဝါးအကြောင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့စု (၅၄) မှ ကျော်စွာမြင့်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။

**အောင်ဆွေ (ရွှေတံတား)**



## ပျားမွေးမြူရေးအခြေခံသင်တန်း လှိုင်ကော်မြို့၌ဖွင့်လှစ်



**လှိုင်ကော် အောက်တိုဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကယားပြည်နယ် ပျားလုပ်ငန်းဌာနနှင့် TAG International Development တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၇-၂၀၁၈ ခုနှစ် ပျားမွေးမြူရေးအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီက လှိုင်ကော်မြို့ ပျားလုပ်ငန်းဌာနရုံး၌ပြုလုပ်ရာ ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ပျားမွေးမြူရေးလုပ်ငန်းသည် ပျားတို့၏ ဝတ်မှုန်ကူးခြင်းဖြင့် စိုက်ပျိုးသီးနှံများကို ပိုမိုဖြစ်ထွန်းအောင်မြင်စေနိုင်သည့်အတွက် စိုက်ပျိုးရေးကို ကြီးမားစွာ အထောက်အကူသောပြုလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် စိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စိုက်ပျိုးသီးနှံအထွက်တိုးသည့် ဝင်ငွေအပြင် ပျားရည်နှင့် ပျားထွက်ပစ္စည်းများက ရသည့်အပိုဝင်ငွေကိုပါရရှိနိုင်ကြောင်း၊ ထို့ကြောင့် ပျားမွေးမြူရေးသင်တန်းများကို ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် စိုက်ပျိုးသီးနှံများ ဝတ်မှုန်ကူး ဝန်ဆောင်မှုဆောင်ရွက်နိုင်ရေးရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းသည် နည်းပညာပေးရုံသက်သက်မဟုတ်ဘဲ ပျားမွေးမြူရေးလုပ်ငန်းကို သင်တန်းသားများ လိုက်ပါဆောင်ရွက်နိုင်ရန် စာတွေ့လက်တွေ့ သင်ကြားပို့ချခြင်း၊ ပျားအုပ်များနှင့် လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးခြင်း၊ အရည်အသွေးမီထုတ်ကုန်များ ဈေးကွက်တွင် ဈေးကောင်းရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဦးဘော့စ်ကိုက ပြောသည်။

